စိတ်ကူးချိုချိုအနုပညာ

mgyoe.com

မြန်မာနိုင်ငံစာပေဖြန့်ဖြူးရေးအသင်း

# မင်းလက်ဝဲနော်ရထာ



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

နန်းညွန့်ဆွေ၊
မောင်ကျောက်တိုင်၊
သုတေသီတစ်ဦး၊
မင်းမဟော်
မောင်ကြည်ရှင်၊
မောင်ကောက်သင်း.....
**စသူတို့၏**

မင်းလက်ဝဲနော်ရထာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဉ်ထုတ်ဝေခဲ့သော

မင်းလက်ဝဲနော်ရထာ

ယခုစာအုပ်အပါအဝင် မြန်မာ့ဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏
စာပေဂုဏ် ပညာသမာဂုဏ်ကို ဖုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို
စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက်
ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

kls0096
2,700.00 KS

mgyoe.com

မင်းလက်ဝဲနော်ရထာ
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၂၁၂+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၄ မြန် စာ ပြန့် စာစဉ်၊ ပထမအကြိမ်၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မင်းလက်ဝဲနော်ရထာ
## (၁၀၇၅ -၁၃၃၅)

မင်းလက်ဝဲနော်ရထာ နှစ် ၂၅၀ မြောက်
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့်စာအုပ်

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

‘အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း’

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| - | လက်ဝဲနော်ရထာ | နန်းညွန့်ဆွေ | (က) |
| - | နိဒါန်း | မောင်ကြည်ရှင် | (ဂ) |
| ၁။ | လက်ဝဲနော်ရထာ၏ ဂုဏ်မြောက်စာပေများ | နန်းညွန့်ဆွေ | ၁ |
| ၂။ | သုခမိန်ဦးနေ၏ စာပေ၊ ဂီတ၊ သုတေသန | မောင်ကျောက်တိုင် | ၁၉ |
| ၃။ | လက်ဝဲနော်ရထာ၏ ဘဝနှင့်စာပေ | သုတေသီတစ်ဦး | ၁၀၅ |
| ၄။ | လက်ဝဲနော်ရထာ၏ ဂီတသီချင်းများ | မင်းမဟော် | ၁၈၁ |
| ၅။ | ရတုကဗျာနှင့် လက်ဝဲနော်ရထာ | မောင်ကောက်သင်း | ၁၉၄ |
| ၆။ | မင်းလက်ဝဲနော်ရထာဆို ပိုဒ်စုံရတုများ | | ၁၉၆ |


■

mgyoe.com

mgyoe.com

# လက်ဝဲနော်ရထာ

မင်းနှင့်ပြည်သူ၊ ဤနှစ်လူတို့
ကြည်ဖြူမှုတ၊ ညီညွတ်ကြလျှင်
လောကလူ့ဘောင် သာသတည်း။

မင်းနှင့်ပြည်သူ၊ ဤနှစ်လူတို့
ကြည်ဖြူမှုတ၊ မညီကြလျှင်
လောကလူ့ဘောင် ချာသတည်း။

မင်းကလည်းတင်း၊ ပြည်သူတင်းသော်
ချင်းချင်းရန်နှောင့်၊ လက်နက်မှောင့်၍
ကြောင့်ကြကြီးစွာဖြစ်မည်တည်း။

မင်းကလည်းလျှော့၊ ပြည်သူလျှော့သော်
ပြောင်းပျော့ညွတ်ယိုင်၊ ပြည့်မဏ္ဍိုင်သည်
မခိုင်မမာလဲမည်တည်း။

မင်းနှင့်ပြည်သူ၊ ဤနှစ်လူကြား
သင့်မြတ်သွားအောင်
ဉာဏ်ထားထက်စွာ၊ အရာရာကို
ပညာပိုင်းဖြတ်၊ စီရင်တတ်သည်
အမတ်ကျော်ရှိန် သုခမိန်တည့်။

mgyoe.com

mgyoe.com

သုခမိန်သည်
ချင့်ချိန်နှိုင်းဆ၊ လူ့လောက၏
အလှကိုလည်း ဆင်တတ်သည်။
သာယာသံချို၊ ချစ်ဖွယ်ပိုအောင်
စာဆိုမှုလည်း တတ်မြောက်သည်။

လောဘဒေါသ၊ မောဟမာန်ပြင်း၊ လူတစ်သင်းအား
ရိုင်းချင်းကိုခွာ၊ ယဉ်ကျေးလာအောင်
မေတ္တာကိုလည်း ဖွဲ့တတ်သည်။

သို့သော်ငြားလည်း
စိတ်ထားဖြူစင်၊ စာဆိုရှင်၌
စွမ်းအင်ထက်မြက်၊ လက်နက်ဆိုရာ
မရှိပါတည့်။

လက်မှာကိုင်ထား၊ ကညစ်သွားတည့်
ရှေ့မှာချထား၊ ပေရွက်များတည့်
ရင်မှာသိထား၊ သစ္စာတရားတည့်
မှောင်အားပယ်ခွင်း၊ အလင်းကိုဆောင်
ပညာရောင်ဖြင့်၊ ပြည်ထောင်မြတ်ဖျား
လောင်းဘုရား၏၊ ထံပါးနေမြဲ
အောင်တပ်ထဲမှ၊ လက်ဝဲနော်ရထာ
မည်သာအံ့ချီး၊ အမတ်ကြီး၏
ရှေ့နည်းသာဓက၊ ထုံးစံပြဖို့
မြန်မာ့ရှုခင်း။ စာ-ပြန့်-သင်းမှ
မြစ်ရင်းရှာဖွေ၊ ထုတ်ကာဝေသည်
စာပေအုတ်မြစ်တစ်ချပ်တည်း။ ။

နန်းညွှန့်ဆွေ

mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် စာဆိုတော်အထိမ်းအမှတ် ပွဲကြီးများကို နှစ်စဉ်နှစ်တိုင်းပင် ကျင်းပပြုလုပ်ခဲ့သည်။ အထိမ်းအမှတ် အခမ်းအနား ကျင်းပရုံသာမဟုတ်၊ စာဆိုတော်အထိမ်းအမှတ် ဂုဏ်ပြု စာအုပ်လည်း ထုတ်ဝေခဲ့သည်။ ဤသို့ သော စာဆိုတော်ပူဇော်ပွဲကို စာပေလောကတစ်ခုလုံးတွင် မည်သည့်စာပေအသင်းအဖွဲ့ကမျှ မလုပ် နိုင်ခဲ့ချေ။ ဤ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းတစ်ခုတည်းက သာလျှင် နှစ်စဉ်မပြတ် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

ဤတွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၏ အထိမ်း အမှတ်များကို စာရင်းတိုးချဲ့ ဖော်ပြသင့်လေသည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကို ၁၃၂၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါ ၁၅ နှစ်တိုင် ပေါက်ရောက်ခဲ့ပြီဖြစ်သည်။

၁၃၂၂ ခုနှစ်၊ တော်သလင်းလတွင် အနုပညာလောက အမှတ်(၁)ကို ထုတ်ဝေသည်။ ၁၃၂၃ ခုနှစ်၊ တော်သလင်းလတွင် အနုပညာလောက အမှတ်(၂)ကို ထုတ်ဝေသည်။

၁၃၂၄ ခုနှစ်၊ တော်သလင်းလတွင် ဝတ္ထုတိုဦးနှီကို ထုတ်ဝေ သည်။ ၁၃၂၆ ခုနှစ်၊ နတ်တော်လတွင် လယ်တီပဏ္ဍိတစာအုပ်ကို ထုတ်ဝေသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်သည့် ၂၅ နှစ်မြောက် အထိမ်းအမှတ် ဖြစ်သည်။

၁၃၃၀ ပြည့်နှစ်၊ နတ်တော်လတွင် အနုပညာလောက အမှတ်(၃)ကို ထုတ်ဝေသည်။

mgyoe.com

mgyoe.com

၁၃၂၄ ခုနှစ်တွင် စာဆိုတော် ဦးပုည နှစ် ၁၅၀ မြောက် အထိမ်းအမှတ်ကို ကျင်းပ၍ စာအုပ်ထုတ်ဝေရန်စီမံနေဆဲ မြန်မာနိုင်ငံ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်က ပူးပေါင်းကျင်းပရန် ဆွေးနွေးကြ သဖြင့် မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက သီးခြား မပြုလုပ် တော့ဘဲ ပူးပေါင်းကျင်းပသည်။ စာအုပ်ထုတ်ဝေကြသည်။

၁၃၂၈ ခုနှစ်၊ သီတင်းကျွတ်လတွင် မြဝတီမင်းကြီးဦးစ မွေးနေ့ နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပ သည်။ 'မြဝတီမင်းကြီး'စာအုပ်ကို ထုတ်ဝေသည်။ အိနောင်ဇာတ်ကွက် မန္ဒက်ကဏ္ဍဂလဲ သန်လျက်စိုက်ခန်းကို ပြဇာတ်ကပြသည်။

၁၃၃၀ ပြည့်နှစ် စာဆိုလတွင် စာဆိုအကျော် ရှင်မဟာရဋ္ဌ သာရ မွေးနေ့နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်ဟောပြောပွဲ၊ ကဗျာရွတ်ပွဲ ကျင်းပသည်။ 'ရှင်မဟာရဋ္ဌသာရ' စာအုပ်ထုတ်ဝေသည်။ ထိုနှစ်မှာ ပင် စာဆိုတော်နေ့ ၂၅ နှစ်မြောက် ငွေရတုသဘင် အခမ်းအနားကို ကျင်းပသည်။ စာပေသမိုင်းတစ်လျှောက် ကျော်ကြားသော ကဗျာ၊ လင်္ကာ၊ စကားပြေ များစွာတို့ကို ရွတ်ဖတ်ခြင်း၊ အင်း၀၊ ကုန်းဘောင် ခေတ် စာပေပြန့်ပွားမှု၊ တိုးတက်မှုအကြောင်းတို့ကို ဟောပြောသည်။ အထိမ်းအမှတ်ကတ်များ ထုတ်ဝေဖြန့်ချိသည်။

၁၃၃၂ ခုနှစ် နတ်တော်လတွင်မူကား ပုဂ္ဂိုလ်ကို မဟုတ်မူ၍ ကျမ်းသက်အရ ကျော်အောင်စံထား ဆရာတော်ဘုရားကြီးမူ၏ 'ဝေါဟာရတ္ထပကာသနီ' ကျမ်းသက် နှစ် ၂၀၀ ပြည့် အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပသည်။ 'ကျော်အောင်စံထား'စာအုပ် ထုတ်ဝေ သည်။

၁၃၃၃ ခုနှစ် နတ်တော်လတွင် စာဆိုတော် စိန္တကျော်သူ ကွယ်လွန်သည့် နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်ဟောပြောပွဲ၊ ကဗျာ ရွတ်ပွဲ ကျင်းပသည်။ စိန္တကျော်သူစာအုပ် ထုတ်ဝေသည်။ ထိုနှစ်မှာပင် ကင်းဝန်မင်းကြီး၏ နှစ် ၁၅၀ ပြည့်အထိမ်းအမှတ် ဟောပြောပွဲ၊ ကဗျာ ရွတ်ပွဲ ကျင်းပသည်။

၁၃၃၅ ခုနှစ်တွင် မွန်အမတ်ကြီး ဗညားဒလ နှစ် ၄၀၀ ပြည့် အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနား ကျင်းပသည်။ မွန်–မြန်မာ

mgyoe.com

mgyoe.com

နှစ်ဘာသာ ရာဇဓိရာဇ်အရေးတော် ပုံကျမ်းထွက် တဘောင်သီချင်းများကို သိဆိုဖော်ထုတ်သည်။ 'ဗညားဒလ'စာအုပ် ထုတ်ဝေသည်။

၁၃၃၅ ခုနှစ်တွင်ကား မင်းလက်ဝဲနော်ရထာ နှစ် ၂၅၀ မြောက် မွေးနေ့သည် လည်းကောင်း၊ အနန္တသူရိယအမတ်ကြီး နှစ် ၈၀၀ မြောက် ကွယ်လွန်သည့်နေ့သည်လည်းကောင်း ကြုံကြိုက်တိုက်ဆိုင်လှလေသည်။ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် 'မင်းလက်ဝဲနော်ရထာ'ကို အခမ်းအနားလည်း ကျင်းပမည်၊ စာအုပ်လည်း ထုတ်ဝေမည်ဟု ဆုံးဖြတ်သည်။ စာအုပ်ထုတ်ဝေရာတွင်လည်း ယခင် ထုတ်ဝေခဲ့ပြီးသော အထိမ်းအမှတ်စာအုပ်များကဲ့သို့ စာရေးဆရာများ စုပေါင်းရေးသား ထုတ်ဝေသည့် ထုံးကို စွန့်လွှတ်၍ နှစ်ဦးသုံးဦးမျှဖြင့် စာအုပ် ပြီးမြောက်စေရန် ရေးသားထုတ်ဝေမည်ဟု အမှုဆောင် အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။ စာအုပ်ရေးရန်အတွက် မောင်ကျောက်တိုင်၊ ရှေးဟောင်း စာပေသုတေသီတစ်ဦး၊ နန်းညွန့်ဆွေနှင့် မောင်ကြည်ရှင်တို့အား အပြီးအပြတ် လွှဲအပ် တာဝန်ပေးအပ်လိုက်ပေသည်။ လိုအပ်သော ပေပုရပိုက်စာအုပ်စာတမ်းများကို အသင်း၏ ဒုတိယဥက္ကဋ္ဌစာရေးဆရာ နန်းညွန့်ဆွေက ကြိုးစားပမ်းစား ရှာဖွေစုဆောင်းပေးသဖြင့် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းက အထူးပင် ကျေးဇူးတင်ရှိရပေသည်။

မင်းလက်ဝဲနော်ရထာကား အလောင်းမင်းတရားကြီး၏ ခြောက်ကျိပ်ကိုးယောက်မြောက်သော သူရဲကောင်းပေတည်း။ အမည် 'ငနေ'ဆိုသည်နှင့်ပင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် နိမိတ်ကောင်းယူကာ အပါးတော်တွင် ထား၍ အသုံးပြုခဲ့သည်။ ယင်းသည့် ဦးနေမှာ လက်ဝဲသုန္ဒရဘွဲ့ကို ဦးစွာရသည်။ နောက်မှ လက်ဝဲနော်ရထာဘွဲ့ကို ရသည်။

ဦးနေ လက်ဝဲနော်ရထာဘွဲ့ကို ရချိန်တွင်မှ ဦးမြတ်စံသည် လက်ဝဲသုန္ဒရဘွဲ့ကို ရသည်။ မန်ကျည်းတုံ လက်ဝဲသုန္ဒရပေတည်း။ မုံရွေးလက်ဝဲသုန္ဒရ ဦးနေ၏ စာပေများနှင့် မန်ကျည်းတုံ လက်ဝဲသုန္ဒရ ဦးမြတ်စံ၏စာပေများသည် အရောရော အနှောနှောဖြစ်ခဲ့သည်။ မဲဇာတောင်ခြေ၏ ကျော်ကြားမှုသည် လက်ဝဲနော်ရထာ၏ တန်ခိုးဂုဏ်

mgyoe.com

mgyoe.com

သတ္တဲကို ဖုံးလွှမ်းသကဲ့သို့ ရှိပေသည်။ လက်ဝဲနော်ရထာသည်ပင် မန်ကျည်းတုံရွာသား ဦးမြတ်စံ ဖြစ်သကဲ့သို့လည်းကောင်း၊ ဦးမြတ်စံ သည်ပင် မုံရွေးဇာတိ ဦးမြတ်နေ (ဦးမြတ်သာနေ) ဖြစ်သကဲ့သို့လည်း ကောင်း အမျိုးမျိုး ပြောဆိုယူဆရေးသားလာကြသည်မှာ နှစ်နှင့် ခေတ် နှင့်ချီ၍ ကြာခဲ့ပြီ။

ယခု မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် မင်းလက်ဝဲ နော်ရထာ နှစ် ၂၅၀ မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်၍ စာအုပ်ရေးသား ထုတ်ဝေလိုက်ပေပြီ။ နှစ်ကိုယ့်တစ် စိတ်ကဲ့သို့ဖြစ်နေသော ရင်ချင်းဆက် စာဆိုညီနောင်နှစ်ဦးကို မြန်မာ နိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် ခွဲစိတ်ကုသလိုက်လေပြီ။ တစ်ဦး ချင်း တစ်ကိုယ်စီ ခြားနားလင်းရှင်းသွားပေပြီ။

အနန္တသူရိယ အမတ်ကြီးအတွက်မှာကား၊ နှစ် ၈၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနား ဟောပြောပွဲနှင့် ကဗျာရွတ်ပွဲကို အသင်း က ကျင်းပသည်။

အနန္တသူရိယ နှစ် ၈၀၀ ပြည့် အထိမ်းအမှတ်ဟောပြောပွဲနှင့် ကဗျာရွတ်ပွဲ ကျင်းပရန်အတွက် ဆရာဦးမာဃသည် မြန်မာနိုင်ငံ စာပေ ပြန့်ပွားရေးအသင်းသို့ အလှူငွေ ကျပ် နှစ်ရာငါးဆယ်တိတိ ထည့်ဝင် လှူဒါန်းသည်ကို ကျေးဇူးတင်ရှိကြောင်း အလျဉ်းသင့်၍ ဖော်ပြအပ် ပေသည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် 'မင်းလက်ဝဲ သုန္ဒရ' နှစ် ၂၅၀ မြောက် အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း၊ စာအုပ်ထုတ်ဝေခြင်းဖြင့် စာပေ၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပေးဆပ် မည် ဖြစ်ပါကြောင်း ကြိုတင်၍ အစီရင်ခံ တင်ပြအပ်ပါသတည်း။

မောင်ကြည်ရှင်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း
၁၃၃၅ ခုနှစ်၊ တပေါင်းလပြည့်နေ့။

mgyoe.com

mgyoe.com

# မင်းလက်ဝဲနော်ရထာ၏ ဂုဏ်မြောက်စာပေများ

နန်းညွန့်ဆွေ

> သာစွလေ ...၊ မင်းနေအောင်ချာ၊ တုသီတာသို့၊ သုနာပရန်၊ ကျော်ဝှန်တံဆိပ်၊ တမ္ဗဒိပ်နှင့်၊ ရန်နိုပ်ဌာန၊ ကမ္ဘောဇဟု၊ မည်ရခြားပိုင်း၊ တိုင်းသုံးတိုင်းလျှင်၊ ပတ်သိုင်းခြံရံ၊ တောင်မင်းဝံထက်၊ မည်စံသာယာ၊ ရတနာပူရ၊ ရွှေအင်းဝဟု၊ ပေါက်ပြလွှမ့်ကျော်၊ ရွှေပြည်တော်ကား၊ ရေသော်ကျယ်မျှ၊ ဆယ့်နှစ်လဍ္ဍ၊ ဆုံးဆမပြင်၊ သဘင်နှင့်သာ၊ ဆက်ကာကာတည့်လေ...၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး။

ဟု ဆည်သည်ရွာစား ဦးအောင်ကြီးက လူးတားကဗျာဖြင့် ဖွဲ့ဆို ထားခဲ့သည်။ တုတ်ခွန်သ၊ အင်းဝတည် ဆိုသော စကားအတိုင်း သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျားတည်ထားခဲ့သော အင်းဝပြည်ကြီးသည် လွန်စွာ စည်ပင်ဝပြောခဲ့သည်။ ဒုတိယအကြိမ် သာလွန်မင်းတရားကြီး တည်ထောင်တော်မူခဲ့သော အင်းဝပြည်ကြီးသည်လည်း လွန်စွာမှ စည်ပင်ဝပြောခဲ့ပေသည်။ စာပေ ဂီတ ဇာတ်သဘင် ပညာသည်များ ပြန့်ပွားခဲ့သည်။ ဝန်ကြီးပဒေသရာဇာ၊ ဗျာသီးဆယ်ရွာစား ဦးလွမ်းပြေ စသည့် ပညာရှိကြီးများ ပေါ်ထွက်ခဲ့သည်။ အင်းဝနောက်ဆုံးဆက်ဖြစ်သော မဟာဓမ္မရာဇာဓိပတိ (ဟံသာဝတီရောက်မင်း) မင်းတရားအကြောင်းကို လက်ဝဲနော်ရထာဘွဲ့ခံ ဦးမြတ်သာနေ(ဦးနေ)က ဤသို့ မှတ်ချက်ရေးသားခဲ့သည်။

mgyoe.com

မဟာဓမ္မရာဇာဓိပတိ မင်းတရားကြီးကား စက်လက္ခဏာ၊ အင်္ဂါ အရောင်အဆင်း၊ အလွန်လှပတင့်တယ်၏။ ဉာဏ်ပညာလည်း အလွန်လျှင်လျှား၏။ ရာဇဝင်ပုံပြင်ထုံးဟောင်း၊ စကားဟောင်း၊ ဗဟုသုတအကြားအမြင် အလုံးစုံကိုလည်း အလိုဆန္ဒပြင်းစွာရှိ၏။ ပညာရှိကိုလည်း အလွန်သနား လေးမြတ်တော်မူလေ့ရှိ၏။ ပေးကမ်းစွန့်ကြဲခြင်းလည်း များ၏။ သင်္ဂဟ တရား လေးပါးနှင့်လည်း ပြည့်စုံတော်မူ၏။

ယင်းသို့ ဥပမိသမ္ပတ္တိနှင့် ပြည့်စုံသော မင်းတရားကြီး၏ထံပါးတွင် လက်ဝဲနော်ရထာသည် ဘွဲ့နှစ်ဘွဲ့ရသည်ထိ ခစားထမ်းရွက်ခဲ့သည်။ သားတော် စစ်ကိုင်းမင်းသား၏ အကြီးတော်အဖြစ် တာဝန်ယူခဲ့သည်။ သို့သော် ထိုသို့သော မင်း၏လက်ထက်တွင် ကာလဝိပ္ပတ္တိအခါကြီးသည် ဆိုက်ရောက်လာခဲ့လေသည်။ အလွန် စည်ပင်သာယာ၍ ကြေးစည်သံ ခေါင်းလောင်းသံ ဆူညံနေခဲ့သည့် အင်းဝပြည်ကြီးတွင် ကယ်ပါယူပါတစာစာနှင့် အော်ဟစ်ညည်းညူကြသည့်အသံ၊ ငိုကြွေးမြည်တမ်းကြသည့် အသံများသည် တစစ ကျယ်လောင်၍ လာခဲ့လေသည်။

ထိုကာလတွင် မြို့တော်၏ တောင်ဘက် ထန်မကျည်း၊ ချောင်းခွ၊ ယင်းမပင် စသည့် ရွာများ၌ လူဆိုးသူခိုးများနှင့် တောကျားနတ်ဆိုသူတို့က ခေါင်းအကြီးအမှူးပြု၍ ဆင်းရဲသားပြည်သူလူထုအား လုယက်ဖျက်ဆီးခဲ့သည်။

မြောက်ဘက် ဥသျှစ်ကျေး၊ မူကန်အရပ်နေ ငရွှေဖူးဆိုသူကလည်း မြို့သစ်အရပ်တွင် လူဆိုးများနှင့်စုရုံး၍ ကျေးရွာလူထုကို လုယက်ဖျက်ဆီးတိုက်ခိုက်ခဲ့သည်။

ဗန့်ကျီတွင်းအရပ် သာစည်ရွာ၊ အမြင့်မြို့များမှာ လူဆိုးသူခိုးများက လူသူစုရုံး၍ အများပြည်သူတို့အား လုယက်တိုက်ခိုက် ဖျက်ဆီးလာခဲ့သည်။

အင်းဝမြို့အနောက် ပဲခင်းကြီးအရပ်တွင်နေသော သံဃရာဇာ၊ ဟိန်ဘုန်းကြီး အခေါ်ခံသူက လူဆိုးလူသွမ်းများနှင့်ပူးပေါင်းကာ တောင်ဘက်အရပ်ရှိ ကျေးရွာများမှ ပြည်သူအများတို့၏ မြင်းကျွဲနွားများကို အတင်းအဓမ္မ လုယူခြင်း၊ ပစ္စည်းများကို သိမ်းဆည်းခြင်းများကို ပြုလုပ်ခဲ့သည်။ ထိုဘုန်းကြီးသေလျှင် ၎င်း၏တပည့်က ဟိန်ဘုန်းကြီးအမည်ခံ၍ ဆက်လက်သောင်းကျန်းနေပြန်သည်။

ယင်းသည့် ကိစ္စများကို အာဏာနှင့် အကြမ်းပတမ်းလုပ်လိုက်ချေက တိုင်းပြည်ချောက်ချားမည်၊ တစ်ဖက်ရန်သူလည်း ဝမ်းသာဖွယ်ဖြစ်တော့မည်ဟု ယူဆကာ အဆိုပါ လူဆိုးလူသွမ်းတို့အား အသာအယာခေါ်ယူ၍ ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ကာ ယဉ်ပါး

mgyoe.com

mgyoe.com

အောင် ပြုလုပ်ပြီးမှ ဖမ်းဆီး၍ သတ်သင့်သူကိုသတ်၊ မြင်းကျောင်းနွားကျောင်းခန့်သူကို ခန့်နှင့် ဖြို့ခွင်းဖျက်ဆီးပစ်ရလေသည်။ ပျက်တော့မည်ဆိုလျှင် သာသနာရေးကအစ မဟုတ်မမှန်တွေ ဖြစ်ပေါ်၍လာသည်။

စကိုင်း၊ ဝတ်ချက်အရပ်၌ သီတင်းသုံးနေသော 'ဝရဇောတိ'အမည်ရှိသော ဘုန်းတော်ကြီးသည် မိမိ၏အယူ၍လိုက်သော သူတို့အား သောတာပန်ဖြစ်ပြီ၊ အရိယာဖြစ်ပြီဟု ဟောပြောသည်။ သဘောတူသူတို့က မိမိတို့ကိုယ်ကို မိမိတို့သောတာပန်၊ အရိယာ စသည် ဖြင့်ဘွဲ့များ တပ်ဆင်ကုန်ကြသည်။ အညာမြစ်စဉ်တစ်လျှောက်၊ အောက်မြို့ ကျေးရွာများမှာ တပည့်၊ ဒါယကာများ ပွားများကာ တန်ခိုးကြီးထွားလျက် နေလေသည်။ ထိုဘုန်းကြီးပျံလွန်လျှင် ၎င်း၏တပည့် ဘုန်းကြီးက ဆက်ခံ တရားပြ၍ နေလေသည်။

ယင်းသို့ မြတ်စွာဘုရား၏ တရားဓမ္မများ ဖောင်းပွပျက်စီးလာသည့် အခြေအနေကို ကြည့်မနေနိုင်တော့သဖြင့် အဆိုပါ ဘုန်းကြီးတို့အား ဖမ်းဆီး၍ ဝတ်ဖြုလဲစေ၍ ဆင်ချေးကျုံး၊ မြင်းချေးကျုံးခန့်ကာ ဖြို့ခွင်းဖျက်ဆီးလိုက်ရလေသည်။

ဤသို့သော လက္ခဏာများသည် အလွန် စည်ပင်သာယာသည့် အင်းဝပြည်ကြီးပျက်စီးအံ့သော အချင်းအရာများပင် ဖြစ်ပေတော့သည်။ မကြာပါချေ။ ဟံသာဝတီမှ မွန်(တလိုင်း)တို့သည် အင်းဝသို့လာရောက်ဝန်းရံ တိုက်ခိုက်ကြသည်။ တိုက်သည့် ပွဲတိုင်းလိုလိုတွင် မြန်မာတို့က ရှုံးသည်။ ဤ၌ မည်သူ့ကိုမျှ အပြစ်တင်ဖွယ်မရှိချေ။ ဟံသာဝတီရောက် မင်း၏ အမှားတော်ပုံဟု ရှင်ဘုရင်အား ပုံချ၍လည်းမဖြစ်၊ စစ်သည်သူရဲတို့အား အပြစ်ပြော၍လည်း မဖြစ်၊ မှူးကြီးမတ်ကြီးတို့ အအုပ်အချုပ်ညံ့သည်ဟု စွပ်စွဲ၍လည်း မမှန်၊ လောကဓံတရားအရ ပျက်ချိန်တန်၍ ပျက်ရသည်ဟု နှလုံးသွင်းသင့်ပေသည်။

မွန်တလိုင်းတို့က အင်းဝနေပြည်တော်ကြီးကို လေးဘက်လက်တန်မှ ဝိုင်းရံတိုက်ခိုက်လုပ်ကြံနေသောအခါတွင် မြို့စီးပြစီးလူအများတို့မှာ အစာရှားပါး၊ ငတ်မွတ်ကုန်ကြသည်။ မစိုးရိမ် ကျီတော် စသော ကျီတော်များမှ စပါးဆန်များကို ထုတ်ပေးရသည်။ ထို စပါးဆန်များသည် ဆင်းရဲသား ပြည်သူလူထုလက်သို့ (မှောင်ခို) ရောက်ရှိလာသောအခါ ဆန်တစ်ပြည်လျှင် ငွေငါးကျပ်(၅ ကျပ်)မျှအထိ ဈေးတက်သွားလေသည်။ သို့နှင့် ထိုစပါးဆန်များကုန်လျှင် အတွင်းတော်က ငွေတော်များ၊ ရွှေကွမ်းခွက်၊ ကွမ်းလောင်းများကို ထုတ်ပေးသည်။ ကုန်လျှင် စားစရာမရှိ၍ ကျွဲနွားမြင်း စသည့် တွေ့ရာ တိရစ္ဆာန်များကို သတ်စားကြရသည်။ ရေသောက်မည်ဟု ရေကန်သို့ဆင်းသောအခါ လူသေကောင်ကိုတွေ့လျှင် ဖျက်၍ ဖုတ်ကင်စားကြသည်။

အင်းဝ ပြည်သူပြည်သားများသည် ဤမျှအထိ အတိဒုက္ခရောက်ကုန်ကြသည်။

mgyoe.com

mgyoe.com
မဟာဓမ္မရာဇာဓိပတိ မင်းတရားကြီးသည် ကိုယ်လွတ်ထွက်သွားရန် အကြံအစည်ရသော်လည်း ရာဇဂုဏ်သိက္ခာကို ငဲ့လျက် အဖမ်းခံလိုက်သည်။ ပြည်ထောင်ချင်းချင်း မင်းတို့တံထွာ ဓမ္မတာအရ ရှင်ဘုရင်ကို သတ်ရိုးထုံးစံမရှိသည်ကို သိသည်။ ပုဂံခေတ်က အနော်ရထာမင်းကြီးသည် သုဝဏ္ဏဘုမ္မိသထုံမင်းထံသို့ ပိဋကတ်တော်များကို တောင်းခံရာ မပေးဘဲ မချေမငံ ပြောဆိုလွှတ်လိုက်သဖြင့် သွားရောက်တိုက်ခိုက်သိမ်းပိုက်ကာ မနူဟာမင်းကို ဖမ်း၍လာခဲ့သည်။ မနူဟာမင်းအား ပုဂံတွင် ကောင်းမွန်စွာပြုစု၍ ထားခဲ့သည့် အစဉ်အလာရှိသည်။

သို့နှင့် မွန်တို့သည် အင်းဝပြည်ကြီး၏ ရွှေထီးရွှေနန်းနှင့်တကွ ကျောင်းကန်ဘုရားများပါမကျန် မြေလှန်စနစ်နှင့် မီးရှို့ဖျက်ဆီးချေမှုန်းကာ မဟာဓမ္မရာဇာဓိပတိ မင်းတရားကြီးအား ဖမ်းဆီးခေါ်ဆောင်သွားလေသည်။ အင်းဝခေတ်၏ အညွန့်အဖူးဖြစ်သော ပေစာများ၊ ပုရပိုက်စာများကိုပင် ရှာဖွေ၍ မတွေ့မမြင်ရတော့သည်အထိ ဖြစ်ရလေ့သည်။ ထို့ကြောင့် လက်ဝဲနော်ရထာက ချောင်ကျသည့် ကျေးလက်တောရွာဘုန်းတော်ကြီးကျောင်းများ၌ ကြွင်းကျန်သည့် ပေစာ၊ ပုရပိုက်စာများကို ရတတ်သမျှ ရှာဖွေစုပေါင်း စာရင်းတင်ရကြောင်းကို အတိအလင်း ဝန်ခံရေးသားထားလေသည်။

အသက် (၂၈)နှစ်မျှ ရှိပြီဖြစ်သော မောင်နေသည် ဤခေတ်ပျက်ကာလတွင် ဇာတိဖြစ်သော မုံရွေးရွာသို့ ပြန်၍နေရသည်။ သို့သော် နေ့စဉ်နှင့်အမျှ မိမိ၏အရှင်သခင်ကို သတိရကာ စိတ်မကောင်းဖြစ်ရသည်။ မြန်မာတစ်နိုင်ငံလုံးကို မွန်တို့ စိုးမိုးအုပ်ချုပ်ရန် ကြိုးစားလျက်ရှိရာ အချို့ မြို့စားရွာစား အတော်များများပင် မွန်တို့၏လက်အောက်ခံအဖြစ် ဝင်ရောက်ကြသည်။ ခင်ဦးစား လက်ျာပျံချီကဲ့သို့ အစွမ်းသတ္တိထက်မြက်သူပင်လျှင် မွန်တို့၏သစ္စာတော်ကို ခံလေသည်။ များစွာသော ကျေးလက်တောရွာနေ ပြည်သူအပေါင်းတို့မှာ ယူကျုံးမရခြင်း၊ မကျေချမ်းခြင်း စိတ်ဓာတ်တို့ဖြင့် အားကိုးအားထား မျှော်ကြသည်။

ထိုစဉ်တွင် ရွှေဘိုမှ ဦးအောင်ဇေယျသည် ၄၆ ရွာကို ထန်းလုံးတပ် ကာရံကာ တလိုင်းတို့၏ရန်ကို ခုခံတိုက်ခိုက်နေကြောင်း၊ တလိုင်းတပ်များ တစ်ကြိမ်ကနှစ်ကြိမ် လာရောက်လုပ်ကြံရာ ရှုံးနိမ့်ထွက်ပြေးရကြောင်း စသည့် သတင်းများသည် မင်္ဂလာရှိသော သတင်းများအဖြစ် ကြားသိ၍လာသည်။ သို့နှင့် ဦးအောင်ဇေယျထံသို့ ဝင်ရောက် အမှုတော်ထမ်းမည်ဟု ဆုံးဖြတ်ကာ ထွက်လာခဲ့ရာ လမ်းခရီးတွင် ဗိုလ်တွန် (မင်းခေါင် နော်ရထာ)နှင့်တွေ့သည်။ ဗိုလ်တွန်က ငါတို့အရှင်ထံသို့ လိုက်ခဲ့လော့၊ မင်းကို ကောင်းစွာ ချီးမြှောက်လိမ့်မည်ဟုဆို၍ ခေါ်လာခဲ့သည်။ ဦးအောင်ဇေယျ ထွက်တော်မူလာ၍ ကြည့်လိုက်ရာ တိမ်တိုက်ကိုခွင်း၍ ထွက်ပြူလာသော နေလုလင်ကဲ့သို့သော အသရေတော်ကို
mgyoe.com

mgyoe.com
ရှုမြင်ရသည်။ သူသည် အင်းဝမင်းတို့၏ ထုံးတမ်းစဉ်လာများကို သိသူဖြစ်ပါသည်ဘုရား ...ဟု ဗိုလ်တွန်က လျှောက်သည်။ ရတုရေး၍ လျှောက်နိုင်အံ့လောဟု ဦးအောင်ဇေယျက မေးသည်တွင် လျှောက်နိုင်ကြောင်းပါဘုရား ... ဟု တင်၍ ရှေ့တော်တွင်ပင် "ဇေယျတုသံ" အစချီ ဘုန်းတော်ဘွဲ့ ရတုပိုဒ်စုံကို ရေးသားစီကုံး၍ ဖတ်လျှောက်ရာ များစွာ နှစ်သက်တော်မူသည်။ (ဤတွင် ဦးအောင်ဇေယျ၏အမည်ကို ပါအောင်ယူ၍ ဇေယျတုသံ–ဟု ဖွဲ့ဆိုခြင်း ဖြစ်ဟန်တူသည်။)

သို့နှင့် နာမည်ကိုမေးရာ ငနေဟု လျှောက်သည်တွင် နေကဲ့သို့သော သူ တစ်ယောက် ငါ့ထံသို့ ရောက်လာသည်မှာ ကောင်းသောနိမိတ်ဖြစ်သည်။ နေထွက်၍လာလျှင် ကြိုဟ်နက္ခတ်တာရာ အားလုံးတို့ ပျောက်ကွယ်ကုန်ကြရသကဲ့သို့ ငါ၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်သည်လည်း ရန်သူအပေါင်းတို့ ကွယ်ပျောက်ကြရမည်ဟု မိန့်တော်မူ၍ အပါးတော်တွင် ခစားစေရန် အမိန့်ရှိသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ပြည်ထောင်ဘက် ရဲဘော်ကြီးခြောက်ကျိပ်ရှစ် ၆၈ ယောက် ဖွဲ့ရာတွင် မောင်နေကိုပါပေါင်း၍ ၆၉ ယောက်အဖြစ် သတ်မှတ်လေသည်။ သို့သော် မောင်နေသည် အလောင်းမင်းတရားကြီး၏ အပါးတော်မြဲ အမှာတော်ရေးအဖြစ် ခစားရသည်။ လက်ရုံးရည်နှင့် တိုက်ရခိုက်ရသောအလုပ်ကို မခိုင်းချေ။ မောင်နေ စာရေးသည့်ကညစ်ကို ရွှေအခွေးတပ်၍ ပေးသည်။ မောင်နေ၏ စာထည့်ရာသေတ္တာကို ရွှေဇိန်းချစေသည်။ အလောင်းမင်းတရားကြီး ချီတော်မူလေရာတွင် နောက်တော်ပါးက အမြဲလိုက်ရသည်။ လက်ဝဲသုန္ဒရဘွဲ့ကို ပေးသည်။

သက္ကရာဇ် ၁၁၁၅ ခု၊ ရတနာသိင်္ခ ကုန်းဘောင်မြို့တော်ကို တည်လုပ်သောအခါတွင် အခါပေးသည်မှာ မောင်နေဖြစ်သည်။ မြို့တော်ပုံစံ ပန္နက်ကို ရေးဆွဲပြုလုပ်သည်မှာလည်း မောင်နေပင်ဖြစ်သည်။ အလောင်းမင်းတရားကြီးသည် အထက်အညာမိုးကောင်း၊ မိုးညှင်းသို့ချီတက်ရာ တကောင်းသို့ရောက်လျှင် ဆင်ထက်မှနေ၍ ဖောင်းတော်ကျွတ်ကျလေသည်။ ထိုနေရာကို မှတ်၍ထားခဲ့ပြီး ဆက်လက်ချီတက်ကာ နိုင်ငံတော်ကို စည်းရုံးအောင်မြင်ပြီးနောက် ပြန်လာ၍ ဖောင်းတော်ကျွတ်ကျသည့်နေရာတွင် ဘုရားစေတီ တည်သည်။ ဗိုလ်ပါတို့စုပေါင်း၍ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးနေက ကြပ်မတ်ကာ ညတွင်းချင်းအပြီး တည်ရသည်။ အရုဏ်တက်လျှင် ထီးတော်တင်၍ ပြီးသည်။ ဇိနအောင်ချာ ရွှေဘုံသာဘုရားဟု ဘွဲ့တော်တပ်သည်။ ထိုဘုရား၏ သမိုင်းမော်ကွန်း ၁၂ ပိုဒ်ကို လက်ဝဲသုန္ဒရဘွဲ့ခံ ဦးနေက ရေးသားစီကုံး၍ ကိုယ်တိုင် သီဆိုဖတ်လျှောက်သည်။ မော်ကွန်းစာပိုဒ်အချို့တွင် "မှူထမ်းခြားသည်၊ ရည်သွားပေါ့ယောင် နက်သိပ်တည်း"ဟု ရေးသားထားရာ
mgyoe.com

mgyoe.com
အလောင်းမင်းတရားကြီးက ငါတို့အဖြစ်သနစ်နှင့် ကိုက်ညီလှပေ၏ဟု မှားစွာ ချီးမွမ်းတော်မူသည်။ သားတော်၊ ညီတော်၊ ဗိုလ်မှူး၊ တပ်မှူးအပေါင်းတို့အားလည်း သည်မော်ကွန်းစာသည် ရှင်မဟာသီလဝံသ၏ တံတားဦးတည်မော်ကွန်းကဲ့သို့ မှတ်တမ်းတင်ထိုက်လှပေသည်ဟု မိန့်ဆိုသည်။

အလောင်းမင်းတရားကြီး၏ တိုက်ပွဲများတွင် ခင်ဦးစား လက်ျာပျံချီ ငချစ်ညိုနှင့် တိုက်ရသော ပွဲသည် အရေးအပါဆုံးတိုက်ပွဲဟု ဆိုသင့်သည်။ ငချစ်ညိုသည် တလိုင်းတို့ထံ သစ္စာခံသူဖြစ်သည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ငချစ်ညိုထံသို့ အမှာစာရေး၍ သိမ်းသွင်းသည်။ မြန်မာအချင်းချင်းကိုသာ ယိုင်းပင်းရန်၊ အကယ်၍ ရွှေဘိုတပ်သို့ ဝင်လာမည်ဆိုက စစ်သူကြီးအရာနှင့် ချီးမြှောက်မည်ဟု ကတိပေးသည်။ အမှာစာကို လက်ဝဲသုန္ဒရက ရေးရသည်။ သို့ရာတွင် ငချစ်ညိုက မြန်မာအချင်းချင်းကို ရှိမခိုးလိုပြီဟု ဆိုသဖြင့် တိုက်ရသည်။ ပထမအကြိမ် သွားရောက်တိုက်ခိုက်စဉ်က မြို့ပေါက်၍ ငချစ်ညိုတို့သားအဖ ထွက်ပြေးသည်။ နောက်တစ်ကြိမ် တပ်ချင်းတွေ့ကြပြန်ရာ ငချစ်ညိုက တစ်ယောက်ချင်းတိုက်မည်၊ ဘေးလူများကြည့်၍သာနေစေဟု ဆိုသည်။ သို့အတွက် သူရဲကောင်းများ တစ်ယောက်ပြီးတစ်ယောက် ထွက်လာရာ ငချစ်ညိုက တိုက်ဖက်မတန်ဟု ဆို၍ ငြင်းသည်။ နောက်ဆုံး သေနတ်ဝန် ထွက်လာသည်တွင်မှ ဤအကြိမ်ကား ယောကျ်ားကောင်းချင်း တွေ့ကြကုန်အံ့ဟုဆိုကာ မြင်းကို အမျိုးမျိုးစီးပြသည်။ ထို့နောက် သေနတ်ဝန်၏ မြင်းကိုပတ်၍စီးကာ လှံနှင့်လွှတ်သည်။ ထိုတွင် သေနတ်သမားများ ဖြဖြဝန်းရံ၍လာကြသည်တွင် မင်းတို့ ကတိမတည်လေဟုဆိုကာ ငချစ်ညို ဆုတ်ခွာသွားသည်။

နောက်ဆုံးပွဲတွင် အလောင်းမင်းတရားကြီး၏ တပ်ကို ငချစ်ညိုဝင်တိုက်ရာ တပ်ပေါင်း အများအပြားပျက်၍ ကစဉ့်အလျား ဖြစ်ကုန်တော့သည်။ မြင်းတစ်စီးကျလျှင် မြင်းတစ်စီးပေါ်သို့တက်၍ အပြင်းချီတက် တိုက်ခိုက်သည်။ ငချစ်ညိုသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရှိရာသို့ အပြင်းလာနေသည်။ ဦးအောင်ဇေယျလည်း လက်သုံးတော်ဓားကို ဓားလွတ်ကိုင်ဆောင်ကာ "နင်လည်း ငချစ်ညို၊ ငါလည်း အောင်ဇေယျ၊ နင့်ကိုသာ ငါရှာသည်၊ နင့်ယောကျ်ားကောင်း ဖြစ်တပြီးကား တက်ခဲ့လော့"ဟု ဆို၍ ကြုံးကြုံးခံနေသည်။ ငချစ်ညိုသည် အလောင်းမင်းတရား၏ အသရေတော်ကိုမြင်လျှင် အတန်ကြာ ကြက်သေ သေ၍နေကာ ဘုန်းရှိန်တော်ကို မခံဝံ့၍ နောက်သို့ ဆုတ်ခွာ ထွက်ပြေးသွားလေသည်။

ဤအဖြစ်အပျက်များကို ဦးနေသည် မျက်မြင်ကိုယ်တွေ့ဖြစ်ရကား အလောင်း

mgyoe.com

mgyoe.com
မင်းတရားကြီး၏ အရေးတော်ပုံကို မှတ်တမ်းတင်ထားခဲ့ပေသည်။ အသည်းထိတ်စရာ၊ နှလုံးတုန်စရာ၊ အားတက်စရာ၊ ကျေနပ်စရာများကို အမျိုးမျိုး တွေ့ခဲ့ရသည်။ သို့ရာတွင် စိတ်ဓာတ်မကျ၊ အားမပျက်၊ တိုင်းပြည်နှင့် လူမျိုးအတွက် အဘက်ဘက်က ရင်မြေကတုတ်လုပ်၍ ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားသူများဖြစ်ရကား အဘယ်အရာသည် အခက်အခဲဟု ဆိုနိုင်ပါတော့အံ့နည်း။ နေကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက် ငါ့ထံရောက်လာခြင်းသည် ရန်အပေါင်းတို့ ကင်းပျောက်မည့်နိမိတ်ဖြစ်သည်ဟု ဦးအောင်ဇေယျ ယုံကြည်ထားသည့်အတိုင်း ရင်ဆိုင်ရသည့် အရေးတော်ပုံဟူသမျှတွင် အောင်မြင်သည်သာ ဖြစ်လေသည်။ ရွှေဘိုမှသည် စစ်ကိုင်း၊ အင်းဝ၊ ထိုမှတစ်ဆင့် ပြည်၊ တောင်ငူ လက်အောက်ခံ နယ်တွေကို သိမ်းကျုံးစည်းရုံးအောင်မြင်လာသဖြင့် ဦးအောင်ဇေယျ၏ ဘုန်းကံသည် အထူးတိုးတက်လျက် ရှိလေသည်။

ရတနာသိင်္ဃမြို့နန်းကို တည်ထောင်သိမ်းမြန်းစဉ်က ဦးအောင်ဇေယျကို မည်သည့်မင်းဟု ဘွဲ့အမည်ပေးကြကုန်အံ့နည်းဟု စဉ်းစားခဲ့ကြသည်။ ထိုအခါ ဦးအောင်ဇေယျက ငါသည် ဘုရားသာသနာတော်ကို ပြုဖုချီးမြှင့်ထိုက်သည့် ဘုရားအလောင်း မင်းကောင်းမင်းမြတ် ဖြစ်မည်မှန်ပါက တိုက်ပွဲတိုင်းတွင် အောင်ပါစေသား။ ထိုသို့မဟုတ်ပါက တစ်ခဏချင်း ရှုံးပါစေသားဟု အဓိဋ္ဌာန်ပြုခဲ့ဖူးသည်။ ဤသည်ကို အကြောင်းပြု၍ ဘုရားဆုကို ပန်သည့် အလောင်းမင်းဖြစ်သည့်အတိုင်း "အလောင်းမင်းတရားကြီး"ဟူသော အမည်တွင်လာခြင်း ဖြစ်ပေသည်။

အလောင်းမင်းတရားကြီးသည် ညီတော်၊ သားတော် စသည့် ဆွေမျိုးစု အသိုက်အဝန်းကလည်း တောင့်တင်းသည်။ ရဲဘော်ခြောက်ကျိပ်ရှစ်ယောက်တို့၏ စုပေါင်းအင်အားကလည်း ခိုင်မာသည်ဖြစ်ခြင်းကြောင့် အပွဲပွဲကို နွှဲလေတိုင်း အောင်ခဲ့သည်။ အထက်မြန်မာနိုင်ငံကို စည်းရုံးအောင်မြင်လျှင် ရတနာသိင်္ဃမြို့နန်းကိုတည်၍ အောက်ပြည်သို့ ဆင်းခဲ့သည်။ ပြည်မြို့အောက်သို့ရောက်လျှင် လွန်ဆေးမြို့ကိုတွေ့ရာ အမြန်ဆုံးအောင်သည်ကို အစွဲပြု၍ မြန်အောင်မြို့ဟု သမုတ်သည်။ အထိမ်းအမှတ်အဖြစ် မြန်အောင်ရွှေဘုံသာဘုရားကို တည်သည်။ ဘုရားကိုတည်ရာတွင် အုတ်မြစ်ချခြင်း၊ အင်္ဂတေကိုင်ခြင်းတို့ကို ဦးနေက ခေါင်းဆောင်၍ ပြုလုပ်ရသည်။ သို့ရာတွင် ထိုဘုရားကို တည်လုပ်ရာတွင် ဗိုလ်မှူး တပ်မှူးများ မပါရ။ ဆွေမျိုးတစ်စုကသာ ဝိုင်းဝန်းတည်လုပ်ရသည်။ ဤတွင် ဆွေမျိုးမဟုတ်သည့် ဦးနေကို ဦးစီးဦးဆောင်အဖြစ် ထားရှိသည်မှာ ထူးဆန်းပေသည်။ ဦးနေအပေါ်၌ အလောင်းမင်းတရားကြီး ထားရှိသည့် စေတနာကို သိနိုင်သည်။

အလောင်းမင်းတရားကြီး ပွန်စွာ စိတ်ဆိုးတော်မူသော အချက်တစ်ချက် ရှိပေ
mgyoe.com

mgyoe.com
သည်။ မဟာဓမ္မရာဇာဓိပတိ မင်းတရားကြီးကို မွန်တို့က လာရောက် ဖမ်းဆီးခေါ်ဆောင်သွား၍ ဟံသာဝတီတွင် ထိန်းသိမ်းထားရာမှ မင်းတရားကြီးနှင့်တကွ လူပေါင်းခြောက်ကျိပ်ကျော်ကို ပဲခူးစည်တီးချောင်း၊ ထနောင်းပင်ဆိပ်တွင် ရေချ၍ ဖျောက်ဖျက်ပစ်လိုက်သည့်ကိစ္စ ဖြစ်ပေသည်။ ဤကိစ္စကို အလောင်းမင်းတရားကြီး ကြားသိတော်မူလျှင် “ငါသည်မင်းအဖြစ်ကိုယူမည်ဟု မရည်ရွယ်၊ ငါ့အရှင်ကိုသာ ရလျှင် ဘုရားတစ်ဆူ ဂူတစ်လုံးကိုးကွယ်မည်ဟု ရည်ရွယ်သည်၊ ယခုမရတော့ပြီ”ဟု ကြေကွဲစွာ ဆိုတော်မူသည်။ ဤအချိန်ကစ၍ အလောင်းမင်းတရားကြီးသည် မွန်တို့အပေါ်တွင် စိတ်နာသွားကာ အောက်ရပ်အောက်ပြည်ကို လာရောက်တိုက်ခိုက်သောအခါတွင် ခပ်ကြမ်းကြမ်း လုပ်ဆောင်သွားလေသည်။

တိဂုံမြို့ကို တိုက်ခိုက်အောင်မြင်တော်မူလျှင် ရန်အပေါင်းတို့ ကုန်စင်မည့်နိမိတ်ကိုယူ၍ ရန်ကုန်မြို့ဟု သမုတ်တော်မူသည်။ ဟံသာဝတီမင်းက ဆရာတော် သံဃာတော်များကို စေလွှတ်၍ စေ့စပ်သည့်ကိစ္စ။ ဟံသာဝတီမင်းထံသို့ သဇင်ပန်း ၂ ခြင်းပေးလိုက်ရာ တစ်ခြင်းကို ဘုရားတင်၍ တစ်ခြင်းကို သမီးတော်အားပေးအပ်ကာ သမီးတော်ကို အခမ်းအနားနှင့် အလောင်းမင်းတရားကြီးထံသို့ လာရောက် ဆက်သသည်တွင် လက်ခံသိမ်းပိုက်သည့် ကိစ္စများကို လက်ဝဲသုန္ဒရက ကြပ်မတ်စီစဉ်ရသည်။ ပြည်ထောင်ချင်းချင်းမင်းတို့ထံသို့ သဝဏ်လွှာများ ပေးပို့သောအခါ လက်ဝဲသုန္ဒရက ရေးသားရသည်။ ဤတွင်အချင်းချင်း အကဲစမ်းနေသော ကာလဖြစ်သဖြင့် အရေးအသားစကားမှားလျှင် ဒုက္ခတွေ့နိုင်သည်။ အမှားအယွင်း အပိုအလိုမရှိအောင် စာရေးရသည်မှာ မလွယ်ချေ။ အမှားအယွင်းလည်း မရှိ၊ အပိုအလိုလည်းမရှိ၊ အလောင်းမင်းတရားကြီးလည်း သဘောကျနှစ်ချိုက်အောင် ဆောင်ရွက်နိုင်သည့် အရည်အချင်းမှာ လွန်စွာ ချီးမွမ်းထိုက်ပေသည်။

ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက် အောင်မြင်တော်မူ၍ အောင်ပွဲအခမ်းအနားကျင်းပသည့်နေ့တွင် ဦးနေကို လက်ဝဲနော်ရထာဘွဲ့ ပေးအပ်ချီးမြှင့်သည်။ ဦးနေသည်အလောင်းမင်းတရားကြီးကိုယ်တိုင် ပေးအပ်ချီးမြှင့်သည့် လက်ဝဲနော်ရထာဘွဲ့ကို အထူးခုံမင်နှစ်သက်ဟန်တူသည်။ သူကိုယ်တိုင်ပြုစုသောစာများကို လက်ဝဲနော်ရထာဘွဲ့နှင့် ကမ္ပည်းထိုးလေ့ရှိသည်။ ဦးနေအား အံ့သြချီးကျူးစရာကောင်းသည့် အချက်တစ်ချက်ရှိသည်။ ထိုအချက်ကား အလောင်းမင်းတရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဘိုးတော်ဘုရား ဆိုသည့် မင်း ၅ ပါးစလုံးနှင့် သင့်မြတ်အောင် ပေါင်းနိုင်သည့် အချက်ဖြစ်ပေသည်။ အလောင်းမင်းတရားကြီးသည် လွန်စွာတိကျသူဖြစ်သည်။ ခက်ထန်သော နှလုံးသားရှိသည်။ နောင်တော်ကြီးသည် ရိုးသား၍ သည်းခံနိုင်သူဖြစ်သည်။ ဆင်ဖြူရှင်သည် အစွမ်း
mgyoe.com

mgyoe.com
ထက်၍ မာန်တက်သူဖြစ်သည်။ စဥ့်ကူးမင်းသည် အပျော်အပါးများ၍ ဆင်ခြင်တုံတရား မရှိ။ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းသည် အရည်အချင်းပြည့်ဝသော မင်းဖြစ်သည်။ ဤသို့ တစ်ဦးနှင့်တစ်ဦး စရိုက်မတူသည့် မင်းအားလုံးနှင့် သင့်မြတ်အောင် ပေါင်းသင်းနိုင်သည့် ဦးနေ၏ အရည်အချင်းကို ချီးကျူးသင့်ပါသည်။

သို့ရာတွင် အလောင်းမင်းတရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်နှင့် ဗဒုံမင်းတို့၏ အကြောင်းအရာများကို ဦးနေသည် တခမ်းတနားဖွဲ့ဆိုရေးသားခဲ့သော်လည်း စဥ့်ကူးမင်း အကြောင်းကိုမူ တစိုးတစိမျှမပြောဘဲ ချန်ပစ်ခဲ့လေသည်။ ဦးနေသည် စဥ့်ကူးမင်းကို အသိအမှတ်ပြုအပ်သော မင်းတစ်ပါးဟု ယူဆဟန်မတူချေ။ ဤတွင် ဦးနေနှင့် မရှေး မနှောင်း ထွက်ပေါ်လာသည့် တွင်းသင်းမင်းကြီး ဦးထွန်းညိုနှင့် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံတို့၏ စာပေများကို လေ့လာဖို့လိုပေသည်။ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ သည် ဆင်ဖြူရှင်လက်ထက်တွင် မဲဇာသစ်တောသို့ အပို့ခံရပြီးနောက် စိတ်ဓာတ်ကျဆင်း ကာ စာမဆိုတော့ဘဲ နေခဲ့ကြောင်း၊ စဥ့်ကူးမင်းလက်ထက်တွင် လူအပေါင်းတို့၏ အားထား ရာဖြစ်သော နန်းရင်ပြင်ကြီးသည် သေသောက်ပွဲကျင်းပသည့် ဌာနကြီးဖြစ်နေကြောင်း၊ လူအပေါင်းတို့မှာ အားကိုးစရာမရှိ ဖြစ်ကြောင်းများကို ဖွင့်ဆိုရေးသားလေသည်။ ဗဒုံမင်း အထွတ်အမြတ်သို့ ရောက်လာမှပင် စိတ်ရောကိုယ်ပါ ချမ်းသာ၍သာ ဓိနပျို့ကို နန်းတက် လက်ဆောင်အဖြစ် ရေးဖွဲ့ရကြောင်း ဝန်ခံထားသည်။ တွင်းသင်းမင်းကြီး ဦးထွန်းညိုလည်း ဗဒုံမင်းအတွက် နန်းတက်လက်ဆောင်အဖြစ်ရေးဆက်သည့် ဇယဒိသပျို့တွင် ဤသဘော မျိုးပင် မပွင့်တပွင့် ရေးသားထားသည်။ ပညာရှိများသည် စဥ့်ကူးမင်းအား ရွတ်ချကြသည်။ ပြစ်တင်ကြသည်။ စဥ့်ကူးမင်းလက်ထက်တွင် မချမ်းမသာဖြစ်ကြသည်။ ဤနည်းတူပင် လက်ဝဲနော်ရထာဘွဲ့ခံ ဦးနေသည်လည်း ခံစားခဲ့ရသည်။ သို့သော် မည်သို့မျှထုတ်ဖော် မပြောဆိုဘဲ စဥ့်ကူးမင်းအား ပေယျာလကန် ဝကွက်၍ချန်ခဲ့သည်။ မင်းမှုထမ်း ပီသသည်၊ လိမ္မာသည်ဟု ဆိုရမည်ထင်ပါသည်။

ဦးနေသည် အလောင်းမင်းတရားကြီးကိုယ်တိုင် ချီးမြှင့်ခဲ့သော လက်ဝဲနော်ရထာ ဘွဲ့ကို အမြတ်တနိုး အသုံးပြုခဲ့သည်။ ထပ်မံရရှိသည့်ဘွဲ့များကို အခါအားလျော်စွာ အသုံးပြုသော်လည်း မူလဘွဲ့ကိုသာ အလေးအမြတ်ထားကြောင်းကို တွေ့ရပေသည်။ နောင်တော်ကြီးမင်းသည် ၃ နှစ်သာ နန်းစံလိုက်ရသည်။ နန်းသက်မရှည်ပေ။ ထိုအတွင်း မှာပင် ဦးနေအား စည်သူကျော်ထင်ဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ဦးနေသည် အချိန်ရှိသမျှ အလုပ်လုပ်နေသူဖြစ်သည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် နောင်တော်ပါးက အမြဲလိုက်၍ အလုပ်လုပ်ရသည်။ အိမ်ပြန်ရောက်၍ အချိန်အားသည်ဆိုလျှင်ပင် အတုလ
mgyoe.com

mgyoe.com
ဆရာတော်အား မေးလျှောက်ဖွယ်ရှိသည်များကို မေးလျှောက်သည်။ မှတ်တမ်းတင်သည်။ သို့နှင့် အားမရသေးသည့် အချက်များကို ဒုတိယ အတုလဆရာတော် ခင်ကြီးဖျော်သို့ ဆက်လက် မေးလျှောက်သည်။ မှတ်တမ်းတင်သည်။ ထိုမျှမက သိလိုသော ပြဿနာများကို အိမ်ရှေ့ဆရာတော်အားလည်းကောင်း၊ ပလိုင်းဆရာတော်အားလည်းကောင်း မေးလျှောက်၍ မှတ်တမ်းတင်ခဲ့သည်။

ဦးနေသည် ရတုစာဆိုဖြစ်သည့်အတိုင်း ရှေးဆရာတို့၏ ရတုများကို လိုက်လံစုဆောင်းသည်။ အမျိုးအစားခွဲခြား၍ မှတ်တမ်းတင်သည်။ ပြည်နဝဒေးကြီး၏ ရတုများကို တသီးတသန့်စီစဉ်သည်။ တောင်ငူဘုရင် နတ်ရှင်နောင်၏ ရတုများကို တသီးတသန့် စီစဉ်သည်။ အခြားရတုစာဆိုများ၏ ရတုများကို တပေါင်းတည်း စုဆောင်းထားရှိသည်။ နောင်းလူတို့ အလွယ်တကူ ကူးယူဖတ်ရှုရသည်မှာ ဦးနေ၏ကျေးဇူးပင် ဖြစ်ပါသည်။ အင်းဝရွှေနန်းတော်ကြီးသည် မီးလောင်ပြာကျ ပျက်စီးသွားပြီဖြစ်သဖြင့် ရွှေနန်းတော်အတွင်း၌ စုဆောင်းထားခဲ့သော ယဉ်ကျေးမှုအမွေ စာပေ ပုရပိုက်တို့သည်လည်း အားလုံးဆုံးခဲ့လေပြီ။ ထိုအတွက် တောလက်ကျေးရွာများတွင် ကျန်ကောင်းကျန်ရာကျန်သေးသည့် ပေမူပုရပိုက်မူများကို ခက်ခက်ခဲခဲ ရှာဖွေ၍ စုဆောင်းမှတ်တမ်းတင်နေရသည်မှာ မလွယ်လှပေ။ မလွယ်လှသောအလုပ်ကို ဦးနေသည် နောင်လာနောင်သားတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားခဲ့ပေသည်။

နောင်တော်ကြီးလွန်၍ ဆင်ဖြူရှင်ခေါ် မြေဒူးမင်းနန်းတက်သည်။ များမကြာမီ အမြင့်မင်းသား၏လူပျိုတော်သား ငအောင်တင်နှင့် အပျိုတော် မိမိတ်တို့ ရည်ငံကြသည့် အမှု ဖြစ်ပေါ်လာသည်။ မိမိတ်အား ဆင်ဖြူရှင်မင်း ကိုယ်တိုင် ရိုက်နှက်စစ်မေးသည်တွင် လူပျိုတော်သား ငအောင်တင်နှင့် ချစ်ခင်စုံမက်နေကြောင်း၊ ငအောင်တင်က ချိန်းဆို၍ ထွက်တွေ့ရပါကြောင်း ဖွင့်ဆိုသည်။ ဆင်ဖြူရှင်ခေါ် မြေဒူးမင်းသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ငအောင်တင်ကို အမြင့်မင်းသားထံမှ တောင်းယူသည်။ အမြင့်မင်းသားက မပေးအပ်ဘဲ နေရာ ကြွက်မနိုင်၍ ကျီကို မီးရှို့သကဲ့သို့ အကြီးတော် ဦးမြတ်စံအား မဲဇာသစ်တောသို့ နှင်ပို့လေသည်။ ဤအဖြစ်အပျက်သည် မင်းမှုထမ်းများနှင့် ပညာရှိစာဆိုတို့အတွက် အတော်ပင် သွေးလန့်သွားစေသောကိစ္စ ဖြစ်လေသည်။ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည်လည်း ထိုမှစ၍ စာပေရေးသားပြုစုလိုသောဆန္ဒ ခေါင်းပါးခဲ့ရကြောင်းကို ဗျူဟာစက္ကပျို့၊ သာဓိနပျို့ နိဂုံးတို့တွင် ဖော်ပြဝန်ခံထားလေသည်။

မကြာမီတွင် ဆင်ဖြူရှင်ခေါ် မြေဒူးမင်းသည် နေပြည်တော်ကို ရတနာသိင်္ဃမှ အင်းဝသို့ ရွှေ့ပြောင်းစံတော်မူသည်။ လက်ဝဲနော်ရထာဘွဲ့ခံ ဦးနေသည် ကျန်းမာရေး
mgyoe.com

mgyoe.com
မကောင်းဟု အကြောင်းပြကာ ရတနာသိဃ်တွင် နေရစ်ခဲ့သည်။ မြေဒူးမင်းက သိရှိတော်မူလျှင် "နေရစ်ခဲ့ရမည်လော"ဟု ဆို၍ အခေါ်ခိုင်းလေသည်။ ဦးနေသည် မချောင်သာတော့ချေ။

> ချုန်းဆော်ဆင့်ရွာ၊ မိုးဒေဝါသို့၊ များစွာလူနတ်၊ ချမ်းရည်ဆွတ်လျက်၊ သမွတ်ဥပမိ၊ မရှိရုံခါ၊ စိုးစဉ်းနာကြောင့်၊ စကြာထံခ၊ မပါရ၍၊ နေ့ညရှုမျှော်၊ ခေါ်တော်မူနိုး၊ တညိုးညိုး လျှင်၊ လန့်စိုးလိပ်ပျာ၊ ရွှေပြည်မှာလည်း။ အခါချိန်ထောက်၊ မလျှောက်မဆို၊ ဗဟိုရ်နှာရီ၊ ပီပီမကြား၊ သည်ကြောင်းလျှားကို၊ အောက်မားချုပ်ချာ၊ မတ်လိမ္မာလျှင်၊ မေတ္တာရှိလျှောက်၊ မှန်ရာလျှောက်လော့၊ တစ်ယောက်တည်းသာ၊ ခပေါင်းကွာခဲ့၊ သညာအာဒိ၊ နေမျိုးရှိသည်၊ သီရိဇေယျ ကျော်ထင်သော်ဝ်။ ။

ဤအခါတွင် နေမျိုးသီရိကျော်ထင်ဘွဲ့ကို ရရှိပြီးလေပြီ။ အင်းဝသို့ရောက်လျှင် အတွင်းဝန်အရာနှင့် ခစားထမ်းရွက်နေရလေသည်။ တစ်ခါသော် မြေဒူးမင်းသည် မြင်းစီး၍ လောကမဥ္စုဘုရားကို သွားရောက်ဖူးမြော်သည်။ အပြန်တွင် ပြုကန်သို့ သွားရောက်ကြည့်ရှုလေသည်။ ဦးနေသည် နောက်တော်ပါးက ခစားလိုက်ပါရလေသည်။ သို့နှင့် ပြုကန်၏သဘာဝ၊ ပြုကန်၏သမိုင်းကိုရေးရန် အကြံရလာသည်။ အင်းဝခေတ် ရွှေနန်းကြော့ရှင် ဘုရင်နရပတိသည် သျှိသျှားကန်ခေါ် မိတ္ထိလာကန်ကြီးသို့ရောက်လျှင် ကန်၏အကြောင်းကို တံငါသည်ခေါ် ရေလုပ်သားကြီးတစ်ဦးနှင့် ဆွေးနွေးမေးမြန်းလေဟန်ကို စာဆိုကျော် ရှင်မဟာသီလဝံသသည် "ကျူးလေ့စစ်ခေါင်"အစချီ၍ ရေးသားဖွဲ့ဆိုသကဲ့သို့ ယခုလည်း ပြုကန်အကြောင်းကိုရေးရလျှင် သင့်မည်ဟုယူဆ၍ "ကျူးလော့အခေါင်" အစချီလင်္ကာ ၉ အပိုဒ်ကို ရေးဆက်လေသည်။

ကြားပိမ့်မော်ကွန်း၊ မြို့သစ်ထွန်းစိမ့်၊ ရွှေနန်းကြော့ရှင်၊ ဘုန်းညွန့်ရှင်သည်၊ ဘုရင်ခေါင်ထိ၊ နရပတိလက်ထက်၊ တောင်ဘက်ရပ်သာ၊ သင်းကြီးမှာ၌၊ တံငါရေလား၊ ပြန်စကားကို၊ သျှိသျှားကန်ဘွဲ့၊ ကျော်သကဲ့သို့၊ မဟဲ့ပြိုင်တည်၊ ယခုသည်လည်း၊ ဘုန်းခြည်ရောင်လက်၊ နေနှယ်တက်သား၊ နေထွက်နန်းစံ၊ နေနတ်နံလျှင်၊ မြဲမြံသမ္မာ၊ အောင်ချာတိုင်းမ၊ မြန်ဌာနဉ်၊ ဘုရားသာသနာ၊ မာတြာဝယ်၊ မိဿာဟန်ယုတ်၊ ရန်ခလုတ်ကို၊ ရန်ငုတ်တူးပစ်၊ စင်ပျစ်ပျစ်လင်၊ အမြစ်မရှက်၊ မခက်စေရ၊ သမ္မာမျှ၍၊ ဒီပထက်ဝန်း၊ စစ်ကုန်ခန်းသော်၊ သုံးကျွန်ရှိကုံး၊ တောင်တစ်လုံးဝယ်၊ ထွတ်ဆုံးမှန်ကူ၊ မြတ်မဥ္စူကို၊ မင်းလူအစုံ၊ ရှိငုံထိပ်ပေါ်၊
mgyoe.com

mgyoe.com
ပူဇော်အပြန်၊ ပြုကန်ကန်တွင်၊ တောခွင်ရေလား၊ ကြာသီးစားနှင့်၊ မတ်များခွန်းခွန်း၊ မေးမြန်း လျှောက်မြွက်၊ ပြန်ဆိုချက်ကို၊ စဉ်ဆက်ကျော်ဟိုး၊ မော်ကွန်းထိုးအောင်၊ နေမျိုးမဟာ ကျော်ထင်၊ အရှင်ယုံကျွန်၊ အတွင်းဝန်ထည်း၊ စိတ်သန်မြတ်ဘော်၊ နောက်တော်စင်စစ်၊ ပါသည်ဖြစ်၍၊ သက္ကရာဇ်တွက်သင့်၊ ထောင်နှင့်ရာကြွယ်၊ သုံးဆယ်နှစ်ခု၊ ဥတုဆီးဖွဲ့၊ တပို့တွဲလ၊ ပြည့်ဝှဲ့ကျော်ဆုံး၊ ဆဲ့သုံးရက်စေ့၊ အင်္ဂါနေ့ဝယ်၊ မဟေ့ာဘက်မဲ့၊ ပြုကန်ဘွဲ့ဟု၊ လေးတွဲ့သံမြိုက်၊ မင်းနားထိုက်အောင်၊ ကိုးပိုဒ်လင်္ကာ၊ နန်းဘွယ်ရာဖြင့်၊ ရာဇာရတိ၊ ဆက်လျှောက်ချီသည်၊ ကဝိကျွန်ဝတ် ပြေသတည်း။ ။

၁၁၃၂ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ဤလင်္ကာ ၉ ပိုဒ်ကို ဠာန်ကရိဏ်း ကျကျ၊ လေးလေးတွဲ့တွဲ့၊ သီဆိုဖတ်ကြား လျှောက်ထားဆက်သကြောင်း ဖော်ပြထားသည်။ ရှင်မဟာသီလဝံသ၏စာတွင် မင်းအကြောင်း။ ကန်အကြောင်းလောက်ကိုသာ ပြောထား သည်။ လက်ဝဲနော်ရထာ ဦးနေ၏စာတွင်မူ ထိုမျှမက၊ အင်ဝမြို့တော်ကြီး၏ အတိုင်းအတာ ပမာဏကိုလည်းကောင်း၊ အင်းဝမြို့တော်နှင့် ကန်၏အဝေးအကွာ၊ ရတနာသိင်္ဃမြို့တော် နှင့်ကန်၏အဝေးအကွာများကိုပါ ပြောထားသည်။ ရေလုပ်သားကြီးနှင့် အမတ်တို့ မေးကြ မြန်းကြပုံ စကားများမှာလည်း လွန်စွာ ဖွယ်ဖွယ်ရာရာရှိလှသည်။ ဤအခါတွင် ဦးနေသည် နေမျိုးမဟာကျော်ထင်ဘွဲ့နှင့် အတွင်းဝန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိနိုင်သည်။

ဦးနေ၏ စာပေလုပ်ဆောင်ချက်များကိုကြည့်၍ ဆုံးဖြတ်ရမည်ဆိုလျှင် တွင်းသင်း မင်းကြီး ဦးထွန်းညိုတို့ကဲ့သို့လည်းကောင်း၊ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံတို့ကဲ့သို့လည်း ကောင်း၊ စာပေပညာရှိကြီးတစ်ဦးဟူ၍ကား ဆိုနိုင်အံ့မထင်ပါ။ သို့ရာတွင် စာမှတ်စာစု၊ စာပြုလုပ်ငန်းကို မနားမနေ လုပ်ဆောင်သွားသည့် စာပေပိဋ္ဋကတ်တိုက်မှူးကြီးတစ်ဦး ဟူ၍ကား ဆိုနိုင်ပါသည်။ သူ့ကျေးဇူးကြောင့် နောင်လာနောင်သားတို့ အကျိုးများရသည်။ ရတုစာပေများကို တသီးတသန့် စုဆောင်းသွားသည်။ လျှောက်ထုံးကျမ်းများကို အလျှင် ဆုံး စထွင်ပြုစု မှတ်တမ်းတင်သွားသည်။ ရတုလင်္ကာ၊ သမိုင်း စသည်တို့ကို ကိုယ်တိုင် စီကုံး ဖတ်လျှောက်ခဲ့သည်။ သူ၏မှတ်တမ်းတွင် –

"ထိုမှတစ်ပါးလည်း အလောင်းမင်းတရားလက်ထက် ဟံသာဝတီကသည်၊ ယိုးဒယားချီသည့် ရတုစု၊ သားတော်ကန်တွင်းစည်းခုံ ဒါယကာလက်ထက်၊ အရပ်ရပ် ဆက် ရတုစု၊ ၎င်းညီတော် ဆင်ဖြူ့ရှင်လက်ထက် မင်္ဂလာတော် ကြီးငယ်ရှိသမျှတွင် ဆက်သည့်ရတုစု၊ လဆန်းတစ်ရက်နေ့ရောက်လျှင် ထန်းရွက်ရေးအိတ်နီသွတ်၍ ဆက် သည့် ရတုစုအစုံ ၁၀၀ ကျော်၊ ၎င်းဆံတော်ရှင် ထီးတော်တင် ရတုစု၊ သားတော်လက်ထက် လစဉ်ဆက် အရပ်ရပ် ရတုစု၊ ၎င်းမိဖုရား ဝန်မင်းစည်သူ သခ်ယာနှင့် ရတုဆိုကြရာတွင်
mgyoe.com

mgyoe.com

တစ်ယောက်ကခံ၍ တစ်ယောက်ကဖြည့်သည့် ရတုအစုံ ၃၀ ကျော်၊ ထိုမှတစ်ပါးလည်း မောင်ဘွဲ့မယ်ဘွဲ့ ဘုရားတိုင် နတ်တိုင်မှစ၍ မင်းလက်ဝဲနော်ရထာဆိုသော ရတုအများ ရှိသေးသည်။ ထိုရတုကြီးတွင်မူကား စုံရာ ၁၁ စုံသာ ထည့်လိုက်သည် ...

ဟု ဆိုထားသည်။ လက်ဝဲနော်ရထာသည် မိမိကိုယ်တိုင်ရေးသော ရတုများကို တသီးတသန့် အစုံအလင် စုစည်းထားသင့်ပါလျက် အဘယ်ကြောင့် မစုစည်းခဲ့လေသနည်းဟု မသိနိုင်ဖြစ်ရသည်။ ၁၁ စုံကိုသာ မှတ်တမ်းတင်ထားခဲ့သည်ဟု ဆိုသဖြင့် ကျွန်ုပ်တို့ ထပ်မံရှာဖွေရရှိသည့် ရတုများနှင့်ပေါင်း၍ ရတု ၁၆ စုံကို ရရှိပါသည်။ ဤရတုများတွင်မူ လက်ဝဲနော်ရထာ၏ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သောကိစ္စများ ပါဝင်နေပေသည်။

၁။ ရတနာသိင်္ခ ခေါ် မြောက်မြို့မှာနေခဲ့ရစဉ်ရေးသည့် ရတု၊

၂။ မြောက်မြို့မှာနေရစဉ် အောက်မား ဝန်မှတစ်ဆင့် ဆင်ဖြူရှင်မင်းသို့ လျှောက်ဆက်သည့်ရတု၊

၃။ မင်းနေမျိုး မမဟာကျော်ထင်ဘွဲ့ကို ခံသည့်ကာလ၊ ထားနက်၊ သက္ကဒန် ဦး၊ လက်ပန်းပုတစ်ရက် သနားတော်မူရာတွင် ဆက်သည့်ရတု၊

၄။ ပဲခူးမိဖုရားဆိုသည့်ရတုကို အလိုက်ရေးသည့်ရတု၊

၅။ ၁၁၂၉ ခုနှစ်၊ ယိုးဒယား ဒွါရာဝတီမြို့ကို အလိုတော်ပြည့်လျှင် လက်ဝဲနော်ရထာတို့ လူစုသည် အမြောက်ကြီး ၂ လက်ကို ယူဆောင်လာရာ ၁၁၃၀ ခုနှစ်၊ တန်ခူးလတွင် ရွှေဖဝါးတော်အောက်ရောက်သည်။ ယင်းအမြောက်ကြီး ညီနောင်ကို ဖွဲ့ဆိုသည့် ရတု။ (အမြောက်ကြီးနှင့် ရတုသည် ဥဒါန်းမော်ကွန်းဖြစ်လောက်ပေ၏ဟု ချီးကျူးခြင်းခံရသည်။)

၆။ ၁၁၃၃ ခုနှစ်တွင် တောင်ငူနယ်၊ ရွာသစ်ကြီးတောမှ ဆင်ဖြူဆက်သည့် အကြောင်းဖွဲ့သည့်ရတု၊ ထိုတွင် ဆင်ဖြူရှင်ဘွဲ့ကိုခံသည်။ ဆင်တော်ကို ဆဒ္ဒန်ပြောင်ကျော်ဘွဲ့ တပ်သည်။ လက်ဝဲနော်ရထာကိုလည်း မြောက်ဘက် တိုက်ဝန်ခန့်သည်။

၇။ ဘုန်းတော်ဘွဲ့ (အပရိဟာနိယတရား ၇ ပါး၊ စစ်အောင်ရာသည် ၁၂ ပါးကို ဖော်ပြသည်။)

၈။ ဘုန်းတော်ဘွဲ့ (ကျွန်ကောင်းလက္ခဏာ ၆ ပါး၊ အံ့ဖွယ်ရှစ်ပါးတို့ ပါဝင်သည်။)

mgyoe.com

mgyoe.com

၉။ ဘုန်းတော်ဘွဲ့ (စစ်ဖြစ်ကြောင်း ၁၀ ပါး၊ ဥပါယ် ၄ ပါးတို့ပါသည်)

၁၀။ ဘုန်းတော်ဘွဲ့ (မင်းကျင့်တရား ၈ ပါးပါသည်။)

၁၁။ ဘုန်းတော်ဘွဲ့ (ရန်အောင်ရာ၊ မင်းကျင့်တရားငါးပါးပါသည်။ ပြည်ရွာသာယာကြောင်း တရားပါသည်။)

၁၂။ ဦးအောင်ဖေယျ၏ ဘုန်းတော်ဘွဲ့ရတု၊

၁၃။ အလောင်းမင်းတရားကြီး၏ ဘုန်းတော်ဘွဲ့၊

၁၄။ အလောင်းမင်းတရားကြီး၏ ဘုန်းတော်ဘွဲ့၊

၁၅။ အလောင်းမင်းတရားကြီး၏ ဘုန်းတော်ဘွဲ့၊

၁၆။ အလောင်းမင်းတရားကြီး၏ သကြ်န်တော်ခေါ် ရတု၊

စသည့် ရတုများကို တွေ့ရပေသည်။ စိန္တကျော်သူဦးဩဆို ရတုများ၊ လက်ဝဲသုန္ဒရ ဦးမြတ်စံဆို ရတုများ၊ ရွှေတိုက်စိုး ဦးတိုးဆို ရတုများကိုပင် တသီးတသန့် တွေ့ရသေးလျှင် လက်ဝဲနော်ရထာ ဦးနေ၏ရတုများ အဘယ်ကြောင့် မတွေ့ရအံ့နည်းဟု စဉ်းစားမရ ဖြစ်ရပါသည်။ အမှန်ဆိုရလျှင် ဦးနေသည် ရတုအများဆုံး ရေးသွားသူပင် ဖြစ်ပါတော့သည်။ တစ်ခု စဉ်းစားစရာရှိသည်မှာမူ လက်ဝဲနော်ရထာ၏ရတုများသည် မင်းခမ်းမင်းနားနှင့် ပတ်သက်သည့် ရေးရိုးရေးစဉ် ဘုန်းတော်ဘွဲ့ရတုများသာ ဖြစ်သဖြင့် အကြောင်းမထူးဟုယူဆ၍ စုပေါင်းမထားခဲ့လေသလော မသိပေ။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်တွင် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ၏ မဲဇာတောင်ခြေနှင့် ဝေဠုန်းစန္ဒာ အစရှိရတုများက လူတိုင်း၏နှလုံးသားကို ကြေကွဲအောင် ဖန်တီးနေသောကြောင့် ဖြစ်ပါသည်။ ထိုရတုများသည် ရသစာပေဖြစ်သဖြင့် ရိုးရိုးရတုစာပေနှင့် ကွာခြားပေလိမ့်မည်။ ရိုးရိုးရတုများအပေါ်၌ စိတ်ဝင်စားမှု လျော့ပါးပေလိမ့်မည်။

ဦးနေသည် စာမှတ် စာစု စာပြုသမားသာလျှင်မက ဂီတပညာရှင်တစ်ဦးလည်း ဖြစ်ချေသည်။ အင်းဝခေတ်က သီဆိုတီးမှုတ်လာခဲ့သည့် "ဗောဓိရွက်သံ ကြိုးသီချင်း"ခေါ် တီးလုံးတေးသွားတစ်ခုရှိသည်။ ထိုတေးသွားကို "ထွေတလာ နေမသာချမ်းပင် ချမ်းမြအေး ..."စသည်ဖြင့် စာသားသွင်း၍ ရေးသားထားသည်။ မဟာဂီတ သင်ရိုး ကြိုးသီချင်း ၁၃ ပုဒ်တွင် ဤသီချင်းသည် ပဋ္ဌမမြောက်သီချင်း ဖြစ်ပေသည်။ သင်တပည့်တို့သည် လက် အချိန်အဆ အပေါ့အလေးကို မှန်အောင် ဤသီချင်းကို လေ့ကျင့်ကြရသည်။

ထို့အပြင် နဝရတ် ခရသင်းသံ ကြိုးခေါ် "သပြေပင်ဝန်း၊ ဇမ္ဗူညာကျွန်း၊ **အခေါင်စံရွှန်း၊ တန်ဆောင်လျှံထွန်း**"အစရှိသည့် ကြိုးသီချင်းကိုလည်း ဆင်ဖြူရှင်မင်း လက်ထက်တွင် ရေးဆက်သည်။ ညာသပြေဘောင် အစရှိ မြင်းစိုင်းကြေးခရာသံကြိုး၊

mgyoe.com

mgyoe.com
ပုံပမာ အစချီ သီကြားမင်း ခရသင်းသံကြိုးနှင့် သပြေပင်ဝန်းအစချီ နဝရတ် ခရသင်းသံကြိုးသီချင်းများကို တုတ်သုံးချက် ကြိုးသီချင်းများဟု ခေါ်သည်။ သပြေပင်ဝန်းမှာ အချုပ်၊ ပုံပမာမှာ အချာ၊ ညာသပြေဘောင်မှာ အခရာဟု ရှေးဂီတ ပညာရှင်ကြီးများ အမှတ်ပြုကြသည်။ ကြိုးသီချင်းများထဲတွင် အဆိုပါ အချုပ်၊ အချာ၊ အခရာ သီချင်းများမှာ အဆင့်အတန်း အမြင့်ဆုံးသီချင်းများဖြစ်၍ ထိပ်တန်းဂီတပညာရှင်ကြီးများ၏ လက်သုံးဖြစ်သည်။ သပြေပင်ဝန်းကို ဦးနေရေးသည်ဟု အမှတ်အသား တွေ့ရသည်ဖြစ်ရာ ဦးနေ၏ ဂီတပညာအဆင့်အတန်းကို ခန့်မှန်းနိုင်ပါသည်။ သပြေပင်ဝန်းကို ဦးနေရေးသည်ဆိုလျှင် ကျန်သီချင်း ၂ ပုဒ်ကိုလည်း ဦးနေပင် ရေးတန်ရာသည်။ နောက်လူတို့က ခေါင်းစည်းမထိုးခြင်းကြောင့်သာ ရေးသူမသိရခြင်း ဖြစ်ပေမည်။

ဦးနေသည် ဘိုးတော်ဘုရားခေါ် ဗဒုံမင်းလက်ထက်သို့ ရောက်သောအခါ ပို၍ပင် ချီးမြှင့်မြှောက်စားခြင်းခံရပြန်သည်။ ဗဒုံမင်းက ဦးနေသည် အသက်လည်း ကြီးလှပြီ၊ ခမည်းတော်ကိုယ်တိုင် ယုံကြည်အားထားလာသူလည်း ဖြစ်သည်၊ ထို့ကြောင့် ငါ့ရွှေလက်ထက်တော်တွင်လည်း ချီးမြှောက်ထိုက်သူဖြစ်သည်ဟု ဆို၍ မဟာသီဟသူရဘွဲ့နှင့် အမရပူရမြို့ဝန်အရာ၌ ခန့်ထားသည်။ ဦးနေသည် ဘိုးတော်ဘုရားနှင့် မောင်းထောင်ဆရာတော်တို့ အပြန်အလှန်မေးကြဖြေကြသည့် "အမေးတော်ဖြေ ကျမ်းကြီး"ကို စီရင်ခဲ့သည်။ ဘိုးတော်ဘုရား၏ သားတော်ကြီး အိမ်ရှေ့ရွှေတောင်မင်းသားသည် ရခိုင်(ဓညဝတီ) ကို တိုက်ခိုက်အောင်မြင်တော်မူသည့်အကြောင်း ဓညဝတီနိုင် မော်ကွန်းကိုလည်း ဖွဲ့ဆိုသည်။ ရခိုင်စစ်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့၍ ရခိုင်မှ မဟာမြတ်မုနိဘုရားကြီးကို ပင့်ဆောင်ရာတွင်လည်း ကိုယ်တိုင်ကြီးကြပ်ပါဝင်ရသူ ဖြစ်ခြင်းကြောင့် မင်းခမ်းစာတမ်းတော်ကြီးတွင် ထိုဘုရားကြီးအား ပင့်ဆောင်လာခဲ့ပုံကို အသေးစိတ် မှတ်တမ်းတင်ရေးသားထားသည်။ ဘုရားကြီးကို စတင်ရွှေ့ပြောင်းသည်မှ ခရီးအဆင့်ဆင့်၊ တောင်ပေါင်း ၁၃၀ ကျော်ကို ဖြတ်ကျော်၍ လာရပုံများကို အတိအကျရေးထားသည်။ ရေကြောင်းနှင့်ကြုံလျှင် ဖောင်နှင့်ဆွဲရသည်။ ဖောင်သားတို့ ညာသံပေး၍ ကြွေးဟစ်သီဆိုရန် သီချင်းကိုလည်း ရေးသည်။

အလွမ်းထပ်ဆင့်လောင်း၊ ချမ်းပြန်ရာတွင်၊ သွင်းစ မြောက်လေဝင်။
ကြည်စင်လေ၊ ကြည်စင်လေ။ သောင်ပြင်ငယ် မြစ်လုံး၊ ကြေညာကျူးရင့်၊
သံပြိုင်ဆင့်ဆင့်လေး၊ လှေတော်သောင်းထောင်ရာ၊ ကျွန်တော်များမြောင်စွာ။
ရေညာ ရေညာလျှမ်းမျှလေ၊ ဟေမာချိန်ခါဆန်းစလေး။ နှင်းနှင်းလေညင်း၊
ဝင်လာဗုံမောင်း။ ဒေဝါပဇ္ဇုန်လောင်းပါလို့၊ ရေကြောင်းမှိုင်းရီရီလေတည့်မှာ၊
အောင်ပွဲတပ်တော်ချီ ...
mgyoe.com

mgyoe.com

ရခိုင်ဘုရားကြီးကို ရခိုင်မှပင့်ဆောင်လာခဲ့ရာ ပြည်မြို့၏ အနောက်ဘက် ပန်းတောင်းမြို့သို့ ရောက်သည်။ ပန်းတောင်းမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်တော်လှေတော်များနှင့် ဆွဲ၍ အညာသို့ ဆန်ရသည်။ ဆောင်းဦးကာလရောက်ချေပြီ။ အောင်ပွဲခံလာသည့် တပ်တော်သားများကို မြောက်လေညင်းနှင့် ငွေနှင်းမှုံတို့က ဆီး၍ ထွေးပိုက်ကြိုဆိုကြသည်။ ဤသီချင်းသည် ဝီရရသ အပြည့်ဝဆုံးသော သီချင်းဖြစ်ပါပေသည်။ ဤမျှမကသေးပါ။ သက္ကရာဇ် ၁၁၂၉ ခုနှစ်က ဆင်ဖြူရှင်မင်းတရားသည် ယိုးဒယားနှင့် တကွ ဇင်းမယ် ၅၇ ခရိုင်ကို တိုက်ခိုက်အောင်မြင်တော်မူသောအခါလည်း ဦးနေသည် ကိုယ်တိုင် ပါဝင်ခဲ့ရသူ ဖြစ်သည့်အတိုင်း ...

> ယိုးဒယားပြည်၊ အောင်မြင်သည်ကို၊ ရစ်လည်ဝန်းညီ၊ ပုလဲသီသို့၊
> အစီအလျဉ်၊ စစ်ရေးစဉ်ပိမ့်။ ။

ဟု အစချီ၍ စေ့စေ့စပ်စပ် ဖွဲ့ဆိုရေးသားထားလေသည်။ မော်ကွန်းစာဆိုထဲတွင် ထိပ်တန်းရှေ့ဆောင်ပုဂ္ဂိုလ်ကြီးဟု ဆိုသင့်ပါသည်။

> ယွန်းပြည်ဒေသ၊ ခန့်ချီရသား၊ အဘယဂါမဏိ၊ သီရိရာဇသင်္ကြံ၊
> စိမ်ရေးခြား၊ တိမ်ကြားမင်းခေါင်၊ ရန်အောင်နေကျ၊ ပွဲတိုင်းရသည်၊
> မင်းလှသီရိ၊ ရည်ရှိလေးမတ်၊ သေနတ်သုံးကြောင်း၊ စစ်ခေါင်းဗိုလ်မှူး၊
> ခုနစ်ဦးလည်း၊ မုန်မှူးဆင်နှိုင်း၊ ခန့်လိုက်တိုင်လျှင်၊ မဆိုင်းမရွံ့၊ နှိပ်နှံ့
> သွယ်သွယ်၊ အောင်ပွဲကျယ်မှ၊ ဇင်းမယ်လကွန်း၊ အနန်းပြည်ခွင်၊ မိုင်းသွင်
> ကျိုင်းသည်၊ စပ်လျည်မြေကြော၊ တယောကြွင်းမဲ့၊ ငါးဆဲ့ခုနစ်ဆိုင်၊ ယွန်း
> ခရိုင်ကို၊ လက်နိုင်ခြေရုံ၊ ကြံတိုင်းနှံ့၍၊ နိုင်ငံစည်ရှည်၊ ဇင်းမယ်ပြည်၌၊
> သင်သည်သူအား၊ စောင့်နေထားမှ၊ ထင်ရှားလွှမ့်ပေါ်၊ ဆင်ကျော်မြင်းကြီး၊
> သမီးမြေသား၊ စော်ဘွားကစ၊ ကျန်သမျှနှင့်၊ ဇယဓမ္မာ၊ ကောဇကေ၊
> တပေါင်းလဝယ်၊ လောကထိပ်ပေါ်၊ နောင်တော်စံမြန်း၊ စစ်ကိုင်းနန်းသို့၊
> ရှိပန်းတင်ရွက်၊ ယူခဲ့ဆက်သည်။ ပြည့်နှက်ရွှေငွေ ရှမ်းယွန်းတည်း။

ဟူ၍ မှတ်တမ်းတင် ရေးသားထားရာ သမိုင်းအတွက် များစွာ အထောက်အပံ့ရစေသောစာ ဖြစ်သည်။ ရတနာသိင်္ခမြို့ ပန္နက်ကို ရိုက်သည်လည်း မောင်နေ၊ အခါပေးသည်လည်း မောင်နေပင်ဖြစ်သည်ဟု မုံရွေးဇေတဝန် ဆရာတော်၏ စေတီယကထာစာတမ်းတွင် ဆိုထားသည်ကိုထောက်လျှင် ရတနာသိင်္ခ မြို့ပြင်တံခါး ၄၀ ကို ဖွဲ့သည့် မော်ကွန်းလင်္ကာနှင့် နတ်ကြီး ၉ ပါးကိုဖွဲ့သည့် မော်ကွန်းလင်္ကာကိုလည်း ဦးနေပင် ရေးလိမ့်မည်ဟု ယူဆရပါသည်။ ဦးနေသည် အလောင်းမင်းတရားကြီး၏ ပြည်ထောင်ဘက်

mgyoe.com

mgyoe.com
တိုင်းပြုပြည်ပြု စာဆိုကြီးပင် ဖြစ်ပါပေသည်။

သက္ကရာဇ် ၁၁၅၂ ခုနှစ်တွင် ဘိုးတော်ဘုရားသည် သားတော်ကြီးအိမ်ရှေ့ ရွှေတောင်မင်းသားနှင့်အတူ မန္တလေးအထက် မင်းကွန်းအလယ်ကျွန်းတွင် စံနန်းတော် ဆောက်၍ စံတော်မူသည်။ အလယ်ကျွန်းတွင် စေတီတော်တစ်ဆူကိုလည်း တည်ထား ကိုးကွယ်တော်မူသည်။ ဦးနေသည် ဘိုးတော်ဘုရားနှင့်အတူ လိုက်ပါတော်မူရသည့် အတိုင်း မင်းကွန်းစေတီတော်၏ မော်ကွန်းကို ဖွဲ့ဆိုသည်။ ထိုမော်ကွန်းစာကို ရှာဖွေမတွေ့ရ ချေ။ ထိုမော်ကွန်း သည် ဦးနေ၏ နောက်ဆုံးလက်ရာပင် ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့် ဆိုလျှင် သက္ကရာဇ် ၁၁၅၃ ခုနှစ်၊ အသက် ၆၈ နှစ်အရွယ်တွင် ကွယ်လွန်သွားခြင်းကြောင့် ဖြစ်ပေသည်။ ဦးနေ၏စာများကို စာရင်းကောက်လျှင် ...

၁။ လက်ဝဲနော်ရထာလျှောက်ထုံး။

၂။ အလောင်းမင်းတရား လျှောက်ထုံး (ဝါ) နန်းစဉ်ပုစ္ဆာ။

၃။ အမေးတော်ဖြေ။

၄။ ပလိုင်းဆရာတော် လျှောက်ထုံးအဖြေ (ပေမူ)။

၅။ အလောင်းမင်းတရားကြီး အရေးတော်ပုံခေါ် လက်ဝဲနော်ရထာ ရာဇဝင် (ပေမူ)။

၆။ ဆင်ဖြူ့ရှင် အရေးတော်ပုံခေါ် မင်းခမ်းစာတမ်းတော်ကြီး (ဗဒုံမင်း၏ ဘိသိက်ခံအစီအရင်၊) (ပေမူ)။

၇။ ယိုးဒယားနိုင် မော်ကွန်း(အစုံမတွေ့သေး)၊

၈။ ဓညဝတီနိုင် မော်ကွန်း(အစုံမတွေ့သေး)၊

၉။ ရှေးစာဆိုတော်များ၏ ရတုပိုဒ်စုံများ (နတ်ရှင်နောင်၊ နဝဒေးကြီး– စသည်)။

၁၀။ မြန်မာသံယောဂဒီပနီ။

၁၁။ ပြည်ကြီးလာမော်ကွန်း (မြေဒူးမင်းအင်းဝသို့ ပြောင်းရွှေ့လာခြင်း အကြောင်း) (အစုံမတွေ့ရသေး)။

၁၂။ မုဒ္ဒါဘိသေက မော်ကွန်း (ဗဒုံမင်း ဘိသိက်ခံအခမ်းအနား) (ပေမူ)။

၁၃။ ဗိန်နအောင်ချာ ရွှေဘုံသာ မော်ကွန်း (မတွေ့သေး)။

၁၄။ ရတုအစုံပေါင်း ၄၀၀ ကျော်။

၁၅။ မင်းကွန်းစေတီတော် မော်ကွန်း (မတွေ့သေး)။

စသည်တို့ ဖြစ်ကြသည်။ ထို့ပြင် အခြားသော ဂီတသီချင်းများလည်း အများ

mgyoe.com

mgyoe.com
အပြား ရှိသေးသည်။ ရှာဖွေမတွေ့ရသေးသည့် စာများလည်း အများပင် ရှိဦးမည်ထင်သည်။

ဦးနေသည် ရှေးဦးစွာ လက်ဝဲသုန္ဒရဘွဲ့ကိုရသည်။ ထိုနောက် လက်ဝဲနော်ရထာဘွဲ့ကိုရသည်။ ထိုအခါတွင် နောက်မှရောက်လာသည့် မကျည်းတုံရွာမှ ဦးမြတ်စံအား လက်ဝဲသုန္ဒရဘွဲ့ကိုပေးသည်။ ဤတွင် လက်ဝဲသုန္ဒဘွဲ့တူ ပုဂ္ဂိုလ် ၂ ဦး ထွေးရှုပ်သွားသည်။ ဦးမြတ်စံမှာ လက်ဝဲသုန္ဒရဘွဲ့နှင့် မဲဇာသစ်တောသို့ အပို့ခံရသဖြင့် နာမည်ကြီးသွားရာ အရည်တူပုဂ္ဂိုလ်ဖြစ်သော ဦးနေ၏အမည်မှာ လူသိနည်း၍သွားသည်။ ယခုအခါတွင် ဦးမြတ်စံနှင့် ဦးနေတို့ကို ကွဲကွဲပြားပြား သိကြရပေပြီ။ သို့ရာတွင် ဦးနေရေးသည့် လက်ဝဲနော်ရထာ ရာဇဝင်ခေါ် အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကြီးနှင့် ဆင်ဖြူရှင်အရေးတော်ပုံခေါ် မင်းခမ်းစာတမ်းတော်ကြီးအမည်ရှိ စာမူတို့မှာ ပုံနှိပ်စာအုပ်အဖြစ်မရောက်သေးသည့် တိမ်မြုပ်နေသောပေမူများ ဖြစ်နေပေသည်။ မင်းခမ်းစာတမ်းတော်ကြီးတွင် ဘိုးတော်ဘုရား၏မုဒ္ဓါဘိသိက်၊ ရာဇဘိသိက်ခံအခမ်းအနားများနှင့် ပတ်သက်၍ ရွှေနန်းစဉ်လာ ထုံးစံဓလေ့များကို အသေးစိတ် မှတ်တမ်းတင် ရေးသားထားလေသည်။

ဦးနေသည် အလောင်းမင်းတရားကြီးမှအစ ဘိုးတော်ဘုရားလက်ထက်တိုင် စာမှတ်စာစု စာပြုစာဆိုအလုပ်ကို အချိန်ရှိသမျှ လုပ်ဆောင်သွားခဲ့သည့် စာပေလုပ်သားကြီးဖြစ်ပါတော့သည်။ ဦးနေ၏ကျေးဇူးကား နောင်လာနောက်သားတို့အတွက် အဖိုးမဖြတ်နိုင် ရှိပေတော့သည်။ သူ၏ စကားပြေကျမ်းများသည်လည်းကောင်း၊ ကဗျာလင်္ကာ၊ ဂီတသီချင်းများသည်လည်းကောင်း၊ မြန်မာစာပေသမိုင်းတန်ဆောင်တွင် ဂုဏ်ရည်ပြောင်သည့် ဂုဏ်မြောက်စာပေများပင် ဖြစ်ပေတော့သည်။

မြန်မာအမျိုးသားစိတ်၊ မြန်မာ့ဇာတိမာန်ကို တက်ကြွအောင် နှိုးဆွပေးခဲ့သည့် ဇာတိမာန် စာဆိုကြီးဦးနေအား မြန်မာစာပေသမိုင်းတွင် ထိုက်ထိုက်တန်တန် ပလ္လင်ဆောက်၍ ချီးမြှောက်ဂုဏ်ပြုကြပါစို့ …။ ။

(အထက်ဖော်ပြပါ ဦးနေ၏စာများကို ဖတ်ရှုကိုးကား၍ ဤဆောင်းပါးကို ရေးပါသည်)

mgyoe.com

mgyoe.com

# သုခမိန်ဦးနေ၏ စာပေ ဂီတ သုတေသန

မောင်ကျောက်တိုင်

ကုန်းဘောင် ခေတ်ဦးပိုင်းမှစ၍ စာဆို သုခမိန်အဖြစ် ထင်ရှားခဲ့သော လက်ဝဲနော်ရထာ ဘွဲ့ခံ ဦးနေ၏ နှစ် ၂၅၀ ပြည့်ချိန်တွင် တိုင်းပြည်နှင့် စာပေအပေါ် သူ အလုပ်အကျွေးပြုခဲ့သော စာပေကျေးဇူးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ထုတ်ဖော်တင်ပြရန် တာဝန်ရှိလာသည်။

လက်ဝဲနော်ရထာ၏ စာပေအလုပ်အကျွေးကို ရသစာပေ၊ သုတစာပေ၊ နိုင်ငံပြုစာပေ ဟု သုံးပိုင်းခွဲ၍ လေ့လာမှသာလျှင် သူ့စာပေ အတိမ်အနက်ကို ဆင်ခြင်သုံးသပ်နိုင်မည်ဖြစ်၏။

## ရသစာပေ

လက်ဝဲနော်ရထာ၏ ရသစာပေတို့ကို လေ့လာရာတွင် မြန်မာစာဆိုတော်တို့အား လေ့လာသောအခါ တွေ့ရသော အခက်အခဲမျိုးကို ပထမဦးစွာ တွေ့ရသည်။ မြန်မာစာပေသမိုင်းတွင် စာဆိုတို့၏ အမည်ချင်း ရောထွေးရှက်တင်ဖြစ်မှု၊ ဥပမာ စလေဦးပုညနှင့် ညောင်ပင်သာ ဦးပုည၊ ဦးဩွမ့်နှင့် ဦးချိန်၊ အချုပ်တန်း ဆရာဖေနှင့် တောင်သမန် မောင်ဖေ၊ လူဦးမင်းနှင့် ဘိုးသူတော် ဦးမင်း၊ စသာဦးကြီးနှင့် လွမ်းချင်းဦးကြီး၊ တောင်ငူ ဇေယျာရန္တမိတ်နှင့် တောင်ခွင် ဇေယျာရန္တမိတ်၊ ပထမ နဝဒေးနှင့် ဒုတိယ နဝဒေး၊ ဦးသိန်းနှင့် မော်ဘီဆရာသိန်းတို့၏ စာများ ရောထွေးရှက်တင် ဝိဝါဒ ဖြစ်သကဲ့သို့ပင်၊ မန်ကျည်းတုံ လက်ဝဲသုန္ဒရနှင့် မုံရွေး လက်ဝဲသုန္ဒရခေါ် လက်ဝဲနော်ရထာတို့၏ ရသစာပေများတို့သည်လည်း ရောထွေးရှက်တင်အခက်ဝင်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် အမည်ချင်းတူသော်လည်း စာချင်း လွဲမှားပြီး မှတ်သားလာခဲ့သော အရာများမှာလည်း မြန်မာစာသမိုင်းတစ်

mgyoe.com

mgyoe.com
လျှောက်တွင် ထူးလျက်နှင့် မဆန်းသော အချက်တစ်ရပ်ဖြစ်သည်။

ပို၍ဆိုးသော အချက်တစ်ရပ်သည်ကား "မဲဇာတောင်ခြေ"ရတု တစ်ပိုဒ်တည်းဖြင့်ပင် ကုန်းဘောင်ခေတ်တစ်ခေတ်လုံးကို လွှမ်းမိုးဖောက်ထွင်းပြီး၊ ရတုဘုရင်များဖြစ်ကြသော နတ်သျှင်နောင်၊ နဝဒေးတို့၏ ရတုများနှင့်ပင် ရင်ပေါင်တန်းလိုက်နေသော စာဆိုတော် မန်ကျည်းတုံ လက်ဝဲသုန္ဒရနှင့် ခေတ်ချင်း အမည်ချင်း ထပ်နေမှုပင် ဖြစ်သည်။ သို့ဖြစ်လေရာ ယနေ့ထိအောင် လက်ဝဲနော်ရထာ၏ စာစုကို ကုန်စင်အောင် မဖော်ထုတ်နိုင်သေးသဖြင့် လက်ဝဲနော်ရထာ၏ စာပေတို့သည် "မဲဇာတောင်ခြေ"၏ လောင်းရိပ်အောက်တွင် သိမ်ငယ်ညှိုးနွမ်း မလန်းဆန်းနိုင်ဘဲ မီးခဲပြာဖုံး ဖြစ်ခဲ့ရသည်။

ထို မီးခဲပြာဖုံးနေသော လက်ဝဲနော်ရထာ၏ ရသအလင်္ကာစာပေတို့ကို ရှာဖွေဖော်ထုတ်ကြည့်သောအခါ အောက်ပါစာရင်းအတိုင်း တွေ့ရသည်။

၁။ ရတုပေါင်း ၂၀၀ ကျော်

၂။ ဆင်ဖြူရှင်မယ်ချေါင်း (ရာဇနီတိပျို့ တည်းဖြတ်သူက နိဒါန်းတွင် လက်ဝဲနော်ရထာဟု ရေးဆိုသည်။ သို့သော် အခြား စာဆို ၄ ဦး၏ ဆင်ဖြူရှင်မယ် ချေါင်းကို တွေ့ရသော်လည်း လက်ဝဲနော်ရထာ၏ ချေါင်းကို မတွေ့ရသေးပေ၊ ဆက်၍ သုတေသနပြုရဦးမည်။)

၃။ ရာဇနီတိပျို့

၄။ ယိုးဒယား နိုင်မော်ကွန်း

၅။ မုဒ္ဒါဘိသေက မော်ကွန်း

၆။ ဓညဝတီနိုင် မော်ကွန်း

၇။ ဓညဝတီသာသနာပြုစေ မော်ကွန်း

၈။ အဝရွှေပြည်ကြီးလာ မော်ကွန်း

၉။ ပြည်တော်ဝင် မော်ကွန်း

၁၀။ မဟာဝိဇယရံသီ မော်ကွန်း

၁၁။ မင်းကွန်းစေတီတော် မော်ကွန်း

၁၂။ ပြုကြန်ဘွဲ့ မော်ကွန်း

၁၃။ ကြိုးသီချင်းများ။

လက်ဝဲသုန္ဒရ၏ ရတုများဟူသောအမည်ဖြင့် ဟံသာဝတီမှထုတ်သော စာအုပ်တွင် ဖော်ပြထားသော ရတုများနောက်ဆွယ်တွင် နောက်ထပ် တွေ့ရှိရသော ရတုဆို၍
mgyoe.com

mgyoe.com
ဖြည့်စွက်ဖော်ပြထားသည်။ ထိုနောက်ပိုင်း၌ပါသော ရတု ၅ ပုဒ်သည် လက်ဝဲသုန္ဒရရေးသော ရတုမဟုတ်ဘဲ လက်ဝဲနော်ရထာရေးသော ရတုများဖြစ်ကြောင်း ရှေးဟောင်းစာပေ သုတေသီတစ်ဦးထံမှလည်းကောင်း၊ အခြား နောက်တွေ့မှတ်တမ်းမှလည်းကောင်း တွေ့ရှိရသည်။

ယင်းနောက်ဆက်တွဲ ရတု ၅ ပုဒ်မှာ–

၁။ ကုန်းဘောင်ဘူမိန်၊ နှုန်းဆောင်တူချိန်၊ ဘုန်းရောင်သူရိန်–ချီ။

၂။ မြတ်စန်းငွေလို၊ နတ်နန်းရွှေကို၊ ပတ်သန်းရေညို–ချီ။

၃။ ရွှေဘုန်းတော်ရောင်၊ နေနှုန်းလျှော်အောင်၊ ဖွေကုန်းမော်တောင်–ချီ။

၄။ ငွေစန်းလကျာ၊ နေနန်းစကြာ၊ နွေဆန်းရက်သာ–ချီ။

၅။ ဇေယျတုသံ၊ မြေအထုခံ၊ ရွှေဗဒုမ်ချီတို့ ဖြစ်သည်။

ဤငါးပုဒ်စလုံးမှာ အလောင်းမင်းတရားကြီး၏ ဘုန်းတော်တွဲ့များသာ ဖြစ်သည်။ နောက်ဆုံး ဇေယျတုသံချီရတုမှာ အလောင်းမင်းတရားကြီးထံ စတင် ခစားစဉ်က ဦးနေသည် ရှေ့တော်တွင် တစ်မုဟုတ်ချင်း ရေးစပ်စီကုံး ဖတ်လျှောက်ရသော ရတုဖြစ်သည်။

ဤရတုနှင့်ပတ်သက်၍ "မြန်မာ့ရှုခင်း"တွင် စာရေးဆရာ ပုရိသက သူ့တွင် လက်ဝဲနော်ရထာ၏ ပေထုပ်မူရင်းရှိကြောင်း၊ ယင်းပေထုပ်တွင် မင်္ဂလာရတုနှင့်တကွ ယင်းရတု၏ နောက်ခံရာဇဝင်ကို မှတ်တမ်းတင်ထားသောအချက် ပါရှိကြောင်းဖြင့် အောက်ပါအတိုင်း လက်ဝဲနော်ရထာ၏ ပေမှ ထုတ်နုတ် ဖော်ပြထားသည်။

"ထိုရတုအကြောင်းကား ၁၁၁၃ ခု၊ တိမ်းယိမ်းသည်နှင့် မိဘရှိရာ မုံရွေးရွာသို့ ရောက်သည်။ မုဆိုးဖိုအရပ်က ထီးရိုးနန်းရိုး တန်ခိုးကျက်သရေနှင့် ပြည့်စုံတော်မူသော အလောင်းမင်းတရားကြီး ... အကြောင်းအရာများကို စေ့စုံစွာ ကြားသိရသောကြောင့် အစုံအစမ်းသွားသည်တွင် မင်းခေါင်နော်ရထာဘွဲ့ခံ တွေန်နှင့်တွေ့ကြသည်။ စကားပြောဆိုသည်အတွင်း 'ငါတို့မင်းဇေယျာဖ နန်းတော်သို့ လိုက်ခဲ့တော့၊ သူကောင်းပြုခံရလိမ့်မည်' ပြောဆို ခေါ်သွားလေလျှင် အလောင်းမင်းတရားကြီးဘုရား ဘုန်းကျက်သရေတို့သည် တိမ်တိုက်မှ ခွဲထွက်သော နေနတ်သားကဲ့သို့ဖြစ်၍ ကျွန်တော်၏အဖြစ်ဖြင့် ထမ်းရွက်သည်တွင် အင်း၀မှာ အကြီးတော်လုပ်ဖူးသည်။ အင်း၀ထုံးစံဥပဒေများကိုလည်း သိသည် ဆိုသူ ဖြစ်သည်။ မင်္ဂလာရတု စီကုံး၍ လျှောက်နိုင်အံ့လောဟု မေးတော်မူလျှင် ရှေ့တော်တွင် တစ်ခဏချင်းစီကုံး၍ ၎င်းရတုကို ဘတ်လျှောက်သည်။ ကြားတော်မူလျှင် သုတင္ဂိက္က မင်္ဂလာ ရှိလှပေသည်။ ချီးမွမ်းတော်မူ၍ လူမည်ကိုမေးလျှင် ငနေဟု လျှောက်သည်တွင်
mgyoe.com

mgyoe.com
နေကဲ့သို့ ထင်ရှားသော သူ ဆိုလိုသည်။ နေကဲ့သို့ ထင်ရှားသောသူသည် ငါ့ ရွှေစက်တော်အောက် ရောက်လေပြီးသည်ကို ခပ်သိမ်းသော နက္ခတ်တာရာနှင့်တူသော မင်းအပေါင်းတို့သည် ထိုရတုတွင်ပါသော နိမိတ်သြဘာတို့ကဲ့သို့ မချွတ် ငါ့လက်တော်သို့ အလျှင်အမြန်ရောက်မည့် နိမိတ်ဖတ်တော်မူပြီး သင် အပါးတော်တွင် မပြတ်နေ၍ ခစားရသည်”

ယခုခေတ်တွင် အင်တာဗျူးခေါ် လူတွေ့စစ်ဆေးခြင်းကဲ့သို့ စစ်ဆေးရာတွင် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သော ယင်းမင်္ဂလာရတု၏ နောက်ဆုံး တတိယပိုင်း၌ ...

“ရွှေပဒုမ်၊ ကြာမျိုးစံသား၊ ရေရံသတ္တာ၊ ပတ်ဝန်းခ၍၊ ဌာနခွန်နှစ်၊ တောင်ညိုရစ်သား၊ ကသစ်ရိုရာ၊ ဝတိန်သာသို့၊ ပမာနိုင်းဆို၊ နန်းရွှေဘို၌၊ ဇဟိုရ်နာရီ၊ မြှောက်ချီအိမ့်ရှင်၊ ရဋ္ဌင်သတ္တာ၊ မြို့ပြကျုံးမြောင်း၊ တန်ဆောင်းနရန်း၊ တုရိုဏ်တန်းလျက်၊ ထောင့်ယွန်းမပြား၊ ပတ္တမြားပုံနိုပ်၊ ခတ်တံဆိပ်သို့၊ သုံးကျိပ်သုံးမည်၊ နတ်ဘုန်းစည်လျှင်၊ ဂုဏ်ရည်နက်စံ၊ သုသုကံနှင့်၊ တဆံမယွင်း၊ ဘုန်းဘန်ဆင်းလိမ့်၊ ဒုံမင်းပိတ်ကျည်၊ တံရှည်တံမြွှာ၊ သပြေသာလည်း၊ မင်္ဂလာသဘင်၊ ရှေ့ဖျားတင်သည်၊ ထွက်ဝင် မြှောက်စည်နှင့်ဘုရား”

ကြိုတင်ပြင်ဆင်ချိန်မရ၊ စဉ်းစားနေရန် အခွင့်မသာ၊ ကျမ်းဂန်ရှာဖွေကြည့်ရန် အခြေအနေမပေးဘဲနှင့် “ရေရံသတ္တာ၊ ပတ်ဝန်းခ၍”ဟု ရေကို သက်ရှိများ ခစားသကဲ့သို့ ဟူသော ရူပက အလင်္ကာမြှောက်အောင်လည်းကောင်း၊ မင်းနေပြည်တော်၏ အဆောင်အယောင် အခမ်းအနားတို့ကို အလုံးစုံပါဝင်အောင် “ဇဟိုရ်နာရီ၊ မြှောက်ချီအိမ့်ရှင်၊ ရဋ္ဌင်သတ္တာ၊ မြို့ပြကျုံးမြောင်း၊ တန်ဆောင်းနရန်း၊ တုရိုဏ်တန်းလျက်၊ ထောင့်ယွန်းမပြား၊ ပတ္တမြားပုံနိုပ်၊ ခတ်တံဆိပ်သို့” “ဒုံမင်းပိတ်ကျည်၊ တံရှည်တံမြွှာ၊ သပြေသာလည်း၊ မင်္ဂလာသဘင်၊ ရှေ့ဖျားတင်သည်၊ ထွက်ဝင်မြှောက်စည်နှင့်ဘုရား”ဟု စီကုံးနိုင်ခဲ့သည်မှာ သြဇာဂုဏ်မြှောက်လှပေသည်။ “နတ်ဘုန်းစည်”ဟူသော သမာသ်နမ်မှာလည်း တစ်လုံးစီ၏ ထုတ်သြဘာမင်္ဂလာနှင့် ပြည့်စုံခြင်း၊ အဓိပ္ပာယ်ကောင်းခြင်း၊ အသံသာခြင်းတို့နှင့် ပြည့်စုံကြောင်း တွေ့ရသဖြင့် လက်ဝဲနော်ရထာ၏တခ်ဏုပ္ပတ္တိ ကဗျာဉာဏ်၊ ဇဝနဉာဏ်ကို သာ၍ အံ့သြလေးစားမိသည်။

စင်စစ်အားဖြင့် လက်ဝဲသုန္ဒရ မဲဇာတောင်ခြေရတုရေးစဉ်ကဲ့သို့ စိမ်ပြေနပြေ စဉ်းစား၊ ခံစားချက်ပေါ်လာလျှင် ကညစ်နှင့်တို့ထား၊ နားချင်သေးလျှင် ရပ်နားပြီး၊ တစ်ကိုယ်တည်း ဆိတ်ငြိမ်ရာတွင် ရေးရသော အခြေအနေနှင့် ဘုရင်၏ရှေ့မှောက်တွင် စာမေးပွဲစစ်သကဲ့သို့ တစ်ခဏချင်း စဉ်းစားချိန်၊ ခံစားချိန်၊ စိစစ်ချိန်မရဘဲ ရေးရသော လက်ဝဲနော်ရထာ၏အခြေအနေမှာ ကွာချင်တိုင်းကွာလှပေသည်။ ထို့ကြောင့် ရတုများကို ပထမတန်း၊ ဒုတိယတန်းဟု ခွဲတမ်းချလိုသော ပညာရှင်များသည် ခြားနားလှသော ဤအခြေအနေ
mgyoe.com

mgyoe.com

၂ ရပ်ကို ထည့်သွင်းစဉ်းစားသင့်လှသေးသည်။ စူးဆောက် လက်နက်ကိရိယာ အစုံအလင်ဖြင့် ထုသော ပန်းပုလက်ရာနှင့် ဒါးမောက်တစ်ခုတည်းဖြင့် ထုထားသော ပန်းပုလက်ရာချင်းတူနေလျှင် မည်သည့်လက်ရာကို ချီးမွမ်းမည်နည်း။ လက်ရာချင်းမတူလျှင်ကော နွားပိန်အသားထိုးကြည့်နည်းဖြင့် မကြည့်သင့်ပါလော ... ဟု စာဒကတက်လိုပါသည်။

ထိုမျှမက ရှေးဟောင်းစာပေသုတေသီတစ်ဦး၏ စုဆောင်းတွေ့ရှိချက်အရ လက်ဝဲနော်ရထာသည် ရတုအပိုဒ်ပေါင်း ၂၀၀ ကျော်မျှ ရေးခဲ့သည်ဟု သိရသည်။ အပြည့်အစုံတွေ့ရှိရသော 'လက်ဝဲနော်ရထာ၏ ရတုပိုဒ်စုံ ၁၁ ပုဒ်ကို ရှေးဟောင်းစာပေအတွဲ ၂၂ (လက်နှိပ်စက်မူ)တွင် ဤသို့ ဖော်ပြထားသည်။

"ထိုမှတစ်ပါးလည်း အလောင်းမင်းတရားလက်ထက်၊ ဟံသာဝတီကသည် ယိုးဒယားချီသည့် ရတုစု၊ သားတော်ကန်တွင်း စည်းခုံ ဒါယကာ လက်ထက် အရပ်ရပ်ဆက် ရတုစု၊ ၎င်း ညီတော် ဆင်ဖြူရှင် လက်ထက် မင်္ဂလာတော်ကြီးဝယ် ရှိသမျှ တင်ဆက်သည့် ရတုစု၊ လဆန်း ၁ ရက်နေ့ရောက်လျှင် ထန်းရွက်ရေ၊ အိတ်နီသွတ်၍ ဆက်သည့် ရတုစု၊ စုံ ၁၀၀ ကျော်၊ ၎င်းဆံတော်ရှင် ထီးတော်တင် ရတုစု၊ သားတော်လက်ထက် လစဉ်ဆက်အရပ်ရပ် ရတုစု၊ ၎င်းမိဖုရား ဝန်မင်းစည်သူ သခ်ီယာနှင့် ရတုဆိုကြရာတွင် တစ်ယောက်ကခံ၍ တစ်ယောက်ကဖြည့်သည့် ရတုစုံ ၃၀ ကျော်၊ ထိုမှတစ်ပါးလည်း မောင်ဘွဲ့၊ မယ်ဘွဲ့များ၊ ဘုရားတိုင် နတ်တိုင်မှစ၍ မင်း လက်ဝဲနော်ရထာဆိုသော ရတုအများရှိသေးသည်။ ထိုရတုများတွင်မူကား စုံရာ ၁၁ စုံသာ ထည့်လိုက်သည်"

အပြည့်အစုံတွေ့ရသော ယင်း ၁၁ ပုဒ်၏ အချီတို့မှာ–

၁။ ဘုန်းတော်နှင့်သာ။ နှုန်းဘော်လွှင့်ကွာ။ ချုန်းသော်ဆင့်ရွာ။
၂။ လျှောက်ဆက်ပါသည်။ အောက်ဆက်သာစည်။ ရောက်တက်ခါရှည်။
၃။ ကွန့်နန်းနေခြည်။ ညွန့်လမ်းဝေစည်။ ကွန့်ဆန်းရွှေချည်။
၄။ အရဲဗဟိုရ်။ အခေါင်မြတ်ညာ။ ပလ္လင်များနေ။
၅။ ရွှေနန်းဆက်ရှည်။ ဝေလန်းတက်သည်။ ရေပန်းထွက်ရည်။
၆။ နက်ဘန်ခေါင်ပေါ်။ ဘက်ရန်ဆောင်သော်။ ဆက်ဒန်ပြောင်ကျော်။
၇။ နဂါးချက်စည်။ တရားသက်ရှည်။ မဟာဆက်လှည်။
၈။ ဘုန်းရောင်မြဲတော။ နှုန်းရောင်လုမြေ။ မှုန်းဆောင်ရှုထွေ။
၉။ ရွှေဘုန်းစရှည်။ ဝေမှုန်းပလည်။ နေနှုန်းမျှရည်။
၁၀။ ရွှေဘုန်းမဏ္ဍိုင်။ နေနှုန်းဘက်ပြိုင်။ (ပျက်နေသည်။)
၁၁။ ဘုန်းတော်စက်ခြည်။ နှုန်းဘော်ဆက်လည်။ မှုန်းဆော်တက်နည်။

mgyoe.com

mgyoe.com

ဤရတု ၁၁ ပုဒ်စလုံးသည် ဘုန်းတော်ဘွဲ့များသာ ဖြစ်သည်။ တစ်နည်းအားဖြင့် ပုဂံ၊ တောင်ငူ လက်နက်နိုင်ငံတော်ကြီးများ ပျက်ပြီးနောက် တတိယ လက်နက်နိုင်ငံတော်ကြီး တည်အုံ့ဆဲဆဲကို ဖွဲ့ဆိုထားသော နိုင်ငံတော်ဘွဲ့၊ ပြည်ချစ်ဘွဲ့ ရတုများသာ ဖြစ်သည်။

ရတုအမှတ်စဉ် ၄၊ ၅၊ ၆ တို့သည် နောက်ခံအကြောင်းသမိုင်းများရှိပြီး အမှတ်စဉ် ၇ မှ ၁၁ အထိမှာ ရာဇကြောင်း တစ်နည်းအားဖြင့် ဆရာဦးကျော်ရင် (ပါမောက္ခချုပ်)၏ ဝေါဟာရဖြင့် ပြောရလျှင် နိုင်ငံရေး၊ အနုစာပေများချည့်ဖြစ်သည်။

အမှတ်စဉ် ၄ ပါ၊ အရဲဗဟိုရ်ချီရတုမှာ ပဲခူးမိဖုရား ၁၁၃၂ တွင်ဆိုသော ရတုကို လိုက်ထားသည်။ အချကို တစ်ဖန်ချီသည်၊ အချ တစ်ပြန်ချီသည်။ ဥပမာ ပထမအပိုဒ်တွင် "အရဲဗဟိုရ်"ဖြင့် ချီပြီးလျှင် အဆုံးတွင် "ညာခေါင်ထားသည် သူ့ကိုမှ"ဟု အဆုံးသတ်သည်။

ဒုတိယပိုဒ်တွင် "အခေါင်မြတ်ညာ၊ ထားလိုက်ရာသား"ဟု ပထမပိုဒ်အဆုံးဖြင့် အစချီပြီးလျှင် "ပလ္လင်များမည် သူ့ကိုမှ"ဟု အဆုံးသတ်သည်။ ၎င်း ဒုတိယပိုဒ်အဆုံးဖြစ်သော အဓိပ္ပာယ်ကို ယူငင်၍ "ပလ္လင်များနေ၊ အထွေထွေလျှင်"ဟု တတိယပိုဒ်တွင် ပြန်၍ အစချီ စပ်ဆိုထားသည်။

စပ်ရိုးအတိုင်း မစပ်၊ ဆိုရိုးအတိုင်း မဆိုသော လက်ဝဲနော်ရထာ၏ ကဗျာဉာဏ်ကွန့်မြူးချက်တစ်ရပ်အနေဖြင့် မှတ်သားလောက်ပါပေသည်။

ရွှေနန်းဆက်ရှည်ချီ ရတုအမှတ် ၅ မှာ ယိုးဒယားချီစဉ်က ရခဲ့သော အမြောက်ညီနောင်ဘွဲ့ဖြစ်သည်။ အမြောက်ညီနောင်ဘွဲ့ရတုမှာ ဘဝရှင်မင်းတရားကြီး၏ အောင်ပွဲကို မော်ကွန်းထိုးထားခြင်းဖြစ်ရာ လေ့လာလိုသူများအတွက် အပြည့်အစုံ ဖော်ပြလိုက်သည်။

### အမြောက်ညီနောင်ဘွဲ့ရတု

၁။ ရွှေနန်းဆက်ရှည်၊ မြန်တိုင်းပြည်၊ မြို့တည်နန်းမူ၊ ရိပ်ဖြူဆောက်ကျင်း၊ အမင်းမင်းတွင်၊ သတင်းထိန်ကျော်၊ ရွှေဘုန်းတော်သို့၊ ပြိုင်ဘော်ဘက်မျှ၊ တွေ့ခဲလှလိမ့်၊ ကိုးရာသုံးဆယ်၊ ကောဇာဝယ်၌၊ ရန်ပါယ်နှစ်ခါ၊ မြို့ဒွါရာကို၊ ဟံသာဝတီ၊ မင်းကိုယ်ချီ၍၊ သောင်းစီတင်ခြေ၊ လေးချက်တွေလျက်၊ ကြည်းရေတိုက်ဆိုင်၊ တိုင်းလုံးခိုင်လည်း၊ ဘက်ပြိုင်မဘွယ်၊ ယခုနှယ်သို့၊ အံ့ဘွယ်သူရဲ၊ ထူးထဲခိုင်ခန့်၊ ကြီးကြံ့ရှည်ထောက်၊ ကြေးအမြောက်ဆည်၊ မရောက်မြန်မြေရွှာဘုရား။

၂။ ဝေလန်းတက်လည်၊ လက်နက်ရည်ဘိ၊ မြန်ပြည်မြို့ခံ၊ ကြေးသံကြီးခြင်း၊ ရှိနှင့်ရင်းတွင်၊ ပွှမ်းမင်းရန်ဝယ်၊ ပင်လယ်ချင်းဖောက်၊ ယူခဲ့ရောက်လည်း၊ အမြောက်

mgyoe.com

mgyoe.com

ကြေးစင်၊ ခန့်တိုင်းဝင်ကား၊ သိန်းတင်ပိဿာ၊ ချိန်မှတ်စာနှင့်၊ ရှည်ခွာလျှာလံ၊ သံဆယ့် တစ်ထောင်၊ တင့်လျှောင်ဖြောင့်ဆုံး၊ ရင်လုံးခွန်နှစ်တောင်၊ ဖျားခေါင်လုံ့လ၊ ငါးတောင်မျှထိ၊ ကျယ်ဝကျယ်တုတ်၊ သုံးပုဒ်လေးသစ်၊ ချက်ရစ်ဖြောင့်သား၊ ခွံဆံထုံးဖျားက၊ ခါးထိခြောက် တောင်၊ ကြေးပြောင်သန့်စင်၊ ကြီးမားအင်ကြောင့်၊ မှတ်လျှင်ခဏ၊ ရေတွက်ပြသည်၊ ဓမြ စိမ့်ထွေဖြာဘုရား။

၃။ ရေပန်းထွက်ရည်၊ တစ်လုံးသည်လည်း၊ လျှာရှည်သံဆောင်၊ ဆယ့်နှစ်တောင် လျှင်၊ ကြီးခေါင်စင်းစင်း၊ လက်ရင်းလုံးပတ်၊ ရှစ်တောင်မြတ်တိ၊ မညွှန့်ဖြောင့်သား၊ လက်ဖျား လုံးဖြိုး၊ ဆယ့်ကိုးမုဒ်ရ၊ ကျည်ဝသုံးဆယ်၊ စွန်းဘယ်နှစ်သစ်၊ ပြေပြစ်ချောဝင်၊ ထဲပြင်ထူညက်၊ ဆံထုံးထက်က၊ ခါးချက်ထိအောင်၊ ခြောက်တောင်မုခ်စွန်း၊ ရှုမပန်းလို၊ ရွှေနန်းတော်ရှေ့၊ မြင်၍တိုင်တမ်း၊ စိန့်ယွန်းရှမ်းတို့၊ ခေါင်စမ်းလျှိုလျှင်၊ ကိုယ်လုံးဝင်၍၊ ကြောက်ငြင်လေလေ၊ ကြွထိပ်ရေနှင့်၊ ရပ်မြေဝေးနီး၊ ကျွန်းလုံးခြီးလျက်၊ ကြက်သီးစိမ့်စိမ့်၊ ပြောဆိုလိမ့်မည်၊ သိမ့်သိမ့် ရပ်ကြေညာဘုရား။

ဤအမြောက်ညီနောင် ရတုနှင့်ပတ်သက်၍ ရှေးဟောင်းစာပေအတွဲ ၂၂ တွင် ဤသို့မှတ်ချက်ချထားကြောင်း ဖော်ပြထားသည်။

"၁၁၂၉ ခု၊ တန်ခူးလဆန်း ၁၀ ရက်နေ့ ယိုးဒယားဒွါရာဝတီမြို့ကို အလိုတော် ပြည့်သည်နှင့် ဗိုလ်မှူးတို့ကို ထားရိုက်တွင်ထားခဲ့သည့် အမြောက်ကြီး ၂ ကို မင်းနေမျိုး နော်ရထာ၊ ရွှေတိုက်ဝန်မင်း မဟာကျော်ထင်၊ ဆင်ကျေးဝန်မင်း၊ နေမျိုးသီရိကျော်ထင်တို့ကို ရေကြောင်း လူ ၂၀၀၀၊ လှေ ၁၀၀ ခန့်ထား၍ ယူစေရာတွင် ၁၁၃၀ တန်ခူးလတွင် ရွှေဖဝါးတော်အောက်ရောက်သည်။ အမြောက်ကြီးညီနောင်ဘွဲ့ရတုကို ၎င်းတန်ခူးလပြည့် ကျော် ၁၂ ရက်နေ့ မင်းလက်ဝဲနော်ရထာသည် နေမျိုးမဟာသင်္ခယာကျော်ထင် ခံသည် ကာလဆို၍ ဆက်ရာတွင် အမြောက်ကြီးနှင့် ရတုသည် ဥဒါန်းမော်ကွန်း ဖြစ်လောက်လှပေ ၏ အမိန့်တော်ရှိသည်။"

## ၎င်းအမြောက်ကြီးညီနောင်အတိုင်းအထွာ
## အင်းစောက်ဗယား

| | လျား | ရင်လုံးပတ် | ဖျားလုံးပတ် | | |
|---|---|---|---|---|---|
| ၁ | ၁၃ | ၇ | ၅ | ၃ ၄ဝ | ၆ |
| ၁ | ၁၂ | ၉ | ၆ ဒိ | ၃ ဒိ | ၆ ဒိ |

mgyoe.com

mgyoe.com

အထက်ပါမှတ်ချက်ကိုကြည့်၍ ဤရတုသည် ရသစာပေသာမက သမိုင်းအထောက်ထားလည်းဖြစ်ကြောင်း ထင်ရှားလှပေသည်။ ရသစာပေအနေဖြင့်လည်း စကားလုံးအပိုနည်းပြီး ကျစ်ကျစ်လျစ်လျစ်ဖြင့် အမြောက်ရပုံ ရာဇဝင်၊ အမြောက်အတိုင်းအထွာတို့ကို တိတိကျကျ ရေးသားစီကုံးခဲ့သည်။ "ကြက်သီးစိမ့်စိမ့်၊ ပြောဆိုလိမ့်မည်၊ သိမ့်သိမ့်ရပ်ကြေညာဘုရား"ဟူသောအပိုဒ်မှာ ဝီရ–ရသ ပေါ်လွင်လှပေသည်။ တတိယမြန်မာနိုင်ငံတော်ကြီး တည်ထောင်စတွင် ပေါ်ပေါက်နေသော အခြေအနေအရပ်ရပ်နှင့် ဝီရ–ရသသည် ခွဲမရစကောင်းသောအရာသာဖြစ်၍ ခေတ်ကြေးမုံပီပြင်လှပေသည်။ ထို့ပြင် "ရှုမပန်း" ဟူသော အမည်နာမ်ဝေါဟာရကို တီထွင်သုံးစွဲထားသည်ကိုလည်း လက်ဝဲနော်ရထာ၏ပင်ကို ကဗျာဉာဏ်၊ ထွင်ဉာဏ်ကို ဖော်ထုတ်ပြသလျက် ရှိပေသည်။

နက်ဘန်ခေါင်ပေါ်ချီ ရတုစဉ် အမှတ် ၆ မှာ ဆင်ဖြူတော်ဘွဲ့ဖြစ်သည်။ ရှေးဟောင်းစာပေ အတွဲ ၂၂ တွင် ဤရတု၏ နောက်ခံကားကို ဤသို့ ဖော်ပြထားသည်။

"၁၁၃၃၊ တောင်ငူ၊ ကျေးရွာသစ်ကြီးတောက ဆင်တော်ရောက်ရာတွင် လက်ဝဲနော်ရထာက ဆက်သောရတု၊ ၎င်းဆင်တော်သည် ရတနာဆင်ဖြူမျိုး ၂၅ ပါးတွင် ရတနာမျိုးပါဝင်သည်။ ပါပစုက္ကဂတေကာလေ စသော ဓာတ်ကျမ်းဂါထာနှင့်အညီ ပါပစုဂ်ဆန်းဖေဒ္ဒနှစ်တွင် ရောက်သည်ဖြစ်၍ ဆင်ဖြူတော်တို့ကို သိမ်းရိုးထုံးစံရှိရာ သိမ်းတော်မူပြီးလျှင် ရွှေစက်တင်တော်မူ၍ ဆင်ဖြူရှင်ခံတော်မူသင့်ကြောင်းနှင့် လျှောက်ရာတွင် ဆင်တော်ကို ဆက်ဒန်ပြောင်ကျော်ဘွဲ့ တပ်သည်။ ထုံးစံအတိုင်း သိမ်းတော်မူ၍ ဆင်ဖြူရှင်ခံတော်မူသည်။ ထိုနေ့ပင် လျှောက်သူ မင်းလက်ဝဲနော်ရထာကို မြောက်ဘက် တိုက်ဝန်ခံတော်မူသည်။

ဤရတုအရ "ဆင်ဖြူရှင်ဟူသောဘွဲ့"ခံတော်မူသော အကြောင်းရင်းနှင့်တကွ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြခြင်းမပြုသော လက်ဝဲနော်ရထာအား မြောက်ဘက် တိုက်ဝန်ခန့်ကြောင်းကိုပါ သိရှိရလေသည်။

အမှတ်စဉ် ၇ မှ ၁၁ အထိ ရတု ၅ ပုဒ်စလုံးမှာ ရာဇကြောင်းဖြစ်သော နိုင်ငံပြုရေး၊ နိုင်ငံရေး၊ မင်းကျင့်တရားများကို ဖွဲ့ဆိုထားသည်။ နဂါးချက်စည်ချီရတုတွင် အပရိဟာနိယဈတရား ၇ ပါးနှင့် စစ်အောင်ကြောင်း ၁၂ ပါးကိုလည်းကောင်း၊ ဘုန်းရောင်မြူတေချီရတုတွင် ကျွန်ကောင်းလက္ခဏာ ၆ ပါးကိုလည်းကောင်း၊ ရွှေဘုန်းစရှည်ချီရတုတွင် စစ်ဖြစ်ကြောင်း ၁၀ ပါးကိုလည်းကောင်း၊ ရွှေဘုန်းမဏ္ဍိုင်ချီရတုတွင် မင်းကျင့်တရား ၈ ပါးကိုလည်းကောင်း၊ ဘုန်းတော်ခက်ခြည်ချီရတုတွင် ရန်အောင်ကြောင်း ၅ ပါးကိုလည်းကောင်း စပ်ဆိုခဲ့ခြားထားသည်။

mgyoe.com

mgyoe.com

စာရင်းအရ လက်ဝဲနော်ရထာ၏ ရတုများမှာ အပုဒ်ပေါင်း ၂၀၀ ကျော်ရှိရာ ရတု ၃၀၀ ကျော်ရေး၍ စံချိန်တင်ထားသော နဝဒေးကြီးပြီးလျှင် လက်ဝဲနော်ရထာသည် ဒုတိယလိုက်လေသည်။ အကယ်၍ လက်ဝဲနော်ရထာ၏ တိမ်မြုပ်နေသော ရတုများကို အားလုံးတွေ့ရှိရသော အချိန်တွင် ၃၀၀ ကျော်သွားပါက နဝဒေးကိုပင် စံချိန်ချိုးနိုင်သော အလားအလာ ရှိပေသည်။

တွေ့သမျှရတုများသည် ဘုန်းတော်ဘွဲ့များသာ များလေရာ ခံစားချက်ဖြင့် အဖွဲ့အနွဲ့များ မတွေ့ရသလောက်ပင် ဖြစ်သည်။ မောင်ဘွဲ့၊ မယ်ဘွဲ့၊ ဘုရားတိုင်၊ နတ်တိုင် ရတုများ ရေးခဲ့သည်ဟု ဆိုသော်လည်း ၎င်းရတုမျိုး တစ်ခုမှ ရှာဖွေမတွေ့သေးချေ။ အဆိုအတိုင်း မောင်ဘွဲ့၊ မယ်ဘွဲ့ရတုများကိုသာ တွေ့လျှင် လက်ဝဲနော်ရထာ၏ ခံစားချက်ဖြင့် ရေးထားသော ရသမြောက်အဖွဲ့အနွဲ့များကို တွေ့ရမည်ဟု မျှော်လင့်ရသည်။ လက်ဝဲနော်ရထာသည် ဟံသာဝတီအကြေအရပ်သို့လည်းကောင်း၊ ယိုးဒယားသို့လည်းကောင်း၊ ကသည်းသို့လည်းကောင်း စစ်ချီရာတွင် ပါဝင်ခဲ့ရသူ ဖြစ်သည်ဟု ခန့်မှန်းရသည်။ ဤသို့ ရပ်ဝေးသို့ ရက်ရှည်လများ ချီတက်ရသောအခါ အိမ်သူသက်ထားကို ပုထုဇဉ်ပီပီ သတိရ လွမ်းဆွတ်မိမည်ပင် ဖြစ်သည်။ ကဗျာစာဆိုတို့၏ နှလုံးသားတွင်းသို့ အလွမ်းဓာတ်များ ဝင်လာသောအခါ ထိုအလွမ်းဓာတ်ကလေးများသည် ကဗျာလင်္ကာအဖြစ်ဖြင့် ယိုစီးထွက် ပေါ်လာမြဲပင် ဖြစ်သည်။ နတ်သျှင်နောင်၊ နဝဒေး၊ စိန္တကျော်သူတို့လည်း ဤနည်းနှင်နှင် ထွက်ခဲ့လေသည် မဟုတ်ပါလော။ ထို့ကြောင့် လက်ဝဲနော်ရထာ၏ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုရားတိုင်၊ နတ်တိုင်ရတုများတွင် သိင်္ဂါရရသ၊ ကရုဏာရသမြောက်သော အဖွဲ့များ ဧကန် ပါမည်ဟု ဆိုနိုင်ခြင်းဖြစ်သည်။ နောင်တစ်နေ့သောအခါ စာပေသုတေသီတို့ တူးဖော်၍ ယင်းရတုများ ပေါ်ထွက်လာသောအခါတွင်မှသာ လက်ဝဲနော်ရထာ၏ "မေတ္တာဘွဲ့" နုနု ကလေးများ၏ အတိမ်အနက်ကို အကဲခတ်ခွင့် ရနိုင်ပေတော့မည်။

လက်ဝဲနော်ရထာသည် သူကိုယ်တိုင်ရတုများကို ဖွဲ့ဆိုရုံသာမက ရတုဘုရင်များ ဖြစ်သော နတ်သျှင်နောင်၊ နဝဒေးအစရှိသော ရတုစာဆို၏ ရတုများကို စုဆောင်းရှာဖွေ တိုက်ဆိုင်တည်းဖြတ်ခဲ့သေးသည်။ ဟံသာဝတီတိုက်မှ နဝဒေးရတုပေါင်းချုပ်၊ နတ်သျှင် ရတုပေါင်းချုပ်၊ စာဆိုတော်များ ရတုပေါင်းချုပ်ဟု စာအုပ် ၃ အုပ်ခွဲ၍ ထုတ်ခဲ့သည်။ ယင်းရတုအားလုံးမှာ လက်ဝဲနော်ရထာ စုဆောင်းတည်းဖြတ်ထားခဲ့သော ရတုများဖြစ် သည်။ ယနေ့အထိ မြန်မာစာပေ သုတေသီတို့ ၎င်းရတုများကို လက်စွဲပြုနေရသည်မှာ လက်ဝဲနော်ရထာ၏ ကျေးဇူးပင်ဖြစ်သည်။ ထို့ကြောင့် လက်ဝဲနော်ရထာသည် ရတုစာဆို သာမဟုတ်သေး၊ ရတုချစ်သူ၊ စာချစ်သူ၊ စာစုသူ၊ စာတည်းသူ၊ ရသစာပေ သုတေသီတစ်ဦး

mgyoe.com

mgyoe.com
လည်း ဖြစ်ကြောင်း ထင်ရှားလှပေသည်။

မြင်းရည်တက်လက်ာ

ယခုအချိန်အထိ မြင်းရည်တက်လက်ာဆိုလျှင် အတုလဆရာတော် ရေးဖွဲ့ခဲ့သော "ဇမ္ဗူကျော်သောင်း၊ မြေကြီးစောင်းမ"အစချီသော အလောင်းမင်းတရားကြီး၏ မြင်းရည်တက်တပ်ဖွဲ့ပုံကို ဖော်ကြူးထားသော မြင်းရည်တက်လက်ာကိုသာလျှင် သိရှိကြသည်။ နှောင်းသုတေသီတို့ကလည်း အတုလဆရာတော် အာဘော်ကိုပင် ယူ၍ လာခဲ့ကြသည်။

သို့ရာတွင် လက်ဝဲနော်ရထာကိုယ်တိုင် ရေးခဲ့သော အလောင်းတရားကြီးအရေးတော်ပုံ ရာဇဝင်ပေမူတွင် လက်ဝဲနော်ရထာသည် မြင်းရည်တက်လက်ာကို ဖွဲ့ဆိုခဲ့ကြောင်း ဖော်ပြထားသည်။ လက်ဝဲနော်ရထာ၏ မြင်းရည်တက်လက်ာမူရင်းကို မတွေ့ရသေးသော်လည်း အလောင်းမင်းတရားကြီးအရေးတော်ပုံ ရာဇဝင်တွင် "မြောက်ဘက်တိုက်ဝန်ဆိုသော မြင်းရည်တက်လက်ာ ၃ ပိုဒ်"ဟု ညွှန်းထားသည်။ ယင်း မြင်းရည်တက် လက်ာအရ မြင်းရည်တက်တွင် ပါဝင်သူမှာ ၆၉ ယောက်ဖြစ်ပြီးလျှင် ထိုမြင်းရည်တက်ဝင် ၆၉ ဦးအနက် "ငနေ"၏အမည်မှာ နောက်ဆုံးမှ ပါဝင်လေသည်။ ငနေဆိုသည်မှာ စာဆိုရှင်ဖြစ်သော လက်ဝဲနော်ရထာ၏ အမည်ရင်းပင်ဖြစ်သည်။ ဤနေရာတွင် အတုလဆရာတော်၏ အာဘော်အရ မြင်းရည်တက် ၆၈ ဦးဟု တစ်လျှောက်လုံး လက်ခံလာခဲ့ကြရာ လက်ဝဲနော်ရထာ၏ အဆိုအရ မြင်းရည်တက် ၆၉ ဦးတွင် သူပါ ပါဝင်လျက်ရှိကြောင်း ထပ်မံတွေ့ရှိရသည်။ အမှန်စင်စစ်အားဖြင့် အလောင်းမင်းတရားကြီး မြင်းရည်တက်ဖွဲ့စဉ်က မိမိ၏ ရဲဘော်များကို ရှေ့တွင် တစ်လုံးတစ်စည်းတည်း တန်းစီပြီး အမည်နာမနှင့်တကွ တစ်ချိန်တည်းဖွဲ့ခဲ့ဟန်မတူပေ။ မိမိ၏ ကျွန်ရင်းဖြစ်၊ ရဲစွမ်းသတ္တိလည်းရှိသူများကို ကွေ့ပုဏ္ဏားအိမ်တိုက်ရန် တာဝန်ပေးထားသူကိုပေး၊ အင်းဝတစ်လျှောက် မွန်တို့ကို တိုက်ခိုက်ရန် တာဝန်ပေးထားသူပေးထား၊ ရတနာသိင်္ဃမြို့တော်တွင် တာဝန်ချထားသူ ချထားရင်းတွင် စိတ်ချရသူ ကျွန်တော်ရင်းတို့ကို မြင်းရည်တက်တပ်ဟု အသိအမှတ် ပြုထားခဲ့ဟန်တူသည်။ မြင်းရည်တက်တပ် ဖွဲ့ရင်းကား ၆၇ ယောက်ဖြစ်သည်။ မရီးတော် မြောက်သားတော် စည်သာမင်းကြီးသည် ကွေ့တို့အရပ်တွင် တာဝန်ထမ်းဆောင်နေသဖြင့် မူလမြင်းရည်တက်စာရင်းတွင် မပါဝင်ခဲ့ပေ။ မူလမြင်းရည်တက်ဖွဲ့သောအချိန်မှာ သက္ကရာဇ် ၁၁၁၄၊ ကဆုန်လဆုတ် ၁ ရက်နေ့ဖြစ်ပြီးနောက် "၂ နှစ်ကြာ" ၁၁၁၆ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့ကျမှ စည်သာမင်းကြီးကို မြင်းရည်တက်တပ်တွင် စာရင်းသွင်းရလေသည်။

ယခုတစ်ဖန် လက်ဝဲနော်ရထာ၏ မြင်းရည်တက်ဖွဲ့အရ မြင်းရည်တက် ၆၉ ဦး
mgyoe.com

mgyoe.com

ဖြစ်လာသည်မှာလည်း စည်သာမင်းကြီးနည်းတူပင် လက်ဝဲနော်ရထာသည် အလောင်းမင်းတရားကြီးစေခိုင်းခဲ့သော တာဝန်ဖြင့် အဝေးသို့ရောက်နေခိုက် မြင်းရည်တက်ဖွဲ့ရာ၊ မူရင်း ၆၇ ယောက်တွင်မပါဘဲ နောင်ပြန်ရောက်လာမှ စာရင်းသွင်းရသဖြင့် မြင်းရည်တက် ၆၉ ဦး ဖြစ်ဟန်ရှိသည်။ သို့ဖြစ်ရာ ယခုအချိန်မှစပြီး မြင်းရည်တက် ၆၉ ဦးဟု ပြင်ဆင်အသိအမှတ် ပြုသင့်လှပေပြီ။ လက်ဝဲနော်ရထာကဲ့သို့ မင်းအဆက်ဆက်ကို မှီပြီး ဘွဲ့အမျိုးမျိုး ရာထူးကြီးအမျိုးမျိုးဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့သော စာဆိုစာပေ သုခမိန်တစ်ဦးသည် သူကိုယ်တိုင် မြင်းရည်တက်လင်္ကာဖွဲ့ဆိုပြီး မြင်းရည်တက် ၆၉ ဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်မှာ အကြောင်းရှိတန်ရာသည်။ ထိုရှိတန်ရာသောအကြောင်းမှာ အလောင်းမင်းတရားကြီး၏ ဆရာ၊ သာသနာပိုင် အတုလဆရာတော် ဖွဲ့ဆိုခဲ့သော မြင်းရည်တက်လင်္ကာတွင် မြင်းရည်တက် ၆၈ ဦးဟု လက်ဝဲအနော်ရထာကို ခြွင်းချန်၍ စပ်ဆိုခဲ့သည့်အကြောင်းပင် ဖြစ်တန်ရာသည်။ လက်ဝဲနော်ရထာသည် အရုံဂိုဏ်းမှ တောင်တွင်းကြီးဆရာတော်ခင်ကြီးဖျော်၏ ဒကာရင်း တပည့်ရင်းဖြစ်သည်။ သို့သော် အလောင်းမင်းတရားကြီးသည် အတင်ဂိုဏ်းဆရာတော်၊ သာသနာပိုင် အတုလ ဆရာတော်ကို ကိုးကွယ်သူဖြစ်သည်။ မင်းဆရာဖြစ်နေ၍ မှားမှန်းသိလျက်နှင့် ငုံ့ခံခဲ့ရဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် လက်ဝဲအနော်ရထာသည် သူ၏ မြင်းရည်တက်လင်္ကာကို ဆင်ဖြူရှင်လက်ထက် အတုလဆရာတော် ညြဇာမှ လွတ်သောအခါဖြစ်သော အနောက်ဘက် တိုက်ဝန်ရပြီးမှ စပ်ဆိုသောကြောင့် ဖြစ်သည်။

လက်ဝဲနော်ရထာ၏ မြင်းရည်တက်လင်္ကာကို ယခုအချိန်အထိ မတွေ့ရသေးချေ။ အကယ်၍ ရှာဖွေတွေ့ရှိလာပါက နောက်ကြောင်းရာဇဝင်ကလေးများနှင့်တကွ အတုလဆရာတော်၏ မြင်းရည်တက်လင်္ကာအကြောင်း ပါ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

လက်ဝဲနော်ရထာသည် ပျို့ ၃ စောင် ရေးခဲ့သည်ဟု အဆိုရှိသည်။ ၎င်းတို့မှာ ဟန်းလင်းမြို့ သမိုင်းပျို့၊ စူဠာမဏိပျို့နှင့် ရာဇနီတိပျို့တို့ဖြစ်သည်။ ဟန်လင်းမြို့သမိုင်းပျို့ကို ကေစီဆရာတို့က လက်ဝဲနော်ရထာရေးသည်ဟု ဆိုသော်လည်း ပိဋကတ်တော် သမိုင်းစာ ၂၅၁ တွင်သာချင်းဆံရာ မောင်အောင်ဖြိုးဆိုသည်ဟု ဖော်ပြထားသည်။ ဟန်လင်းသမိုင်းပျို့နိဂုံးတွင် "စည်သူကျော်ထင်–ရွှေဘွဲ့ဆင်၍၊ မှူခင်ကုန်လုံ၊ တတ်မျိုးစုံလျက်မော်ကွန်းတွင်သည် ဟန်လင်းရွှေမြို့သမိုင်းတည်း"ဟု စာဆို၏အမည် ဖော်ပြရာတွင် စည်သူကျော်ထင် ဘွဲ့ချင်းဆင်တူသည်မှတစ်ပါး၊ လက်ဝဲနော်ရထာ၏ လက်ရာမဟုတ်ဟု ပညာရှိအများဆုံး ဆုံးဖြတ်ထားကြသည်။ စူဠာမဏိပျို့မှာလည်း ထိုအတူပင် လက်ဝဲ

mgyoe.com

mgyoe.com
နော်ရထာ ရေးသားခဲ့သည်ဟု အဆိုရှိငြားသော်လည်း စာကိုယ်တွင် စာဆို၏ ဘွဲ့မည် ရည်များ အတိအကျမပါရှိခြင်း၊ စာသွားစာဟန်လည်း လက်ဝဲအနော်ရထာ၏လက်ရာနှင့် မတူခြင်း၊ အကြောင်းအရာမှာလည်း သီးခြားပညာရပ်ဆိုင်ရာ ဗေဒင်ပညာရပ်ကို ဖွဲ့ဆိုခြင်း ဖြစ်သောကြောင့် လက်ဝဲနော်ရထာရေးဖွဲ့သည် မယူသာချေ။

သက္ကရာဇ် ၁၁၂၅ တွင် ရာဇနီတိပျို့ကို လက်ဝဲနော်ရထာဖွဲ့ဆိုရာတွင် "ချေင်း မော်ကွန်း၊ နိဒါန်းရာဇဝင်၊ ပုံပြင်ဝတ္ထု ရတုကဗျာ၊ ပျို့လင်္ကာလည်း၊ နှိုင်းရာဘတ်ရှဲ၊ သူ့ထက် ကဲဟု၊ လက်ဝဲနော်ရထာ၊ မြတ်သညာ"ဟု နိဒါန်းပျိုးပြီးလျှင် "ရာဇနီတိ၊ ရှိသည်အစ၊ ရာဇမာယာ၊ အဖြာဖြာ၌၊ ပညာကဝေ၊ ကျမ်းတိုင်းဖွေသား"ဟု မင်းတို့အား ဆုံးမလမ်းညွှန် သော ရာဇနီတိ၊ မင်းတို့ဆောင်အပ်သော ရာဇမာယာ၊ ယခုခေတ်အခေါ် Diplomacy ကို ပျို့သဏ္ဌာန်ဖြင့် ရေးစပ်သီကုံးခြင်း ဖြစ်သည်။

ကျီးတို့သည် ကာမဂုဏ်ခံစားရာတွင် လျှို့ဝှက်၍ခံစား၏၊ ထို့အတူ မင်းတို့သည် လည်း ကာမဂုဏ်ကို ခံစားရာတွင် သိုဝှက်အပ်၏ဟု ဆိုရာတွင် "ကျီးတို့စရိုက်၊ မိမိမိတ် အား၊ တိတ်ဆိတ်ကွယ်လျက်၊ လူဝယ်ရှက်သို့၊ သိုဝှက်ပေါင်းဖော်"ရှက်ကြောက်သော ဟိရိဩတ္တပ္ပတရားကို နားမလည်နိုင်သော တိရစ္ဆာန် ကျီးငှက်သည် "လူဝယ်ရှက်သို့" လူကဲ့သို့ ရှက်သည်။ လူမြင်မှာ ရှက်သည်ဟူ၍ တင်စားသုံးနှုန်းထားသည်မှာ ရူပက အလင်္ကာမြောက်လှပေသည်။ တိရစ္ဆာန်ပင်လျှင် အရှက်အကြောက်တရားရှိပါက လူဆိုလျှင် အသို့ဆိုဘွယ်ရာရှိမည်နည်းဟူသော ဝဏ်ဝုတ္တိအလင်္ကာသဘောပါအောင် ဖွဲ့ထားသည်။

ပျို့နိဂုံးတွင် "ထိုမှတခြား၊ မင်းကျင့်များလည်း၊ ဆယ်ပါးတစ်စု၊ ဆယ့်နှစ်ခုနှင့်၊ ရန်မူအောင်တုံး၊ ဆယ့်သုံးတခြား၊ လေးပါးနှစ်ဆယ်"စသည်ဖြင့် မင်းတို့လိုက်နာအပ်သော မင်းကျင့်တရား၊ ရန်အောင်ရာတရား စသည်တို့ကို အသေးစိတ်ဖွဲ့ဆိုပြီးနောက် ခြုံငုံ၍ အဓိပ္ပာယ်အားလုံးပါဝင်အောင် အကျဉ်းကို အကျယ်၊ အကျယ်ကိုအကျဉ်း ဖွဲ့ဆိုစီရင်နိုင် သော ဩဇာဂုဏ်နှင့် ပြည့်စုံကြောင်း တွေ့ရှိရသည်။

ဤပျို့ကို လေ့လာရာတွင် အစီအကုံး အနှုန်းအဖွဲ့၊ အဖော်အထုတ်စသော စာပေ ပုံသဏ္ဌာန်တွင် အဓိကနေရာမှယူထားသော ဥပမာ၊ ဥပစာတို့ကို မသုံးစဖူး ထူးထူးကဲကဲ ထည့်သွင်းထားသည်ကို တွေ့ရသည်။ စာဆိုအသီးသီးတို့သည် မင်းကျင့်တရားနှင့် ရာဇ မာယာအကြောင်း ဖွဲ့ဆိုရာတွင် မင်းသည် နေကဲ့သို့လည်းကောင်း၊ လကဲ့သို့လည်းကောင်း၊ ခြင်္သေ့ကဲ့သို့လည်းကောင်း၊ ဖားကဲ့သို့လည်းကောင်း၊ ကျောက်စာတိုင်ကဲ့သို့လည်းကောင်း။ ပတ္တမြားကဲ့သို့လည်းကောင်း ကျင့်ကြံရာသည်ဟုသာ နှိုင်းလေ့ရှိသည်။ ဥပမာတင်လေ့ ရှိသည်။
mgyoe.com

mgyoe.com

ယခု ဤ ရာဇနိတိပျို့တွင်ကား လက်ဝဲနော်ရထာက မင်းတို့သည် ခြသေ့်–ဖျိုင်း–ကြက်–ကျီး–ခွေး–မြည်း တို့ကဲ့သို့ ကျင့်ကြံရမည်ဟု သာဓကဆောင်ထားသည်။ ခြသေ့်နှင့် ဖျိုင်းမှအပ ကျန်တိရစ္ဆာန် ၄ ကောင်စလုံးကို မင်း၊ သို့မဟုတ် မင်းကဲ့သို့ မြင့်မြတ်သော ပုဂ္ဂိုလ်များနှင့် ခိုင်းနှိုင်းလေ့မရှိသလောက် နည်းပါးသည်။ ဤသို့ အစဉ်အလာမရှိခဲ့ပါဘဲလျက် မင်းသည် ကြက်–ကျီး–ခွေး–မြည်းကဲ့သို့ ကျင့်ကြံရမည်ဟု ရဲဝံ့စွာ တွေးခေါ်ရဲသည်မှာ လက်ဝဲနော်ရထာသည် တွေးရိုးမတွေး၊ ရေးရိုးမရေးသော စာဆိုဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် လက်ဝဲနော်ရထာ၏ ကဗျာဉာဏ်၊ ပညာဉာဏ်သည် ရှေးစာဆိုတော်များ၏ အတွေးအခေါ်မှ လမ်းခွဲပြီးထွက်လာသော ထွင်ဉာဏ် ထွင်းဖောက်ဉာဏ်ဖြစ်ကြောင်း အံ့သြစွာ တွေ့ရှိရသည်။ ဤအချက်ကို နိုင်ငံပြု စာဆိုကဏ္ဍတွင် ဆက်၍ ဆွေးနွေးပါဦးမည်။

## မော်ကွန်း

လက်ဝဲနော်ရထာရေးဖွဲ့ခဲ့သော မော်ကွန်းများဟု သိရှိရသမျှသော မော်ကွန်းမှာ ယိုးဒယားနိုင် မော်ကွန်း၊ မုဒ္ဒာဘိဘိသေက မော်ကွန်း၊ ဓညဝတီနိုင် မော်ကွန်း၊ ဓညဝတီ သာသနာပြုစေ မော်ကွန်း၊ အဝရွှေပြည်ကြီးလာ မော်ကွန်း၊ ပြည်တော်ဝင် မော်ကွန်း၊ မဟာဝိဇယရံသီမော်ကွန်း၊ မင်းကွန်းစေတီတော် မော်ကွန်း၊ ပြုကြန်ဘွဲ့ မော်ကွန်းနှင့် ဗိန္ဒအောင်ချာ ရွှေဘုံသာဘုရားရှင် မော်ကွန်းတို့ဖြစ်သည်။

ယင်းမော်ကွန်းများအနက် ပေမူ၊ ပုံနှိပ်မူများဖြင့် ဖော်ထုတ်နိုင်ပြီဖြစ်သော မော်ကွန်းတို့မှာ ယိုးဒယားနိုင်မော်ကွန်း။ မုဒ္ဒာဘိသေက မော်ကွန်းနှင့် ပြုကြန်ဘွဲ့ မော်ကွန်းတို့ဖြစ်သည်။ ကျန်မော်ကွန်းများမှာ ရေးဖွဲ့ခဲ့သည်ဟုသာ အဆိုတွေ့ရသော်လည်း မော်ကွန်းစာကိုယ်ကို မတွေ့ရသေးချေ။ စာကိုယ်တွေ့ပြီး မော်ကွန်း ၃ စောင်အနက် ပြုကြန်ဘွဲ့ မော်ကွန်းကိုသာလျှင် ပုံနှိပ်ရသေးသည်။ ကျန် ၂ စောင်မှာ ပေမူအဖြစ်ဖြင့်ပင် ရှိသေးသည်။

မော်ကွန်း၏အဓိပ္ပာယ်မှာ ပြုလုပ်ဆောင်ရွက်မှု အောင်မြင်ကြောင်းကို မှတ်တမ်းတင်ခြင်းသာ ဖြစ်လေရာ လက်ဝဲနော်ရထာ၏ မော်ကွန်းများသည်လည်း ကုန်းဘောင်ခေတ်ဦးဘုရင်တို့၏ ဆောင်ရွက်ချက်အောင်မြင်မှုများကို မှတ်တမ်းတင်ခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ်ဦး ဘုရင်တို့သည် တတိယမြန်မာလက်နက် နိုင်ငံတော်ကြီးကို စည်းလုံးဖွဲ့စည်းခဲ့သူများဖြစ်လေရာ စာဆို၏ မော်ကွန်းများသည်လည်း တတိယမြန်မာနိုင်ငံတော် စည်းလုံးရေးနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စပ်ဆိုင်ခဲ့သည်သာများသည်။

mgyoe.com

mgyoe.com

ယိုးဒယားနိုင်မော်ကွန်းသည် ဆင်ဖြူရှင်မင်းလက်ထက် ယိုးဒယားသို့ ချီတက်တိုက်ခိုက်ပုံကို မော်ကွန်းထိုးထားခြင်း ဖြစ်သည်။ မော်ကွန်းဟူသော အမည်နှင့်အညီ ဝီရ ရသက လွှမ်းမိုးနေသည်ကို တွေ့ရသည်။ "ယိုးဒယားပြည်၊ အောင်မြင်သည်ကို ရစ်ညီဝန်းရီ၊ ပုလဲသီသို့၊ အစီအလျဉ်၊ စစ်ရေးစင်ပိမ့်"ဟု ပဏ္ဏာမချီပြီးလျှင် "ယွန်းယိုးဒယား၊ ပြည်ကြီးများကို၊ တွားတွားကြေမြည့်၊ ဘုန်းစက်လှည့်၍၊ မရှည့်နှောင်လွှန်၊ စည်ဆက်ကျွန်" ဟု မြန်မာတို့ ဘုန်းတန်ခိုးထက်စဉ်က ထွန်းတောက်ခဲ့ပုံကို အားတက်၊ အားကြွဖွယ် ဝီရရသပေါ်အောင် ဖွဲ့ဆိုခဲ့သည်။ တစ်ဖန်ဆက်၍ "မဆိုင်းမရွံ့၊ နှိပ်နှံ့သွယ်သွယ်၊ အောင်ပွဲကျယ်မှ၊ ဇင်းမယ်လကွန်း၊ အနန်းပြည်ခွင်၊ မိုင်းသွင်ကျိုင်းသည်၊ စပ်လျည်မြေကြော၊ ဘယောကြွင်းမဲ့၊ ငါးဆဲ့ခုနစ်ဆိုင်၊ ယွန်းခရိုင်ကို၊ တတ်နိုင်ခြေရုံ၊ ကြံတိုင်းနှံ့၍၊ နိုင်ငံစည်ရှည်၊ ဇင်းမယ်ပြည်ဦ၊ သင့်သည်သူ့အား၊ စောင့်နေထားမှ၊ ထင်ရှားလွှင့်ပေါ်၊ ဆင်ကျော်မြင်းကြီး၊ သမီးမြေးသား၊ စော်ဘွားကစ၊ ကျန်သမျှနှင့် ဇယစမ္မာ၊ ဇကာဇော၊ တပေါင်းလဝယ်၊ လောကထိပ်ပေါ်၊ နောင်တော်စံမြန်း၊ စကိုင်းနန်းသို့၊ ရှိပန်းတင်ရွက်၊ ယူဆက်ခဲ့သည်၊ ပြည့်နှက်ရွှေငွေ ရှမ်းယွန်းတည်း။

ဇင်းမယ်နှင့် ယွန်းပြည်တို့အား အောင်နိုင်ခဲ့ပုံကို ဖော်ပြရာတွင် ဇာတိမာန်စိတ်ဓာတ်၊ အောင်မြင်မှု စိတ်ဓာတ်များ တဖွားဖွားပေါ်လာအောင် ဖော်ထုတ်နိုင်ခဲ့သည်။

ထို့အပြင် စစ်ချီရာတွင် စစ်ကြောင်း သုံးကြောင်းခွဲပုံ၊ စစ်ကြောင်း တာဝန်ခံတို့၏ အမည်အရည်၊ အောင်မြင်ခဲ့သော ယွန်းရှမ်း ၅၇ ခရိုင်တို့၏ အမည်၊ အောင်မြင်သော နေ့ရက် စသည်တို့ကို အသေးစိတ် တိကျစွာ ရာဇဝင်အထောက်အထားအဖြစ် ယူနိုင်လောက်အောင် စေ့စေ့စပ်စပ် သီကုံးခဲ့သည်။

ပြူကန်ဘွဲ့မော်ကွန်းကို စဉ့်ကူးမင်း လက်ထက်တွင် "ကျူးလော်အခေါင်"ချီ၍ ဖွဲ့ခဲ့သည်။ စဉ့်ကူးမင်းသည် တိုင်းခန်းလှည့်လည်ရင်း ပြူကန်သို့ရောက်ရာ၊ ပြူကန်အကြောင်းသမိုင်း လက်ဝဲနော်ရထာကို မေးမြန်းပြီးနောက် ပြူကန်သမိုင်းမော်ကွန်းကို စပ်ဆိုရန် အမိန့်ပေးသည်။ ထို့ကြောင့် လက်ဝဲနော်ရထာသည် (မှတ်ချက် ▪ ထိုပြူကန်ဘွဲ့ရေးစဉ်က နေမျိုးမဟာကျော်ထင်ဘွဲ့ရပြီးနေပြီ) အမိန့်တော်အတိုင်း အရေးပေါ်စီကုံးဖွဲ့ရသော မော်ကွန်းဖြစ်သည်။ ပြူကန်သမိုင်းကို ၃၉၇ ခုနှစ်၊ နော်ရထာလက်ထက်မှစ၍ ပုဂံကပြူ မျှော်ကြည့်ရသော နေရာဖြစ်ကြောင်း ပဏ္ဏာမခံပြီးလျှင် "ပြူကန်ဌာန၊ ရပ်ဒေသကား၊ အင်းဝတောင့်ကူး၊ နောက်အမူးတည့်၊ မြစ်မူးမဆီး၊ ရွှေပြည်နီးလျက်၊ ဝန်ဆက်ကျော်ဟိုး၊ မော်ကွန်းထိုးအောင်၊ နေမျိုးမဟာကျော်ထင်၊ အသျှင်ကျွန်ယုံ၊ အတွင်းဝန်လည်း၊ စိတ်သည်ပြတ်သော်၊ နောက်တော်စင်စစ်၊ ပါသည်ဖြစ်၍၊ သက္ကရာဇ်တွက်သင့်၊ ထောင်နှင့်

mgyoe.com

mgyoe.com
ရာကြွယ်၊ သုံးဆယ်နှစ်ခု၊ ရတုဆီးဖွဲ့၊ တပို့တွဲလ၊ ပြည့်ဝဲကျော်ဆုံး၊ ဆယ့်သုံးရက်စေ့၊ အင်္ဂါနေ့ဝယ်၊ မဟောဘက်မှဲ့၊ ပြူကန်ဘွဲ့ဟု၊ လေးတွဲ့သံမြိုက်၊ မင်းနားထိုက်အောင်၊ ကိုးပိုဒ်လင်္ကာ၊ နန်းဘွယ်ရာဖြင့်၊ ရာဇာရတိ၊ ဆက်လျှောက်ချီသည်၊ ကဝိကျွန်ဝတ်ပြေ သတည်း"ဟု ပြူကန်ဘွဲ့မော်ကွန်း ပေါ်ပေါက်လာပုံ နောက်ခံအကြောင်းကိုပါ ထည့်သွင်း စပ်ဆိုခဲ့သည်။

ပြူကန်သမိုင်းလည်း ဖော်ပြရမည်။ စာဆို၏အမည်၊ သီကုံးသောနေ့ရက်၊ အတိအကျလည်းဖော်ပြပြီး လင်္ကာတစ်ပုဒ် မော်ကွန်းတစ်စောင်ဖြစ်အောင် ကြိုတင် ပြင်ဆင်ချိန်မရှိဘဲနှင့် အသော့ရေးစပ် ဖွဲ့ဆိုနိုင်သော စာဆို၏ကဗျာဉာဏ်ကို တစိမ့်စိမ့်တွေး ကြည့်လျှင် တသိမ့်သိမ့်ပေါ်လာမည် ဖြစ်သည်။

အလောင်းမင်းတရားကြီးသည် အင်းဝကိုအလိုတော်ပြည့်ပြီးနောက် အထက် အညာတစ်ခွင်သို့ ရွှေစက်တော်ဖြန့်တော်မူရာ တကောင်းသို့အရောက်တွင် တဲနန်းချ၍ စခန်းချတော်မူသည်။ လက်ဝဲနော်ရထာက ရှေးဓလေ့ထုံးစံနှင့်အညီ လျှောက်သောကြောင့် ၁၁၁၅–တန်ခူးလဆန်း ၁၄ ရက်နေ့တွင် စေတီတည်ရာ ၎င်းညတွင် ပြီးစီးသွားသည်။ စေတီကိုလည်း ဇိနအောင်ချာ ရွှေဘုံသာဟု နာမံသမုတ်တော်မူပြီးလျှင် လက်ဝဲနော်ရထာ သည် ဇိနအောင်ချာ ရွှေဘုံသာဘုရားရှင်မော်ကွန်း ၁၂ ပိုဒ်ကို ညတွင်းချင်း ရေးစပ်ပြီးလျှင် မိုးသောက်လျှင် ဆက်သသည်။

ထိုအခါ မင်းတရားကြီးဘုရားလည်း အလွန်အားရတော်မူ၍ မော်ကွန်းအပြီးတွင် မူထမ်းခြားသည် (ထူးခြားသည်) ရည်သွားပေါ့ရောင် နက်သိပ်သည် (တိမ်ယောင်နှင့် နက်သောအရည်အချင်းရှိသည်) (ရေး)စပ်သည်အတိုင်း မှန်ကန်ပေသည်ဟု ချီးမွမ်းတော် မူသည်။ သည်မော်ကွန်းသည် တံတားဦးတည်မော်ကွန်းကဲ့သို့ ရှိပေသည်ဟူ၍ ချီးမွမ်း တော်မူသည်။

ထွင်ဉာဏ်၊ လျှင်ဉာဏ်တည်းဟူသော ဇဝနကဗျာဉာဏ်နှင့်ပြည့်စုံသော စာဆို တော် လက်ဝဲနော်ရထာ၏ ကဗျာဉာဏ်အရည်အချင်း အရည်အသွေးကို ထပ်မံသက်သေ ထူလိုက်သောမော်ကွန်းဖြစ်ပေသည်။ လက်ဝဲနော်ရထာသည် စလျှင်စခြင်း မင်္ဂလာရတုဖြင့် တစ်မုဟုတ်ချင်း စပ်ဆိုဖတ်လျှောက်သည်။ စဥ့်ကူးမင်းလက်ထက်ကလည်း ပြူကန်ဘွဲ့ မော်ကွန်းကို အရေးပေါ် စပ်ဆိုခဲ့သည်။ ယခုလည်း ညတွင်းချင်း စပ်ဆိုရသည်။ ဤကဲ့သို့ တစ်မုဟုတ်ချင်း စပ်ဆိုခဲ့ရသော အခြားကဗျာလင်္ကာများ မည်မျှရှိသေးသည်မသိ။ ဤ မော်ကွန်းစာကိုယ်ကို မတွေ့ရသေးသော်လည်း ဤမျှနှင့်ပင် လက်ဝဲနော်ရထာ၏ ဇဝန ကဗျာဉာဏ် အတိမ်အနက်ကို ရိပ်မိနိုင်မည်ဟု ဆိုချင်သည်။
mgyoe.com

mgyoe.com

ယင်းနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် အလောင်းမင်းတရားကြီးသည် ရွှေနန်းတက်သိမ်းတော်မူပြီးလျှင် ထိုနေ့တွင်ပင် နန်းတော်၌ "ငနေကို လက်ဝဲသုန္ဒရ အမည်ပေးသနားတော်မူသည်"ဟု အလောင်းမင်းတရားကြီး အရေးတော်ပုံ ရာဇဝင်ပေမူတွင် ဖော်ပြထားသည်။

လက်ဝဲနော်ရထာ၏ မှူထမ်းထူးခြားခြင်းအပြင် မင်္ဂလာရတုတွင် တစ်ကြိမ်၊ ဇိနအောင်ချာတွင် တစ်ကြိမ် တစ်မုဟုတ်ချင်း ကဗျာဉာဏ် ကွန့်မြူးပြသနိုင်သည့်အတွက် လက်ဝဲသုန္ဒရဘွဲ့ကို ပေးသည်ဟု ယူသော် ရတန်သည်။ ဤအချက်ဖြင့်ပင် လက်ဝဲသုန္ဒရဘွဲ့ကို ဦးနေသည် မန်ကျည်းတုံ ဦးမြတ်စံထက်စော၍ရကြောင်း ထင်ရှားလှပေသည်။

လက်ဝဲနော်ရထာသည် အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးလက်ထက်တွင် ဘိုးတော်မင်းတရား၊ မုဒ္ဒာဘိသေက္ခခံပုံကိုလည်း မုဒ္ဒာဘိသေက္ခ မော်ကွန်းထိုး၍ထားခဲ့သည်။

မုဒ္ဒာဘိသေက္ခ အခမ်းအနားတွင် အမျိုးလေးပါးတို့က မင်းအား ဘိသိက်ရေသွန်းရန်အတွက် ရေခပ်မင်္ဂလာကို "သကြ်န်တော်ရေ၊ ထွေထွေခမ်းနား၊ သကြားရေစင်၊ စီရင်ထူးစွာ၊ စပ်မည့်စကား၊ ထောင်ရာလေးငါး၊ မိုးသားကြူးခုန်၊ နယုန်ဆန်းတက်၊ ခြောက်ရက်အင်္ဂါ၊ လေးနာရီပါတ်ကြူး၊ စာမြတ်ထူးဝယ်၊ သုံးဦးရတနာ၊ သမာဓိနတ်၊ ပူဇော်ညွတ်၍။ အမတ်သူဌေး၊ မဝေးသံနွယ်၊ သူကြွယ်မိတ္တာ၊ ရှစ်စီပါလျက်၊ ဆရာပုဏ္ဏား၊ ဝန်လျားသီးသီး၊ ထမ်းစင်စီး၍၊ တုမှိုးလျှောက်ပတ်၊ ရေစောင့်နတ်အား၊ တိုင်ကြားအကြောင်း၊ ဘတ်ဆုတောင်းနှင့်၊ စာဟောင်းကျမ်းရင်း၊ မယွင်းမလပ်၊ ရေးတော်စပ်၍–"

ရှေးဘုရင်တို့၏ မင်းခမ်းမင်းနား အခမ်းအနားများတွင် မုဒ္ဒာဘိသေက္ခ အခမ်းအနားသည် အထွတ်အမြတ်ဆုံးဖြစ်သည်။ ဤသို့ အထွတ်အမြတ်ဆုံး အခမ်းအနားအတွက် ရေးစပ်သောမော်ကွန်းပါ စာသားများမှာလည်း ကျက်သရေမင်္ဂလာ၊ ထုတိဩဘာနှင့် ပြည့်စုံရမည်ဖြစ်သည့်အတိုင်း ရေခပ်မင်္ဂလာကို ဖွဲ့ဆိုသောအပိုဒ်ထဲမှစာလုံးများသည် မည်မျှ ကြည်လင်ခမ်းနား၍ ကျက်သရေရှိပါသနည်း။ "သကြားရေစင်" "ခါမြတ်ထူးဝယ်" "သမာဓိနတ် ပူဇော်ညွတ်၍"စသည့် စကားလုံးများသည် မင်္ဂလာအခါတော်နှင့် လိုက်လျောလှသည်။

ဘိသိက်မဏ္ဍပ်တွင် နေရာတော် သဖန်းပျဉ်ကိုလည်း "ဟသံပဒါး၊ ရွှေသားရေးနွယ်၊ နီဖြူချယ်လျက်၊ တင့်တယ်နံ့ရံလုပ်ဆောင်ကြ၏" "ရွှေရတနာ၊ ရေးခြယ်ကာသည်၊ ပဒုမ္မာပွင့်ချပ်၊ ရာအထပ်တိ၊ သပ်သပ်သေးသွယ်၊ ချယ်လှယ်ရေးကာ၊ မျက်နှာအထက်၊ ရွှေခေါင်ကြက်၍၊ မုတ်ထွက်ဥဂင်၊ စီရင်အုန်ရိုး၊ ရွှေဖုန်မိုးလျှက်၊ မွေးမျိုးခုနှစ်၊ ဖြန်းဆွတ်

mgyoe.com

mgyoe.com
တစ်သည်”ဟု သဖန်းပျဉ်အစိအရင်ကို အသေးစိတ် ရုပ်လုံးပေါ်အောင် သရုပ်ဖော်ဆောင်နိုင်ခဲ့သည်။ သရုပ်ဖော်စာဆိုတော် ပီသလေစွ။

လက်ဝဲနော်ရထာသည် အင်းဝဆက်နှင့် ကုန်းဘောင်ဆက် ၂ ဆက်ကို မီခဲ့သူဖြစ်သဖြင့် အလောင်းမင်းတရားကြီးက သိမ်းသွင်းမြှောက်စား၍ မင်းတိုင်ပင်အမတ် ပေးခဲ့သည်။ ရှေး အင်းဝမင်းတို့၏ ထုံးစံ၊ ဓလေ့၊ နန်းဓလေ့များကို ရှေး အင်းဝဆက်မီခဲ့သူ အင်ရုံရှာစား လက်ဝဲနော်ရထာတို့ထံမှ လေ့လာခဲ့သည်။ ထို့အတူ မုဒ္ဒာဘိသိက်ခံမည်ဆိုပါက ကျမ်းဂန်နှံ့စပ်သိမြင်ပြီး ရှေးမင်းဆက်တို့ကိုမီသော လက်ဝဲနော်ရထာ ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုသာလျှင် ဘိုးတော်ဘုရားက အားကိုးရမည်ဖြစ်သည်။ ထို့အပြင် ရှေးမင်းတို့၏ မင်းခမ်းမင်းနားများကို ရေးသားပေးရန် အလောင်းမင်းတရားကြီးက အမိန့်ရှိ၍ ရေးသားခဲ့သော လောကဗြူဟာကျမ်း၌ပင်လျှင် မုဒ္ဒာဘိသေကွ အခမ်းအနား အစီအရင်အကြောင်း မပါရှိချေ။ ထို့ကြောင့် နောင်အခါ မုဒ္ဒာဘိသေကွ အခမ်းအနားထုံးစံကို နောင်လူများ မှတ်သားစိမ့်သောငှာ ရည်ရွယ်ချက်ဖြင့်လည်း ဤမော်ကွန်းကို ရေးခြင်းဖြစ်လိမ့်မည်ဟု ယူဆရသည်။ ဤသို့သော မော်ကွန်းများစွာကို ရေးသားခဲ့ခြင်းကြောင့် မြန်စာဂုဏ်ကျော်မြင့်က လက်ဝဲနော်ရထာကို မော်ကွန်းလက်ဝဲသုန္ဒရဟု ခေါ်သင့်ကြောင်း တင်ပြခဲ့ဖူးသည်။

ထို့အပြင် ဤမော်ကွန်းသည် “မော်ကွန်း အမျိုးအစားတွင် စာပေအနေဖြင့် ပထမတန်းစား မဟုတ်သော်လည်း ရာဇဝင်မှတ်တမ်းအနေဖြင့် ပထမတန်းစား ဖြစ်သည်” ဟု သမိုင်းကော်မရှင် ဒေါက်တာ ဒေါ်ရီရီက ဆိုခဲ့လေသည်။

## ဂီတ

စည်းဝါးဖြင့် သီဆိုတီးမှုတ်နိုင်သော လင်္ကာကဗျာကို သီချင်းဟု ရှေးပညာရှိတို့က သတ်မှတ်ခဲ့ကြသည်။ သီချင်းဂီတ၏သဘောသည် အဇ္ဈတ္တလင်္ကာရ အကြောင်းအရာရော၊ သဒ္ဒါလင်္ကာရ၊ သောတလင်္ကာရ၊ အသံသာမှုကိုပါ စွယ်စုံအလေးပေးရသော ကဗျာလင်္ကာဖြစ်သည်။

တီးမှုတ်သီဆို၍ ရနိုင်သော မြန်မာသီချင်းများ၏ အစမူလကို လိုက်သောအခါ ရှေးအကျဆုံး ပဒေသရာဇ်၏ ထံတျာတေးချီသော ပုစဉ်းတောင်သံကြိုး စသော ကြိုးသီချင်းများပင် ဖြစ်သည်။

၎င်း ပုစဉ်းတောင်သံကြိုး စသော ကြိုးသီချင်းများ အပါအဝင် အခြေခံကြိုးသီချင်း ၁၃ ပုဒ်ရှိသည်ဟု ဂီတပညာရှင်များက သတ်မှတ်ထားကြသည်။ ၎င်း ကြိုးသီချင်း ၁၃
mgyoe.com

mgyoe.com
ပုဒ်တို့သည် သီဆိုတီးမှုတ်ခြင်းအတတ်ကို စတင်သင်ကြားလိုသူတို့ အဆင့်ဆင့်သင်ကြားရန် ဂီတအခြေခံ သင်ခန်းစာ က–ကြိုး၊ ခ–ခွေး အဖြစ် သတ်မှတ်ခဲ့ကြသည်။ ဤအခြေခံကြိုးသီချင်းကြီး ၁၃ ပုဒ်တွင် ဗောဓိရွက်သံကြိုး သီချင်းပါသည်။ တစ်နည်းအားဖြင့်လည်း သီချင်း၏ ပထမဆုံးအပိုဒ်ကို အမှီပြု၍ ထွေတလာဟုခေါ်သည်။ ဤထွေတလာချီ ဗောဓိရွက်သံကြိုးသီချင်းကို သီကုံးသူမှာ လက်ဝဲနော်ရထာပင်ဖြစ်သည်။ (ဂီတဝိသောဓနီကျမ်း၊ ဤကျမ်းတွင် ၁၁၃၂–တန်ဆောင်မုန်းလတွင် မြောက်ဘက်တိုက် တိုက်ဝန်နေမျိုးမဟာကျော်ထင် ရေးသော ဗောဓိသံသာကြိုးဟု ဖော်ပြထားသည်။ နေမျိုးမဟာကျော်ထင်သည် လက်ဝဲနော်ရထာ ရခဲ့သော ဘွဲ့များအနက် တစ်ခုဖြစ်သည်။) မည်မျှ လင်္ကာချောသနည်း၊ မည်မျှနုသနည်း၊ မည်မျှသောတလင်္ကာရ နားဝင်ပီယံ ဖြစ်သနည်း။ အောက်ပါသီချင်းစာသားကို အသံထွက်၍ ဆိုကြည့်ပါဦး။

"ထွေတလာ၊ နေမသာ၊ ချမ်းပင်ချမ်းမြ၊ မှိုင်းမှိုင်းဝေဝေ၊ မိုးပင်မိုးကစွေ၊ မှိုင်းမှိုင်းဝေဝေ၊ တောင်လေသုတ်ဖြူး၊ ဆောင်ဦး ဆောင်းဦးဟေမာ၊ ကိုယ့်ထီးနေရာမှာ၊ ရွာလာ ရွာလာ ရေ့ရေ့စွေ၊ လွမ်းမပြေတေတူး ထပ်ချည်ငှဲလေး၊ သံသရာကံဟောင်းကပ်ချည်ငှဲလေး၊ မိုးရောလေရော၊ ချမ်းလို့သေအောင်မော၊ မိန်းသေမိန်း စိတ်ကယ်တွင်၊ ကိုယ်ထီးနေမရှင်၊ ထိပ်တင်လေ ဟိုမှာ သည်မှာသား၊ ဟိုအဆောင် သွားပါလို့ သည်အဆောင်သွားပါလို့၊ မင်းများထိပ်ခေါင်တင်လေတည့်မှ မင့်များထိပ်ခေါင်တင်"

"မိုးရောလေရော၊ ချမ်းလို့သေအောင်မော"ဟူသောအပိုဒ်ကို ဆိုမိလျှင် နှဲသံ ပတ်သံ၊ မောင်းသံများနှင့်အတူ စည်းသံဝါးသံများကို ကြားယောင်လာပါလိမ့်မည်။ နိမိတ်ပုံများ ပေါ်လာမည်။ လွမ်းချင်သူများ လွမ်းကြရော၊ နုချင်သူများ နုကြရောဟု ဆိုသယောင်ထင်ရသည်။

ကုန်းဘောင်ခေတ် အရင်ကခေတ်များတွင် ကြိုးသီချင်းများကို စပ်ဆို သီကုံးပြီးနောက်၊ ယင်းသီချင်းများ၏ အလိုက်တေးသွားများကို ထံ၊ ဒရန်၊ တျော၊ တေ၊ လေ၊ ဒူ၊ လေတျာ အစရှိသော အမှတ်သင်္ကေတများဖြင့် လေ့လာမှတ်သား သီဆိုကြသော အစဉ်အလာတစ်ရပ် ပေါ်ထွန်းခဲ့သည်။ ဥပမာ ငုံးမင်းကြိုး အဆုံးပိုဒ် "မိုးသေးကျကာမြူးဘွယ်သာ၊ ပျော်စရာလေကြူး၊ ဖော်မကွာလေကြူး၊ လေချိုဖြူးပါလို့၊ ဝမ်းနှူးဘွယ်လေတည့် ဝမ်းနှူးဘွယ်"ကို မြန်မာ့သင်္ကေတဖြင့် ဒူတျော၊ ထပ်တျော၊ တေထံတျာ၊ ထပ်တျာတျောတျော၊ ဒူလေတေလေတျော တေဒူလေထံ ဒရန့်ဒရန့်၊ တေဒူလေထံ ဒရန့်ဒရန့်"ဟု မှတ်သားခဲ့သည်။ ကုန်းဘောင်ခေတ်မတိုင်မီက သီချင်းများမှာ စာသားပျောက်ပြီး အထက်ပါ သင်္ကေတများသာလျှင် ကျန်ခဲ့သည်။
mgyoe.com

mgyoe.com

ယင်းသို့ စာသား ဂီတသင်္ကေတသာလျှင် ကျန်ခဲ့သောသီချင်းများ (တေးသွား)ကို လက်ဝဲနော်ရထာက စာသားဖြည့်သွင်း သီကုံးခဲ့သည်။ ယနေ့အထိ အခိုင်အမာ တွေ့ရှိရသမျှမှာ မဟာဂီတကျမ်းဝင် ကြိုးသီချင်းကြီး ၂ ပုဒ်ဖြစ်သည်။ ထွေတလာနှင့် သပြေပင်ဝန်းတို့ ဖြစ်သည်။ အခြား ဂီတသီချင်းနွယ်ဝင် "အခြင်း"ဂီတသီချင်းများကိုလည်း သီကုံးခဲ့သည်။ မုံရွေးဆရာတော်၏ စုဆောင်းမှုအရ၊ စန္ဒာသီရိတမ်းချင်းအလိုက်၊ သိကြားမင်းရေကန်အလိုက် ဝတ်တော်သိမ်းခြင်း၊ ကျားမကြီး ရေသောက်အလိုက်၊ ကျားမငယ် ရေသောက်အလိုက်၊ အခြင်းတို့ကို သီကုံးဖွဲ့ဆိုခဲ့သည်။

မဟာဂီတကျမ်းဝင် ကြိုးသီချင်းကြီးများအနက် "ထွေတလာ"မှာ မူလအခြေခံကြိုး ၁၃ ပုဒ်တွင် အပါအဝင်ဖြစ်သည်။ "ထံတျာတေးရှင်"ကြိုးနှင့် တန်းတူထားသည်။ သပြေပင်ဝန်းမှာ မဟာဂီတကျမ်းတွင် အလေးအမြတ် ဖော်ပြရုံသာမက ဂီတသမား၏ အလေးအမြတ်ပြုရာလည်း ဖြစ်သည်။ "ဂီတသမားတိုင်းက "တုတ် ၃ ချက်ကြိုး"ဟု အလေးအမြတ်ပြုထားရသော သပြေပင်ဝန်းကြိုးခေါ် "နဝရတ် ခရသင်းသံ"ကြိုးကိုလည်း ဖွဲ့ဆိုခဲ့သည်။

သီချင်းကိုအစချီလိုက်သော "သပြေပင်ဝန်း၊ ဇမ္ဗူညာကျွန်း၊ အခေါင်စံရွှန်း၊ တန်ဆောင်လျှံထွန်း"ဟူသော စကားလုံးများမှာ အလွန်ကျက်သရေရှိပြီး ခန့်ငြားလှပေသည်။

ထို့အပြင် "စံပပ၊ ရုံခခ၊ ရွှေပေါင်းဝန်းလျား။ ။ လှိုင်ပျံ့ပျံ့၊ ကြိုင်နံ့နံ့၊ သာမောဝန်းလျား။ ။ နေသို့သို့၊ ထိန်လို့လို့၊ ပြောင်ရွှန်းထွန်းဝင်း"ဟူ၍ အကာရန်၊ အံ့ကာရန်၊ အို့ကာရန်သံများ လွှမ်းပြီး တည်ထွင်စပ်ဆိုထားသည်မှာ နားဝင်ဆန်းသစ်ရုံသာမက၊ သုခမာလတာဂုဏ်လည်း မြောက်လှပါပေသည်။ ထို့ပြင် "ရုံကာတည့်တူ၊ ထူးထူးဆန်းဆန်းနှင့်၊ တောင်စဉ်တည့် ဆိုင်းဆိုင်းမှိုင်းမှိုင်းနှင့်၊ သာယာတည့်များတောင် သိန်းသောင်းနှင့်"ဟူ၍ ချစ်စရာကောင်းသော အံ့ကာရန်များကို နာပျော်ဖွယ် ဖွဲ့ဆိုနိုင်သော စာဆို၏ဂီတပညာကဗျာဉာဏ်ကို အံ့ဘနန်း တွေ့ရသည်။ (စာပေသုတေသီတစ်ဦး၏လက်တွင် လက်ဝဲနော်ရထာ၏ သီချင်း ၁၆ ပုဒ်ခန့် စုဆောင်းရရှိပြီဟု သိရသည်။)

အင်းဝခေတ်နှင့် ထို့အရင်ခေတ်များက ပေါ်ပေါက်ခဲ့သော သီချင်းများမှာ ကုန်းဘောင်ခေတ်တွင် ပျောက်ပျက်ဆုံးပါး အဆက်ပြတ်ပြီး စာသားမဲ့လျက် သင်္ကေတသက်သက်ဖြင့် အသက်ယှဲယှဲကျန်ခဲ့သော မြန်မာ့ဂီတကို လက်ဝဲနော်ရထာသည် အသက်ဆက်ပေးခဲ့သည်။ စာဆိုရေးစပ်သော သီချင်းများ အကုန်အစင် တွေ့လာသောအချိန်တွင်မှ တိုင်းပြည်အပေါ် ဂီတဖြင့် အလုပ်အကျွေးပြုခဲ့သော စာဆို၏ ကျေးဇူးတရားကို အပြည့်အစုံ

mgyoe.com

mgyoe.com
တွေ့ရှိရတော့သည်။ သို့ရာတွင် ယခု တွေ့ရှိသမျှသော သီချင်းများဖြင့်ပင် ယနေ့အထိ မြန်မာ့ဂီတဟု မားမားမတ်မတ် ရပ်တည်နေနိုင်သည်မှာလည်း လက်ဝဲနော်ရထာ၏ ကျေးဇူးနှင့် မကင်းကြောင်းကို စာပေသုတေသီများက လက်ခံယုံကြည်လျက်ရှိသည်။

အထက်ပါအချက်များကိုထောက်၍ လက်ဝဲနော်ရထာသည် ပျို့မော်ကွန်း ရတုစသော ရသစာပေများအပြင် ဂီတသီချင်းကြီးများကိုလည်း ပြုစု၍ မြန်မာ ရသစာပေဘဏ္ဍာတိုက်ကြီးကို တိုးချဲ့ခဲ့ကြောင်း တွေ့ရသည်။

ရရှိသမျှသော စာအုပ်၊ စာတမ်း၊ ပေမူများအရ ခြုံကြည့်လိုက်လျှင် လက်ဝဲနော်ရထာ၏ ရသစာပေများသည် (ကြိုးသီချင်းများမှအပ) သဒ္ဒါလင်္ကာရထက် အတ္ထာလင်္ကာရကို အလေးပေးကြောင်း တွေ့ရသည်။ ပုံသဏ္ဍာန်ထက် အကြောင်းအရာကို အလေးပေးကြောင်း တွေ့ရသည်။ သူ့ခေတ်၊ သူ့ပတ်ဝန်းကျင်နှင့် သူ့နေရာကိုထောက်လျှင် ဤသို့အတ္ထာလင်္ကာရကို သဒ္ဒါလင်္ကာရထက်လည်းကောင်း၊ ပုံသဏ္ဍာန်ထက် အကြောင်းအရာကိုလည်းကောင်း အသားပေးသည်မှာ သဘာဝကျကြောင်း တွေ့ရမည်။ လက်နက်နိုင်ငံထူထောင်နေသောခေတ်တွင် မင်း၏အတိုင်ပင်ခံ မင်းတိုင်ပင်အမတ်ကြီးအဖြစ် တိုင်းပြည်၏တာဝန်ကို နေ့မအား–ညမအား အမှုတော်ထမ်းနေရသော စာဆို၏ဘဝသည် ဤကဲ့သို့သော အကြောင်းအရာကို အသားပေးသော ကဗျာ၊ လင်္ကာများကိုသာ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဤခေတ် ဤအခြေအနေက လက်ဝဲနော်ရထာအား သိင်္ဂါရရသ၊ ကရုဏာရသတို့ ပြည့်လျှမ်းသော အဖွဲ့အနွဲ့မျိုး၊ စာနု၊ စာယဉ်မျိုးကို ခွင့်ပြုမည်မဟုတ်ချေ။

ထို့အပြင် လက်ဝဲနော်ရထာသည် ဟံသာဝတီရောက် မင်းတရားကြီးထံ အမှုတော်ထမ်းခဲ့လေရာ အင်းဝမပျက်မီ ဟံသာဝတီမင်းတရားလက်ထက် ရသစာပေ၊ အနုစာပေ၊ ကဗျာယဉ်၊ စာယဉ်၊ ဝတ္ထုယဉ်တို့ကြောင့် တိုင်းပြည်ကြီး ယိုယွင်းပျက်စီးကာ နောက်ဆုံး ဟံသာဝတီပါမင်းလက်ထက် မင်းဆက်ပြတ်သည်အထိ ဖြစ်ပွားသွားသည်ကို ကိုယ်တွေ့မျက်မြင် ဒိဋ္ဌဓမ္မ သိရှိခဲ့သူဖြစ်သည်။

အင်းဝပျက်သည်မှာ ပျို့ကဗျာ၊ လူးတား အဲအရာဆိုသည်များ၏ မနော်ပျို့၊ မနော်သီချင်း၊ ကုမ္ဘာဘယပျို့၊ သူဇာပျို့၊ မဏိကတ်ပျို့၊ သမုဒ္ဒယောသပျို့၊ ရွှယဉ်ပျို့၊ ငဆန်ပြန်ပျို့၊ အူရွှပျို့၊ ပွစိပျို့၊ နမောလင်္ကာသာချင်း၊ တေးတျာဆိုကြကုန်သည်။ စာများတွင် မင်္ဂလာရှိသည့် အသုံးအဆောင် အနည်းငယ်သာပါသည်။ ပြည်ပျက်သည်။ မြို့ပျက်သည်။ သင်္ဘောပျက်သည်။ ဓားသံလျက်ဖြင့် ထိုးခုတ်သတ်ညှစ်သည်။ မိန်းမ ယောက်ျား၊ သားသမီး၊ ညီအစ်ကို–မောင်နှမ၊ ပြည်ရွာ၊ မြို့ပြ၊ အပေါင်းအဖော် ကွဲပြားပျက်စီးသည်။ တရူ လွမ်းဆွတ်သည်၊ ငိုမြည်တမ်းတခြင်း၊ ချစ်သူနှင့်ကင်းကွာ၍ မုန်းသူနှင့်သာ ပေါင်းဖက်
mgyoe.com

mgyoe.com
ရခြင်းသာ များစွာ ပြုလုပ်ကြသည်ဟု ဟံသာဝတီရောက်မင်းတရားကြီး အမှာတော်ပုံစာတမ်းတွင် စာနကြောင့် အင်းဝပျက်ရသည်ကို မှတ်တမ်းတင်ထားသည်။ ထို့ကြောင့် "စာနကိုလည်း မချစ်နှင့် သူဇာကိုလည်း မပစ်နှင့်"ဟု ဆိုသည်။ သူဇာ ဗျို့သည် အသဲကွဲစာ ဖြစ်သည်။

ရခိုင်ရာဇဝင်တွင် သမ္မတမင်းလက်ထက် ရခိုင်ပြည်ပျက်ရသည်မှာ စာနဖြစ်သောသာချင်းများကြောင့် တစ်ကြောင်းဖြစ်သည်။ တောင်ငူခေတ် ဘုရင့်နောင်၏ အင်ပါယာကြီးပြိုကွဲသွားရသည်မှာလည်း နတ်သျှင်နောင်၏ အလွမ်းအဆွေးရတုများသည်ပင်လျှင် တရားခံတစ်ဦးအဖြစ် ပါဝင်သည်မဟုတ်ပါလော။

ကမ္ဘာ့ရာဇဝင်တွင်လည်း ရောမ၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယပြည်တို့ တိမ်းယိမ်းပျက်စီးခဲ့သည်မှာလည်း ကဗျာနှ၊ စာနများ၏ တာဝန်မကင်းခဲ့သည်ကို သမိုင်းကြောင်းပြန်ကြည့်လျှင် အထင်အရှားတွေ့နိုင်သည်။

တိုင်းပြည်ကို စည်းလုံးလိုသော တတိယမြန်မာနိုင်ငံကို ထူထောင်လိုသော လက်ဝဲနော်ရထာသည် ဤစာန၊ ကဗျာနအန္တရာယ်ကို ပြက်ပြက်ထင်ထင် သိမြင်လိမ့်မည်။ ထို့ကြောင့် ဤစာန၊ ကဗျာနများကို တစ်ဆိတ်စာလျှော့ပြီး နိုင်ငံတော်နှင့် လူမျိုးအတွက် စာပေကို လက်နက်သဖွယ် အသုံးချသွားသည်ဟုသာ ယူလိုပါသည်။ ပညာရှင်တို့ ချင့်ကြပါကုန်။

## သုတစာပေ သုခမိန်

ကမ္ဘာပေါ်တွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသော လူမျိုးတိုင်းတွင် စာပေရှိမြဲဖြစ်သည်။ စာပေတွင်လည်း ရသစာပေနှင့် သုတစာပေဟု ၂ မျိုးယှဉ်ပြိုင်၍ ရှိမြဲပင်ဖြစ်သည်။ လူတို့သည် လူဟူ၍ဖြစ်ပေါ်လာကတည်းက မိမိတို့ အသက်ရှင်တည်ရေးအတွက် သဘာဝနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည်။ တစ်နည်းအားဖြင့် ဝမ်းစာရှာစားရသည်။ ဝမ်းစာရှာဖွေရေးအတွက် အတွေ့အကြုံက သင်ကြားခဲ့သော ဗဟုသုတတို့ကို ဘဝတိုက်ပွဲအတွက် ပြန်လည်အသုံးချရသည်။ ဤသို့ဖြင့် မိမိတို့ဘဝ ရပ်တည်ရေးမှ အခြေပြုလာသော အတွေ့အကြုံ ဗဟုသုတစာပေကို သုတစာပေဟု ခေါ်သည်။ ဝမ်းစာရှာရာတွင် သဘာဝနှင့် ယှဉ်ပြိုင်ရသည်ဖြစ်၍ ကြာသော် လက်ပန်းကျလာသည်။ မောလာသည်။ ထိုအခါ အမောပြေဆေးအဖြစ် နားဝင်ချို၍ အရသာပေါ်သော အာဟာရလိုလာသည်။ ယင်းမှာ စိတ်အာဟာရမျိုး ဖြစ်သည်။ ဂီတ၊ သီချင်း၊ ကဗျာ၊ လင်္ကာပင်တည်း။ ထိုရသစာပေ၊ ဂီတ၊ ကဗျာတို့ကြောင့် အားသစ် လန်းဆန်းလာပြီး ဘဝတိုက်ပွဲဝင်ရန် အသင့်ဖြစ်လာပြန်သည်။
mgyoe.com

mgyoe.com
ဤကား ရသစာပေနှင့် သုတစာပေတို့ ဖြစ်ပေါ်လာရာ အရင်းအမြစ် အကျဆုံး အကြောင်းတရားများပင် ဖြစ်သည်။

ထို့ကြောင့် လူအတွက် ရသစာပေရော၊ သုတစာပေပါ လိုအပ်ခြင်းဖြစ်သည်။ အကယ်၍ ဗဟုသုတဖြစ်ဖွယ် သုတချည်းသာရှိပါက ကုန်ခန်းသွားသောအားကို မည်သို့ လန်းဆန်းစေပါမည်နည်း။ ရသစာပေတစ်ခုတည်းဖြင့် အပန်းဖြေရုံသာဖြေပြီး ရှေ့တက်ရှာကြံရန် သုတစာပေသာမရှိပါက မည်သို့ အသက်ရှင်တည်နိုင်ပါမည်နည်း။ စာပေ ၂ မျိုးစလုံးကို သူ့နေရာ၊ သူ့အချိန်နှင့် လူ့ဘဝ ရှင်တည်ရေးအတွက် အသုံးချရမည်သာ ဖြစ်သည်။

သူ့နေရာနှင့်သူ အသုံးချရန် ဖြစ်သော်လည်း မြန်မာစာပေတွင် ရသစာပေ၊ ကဗျာလင်္ကာတို့က ခေတ်တစ်လျှောက်လုံး လွှမ်းမိုးခဲ့သည်။ ရသစာပေ၏ဩဇာသည် သုတစာပေကို ဖုံးမတတ် ဖြစ်ခဲ့သည်။ သုတစာပေကို ရသစာပေကိုက်တံဖြင့် တိုင်းထွာ၍ ပေမမီဟု ပစ်ပယ်လေ့ရှိသည်။ ဤသို့ မဆီမဆိုင် တိုင်းတာခြင်းသည် သီလရှင်ကို ဆံပင်ကောက်ဆိုင်ပို့ခြင်းနှင့် တူလှသည်။ ဤသို့ တိုင်းတာမှုလွဲခဲ့သဖြင့် မြန်မာစကားပြေသည် ခေတ်မှိန်ပြီး ရသစာပေ၊ ကဗျာလင်္ကာ၏ လောင်းရိပ်မိလာသည်။ စကားပြေဆွံ့သည်နှင့်အမျှ တိုင်းပြည်နှင့် ယဉ်ကျေးမှုကို ထိခိုက်လာသည်။ ထို့ကြောင့် ခေတ်စမ်းရှေ့ဆောင် ကဗျာဆရာတစ်ဦးဖြစ်သူ မင်းသုဝဏ်က အတွေ့အကြုံ ရင့်ကျက်လာသောအခါ အောက်ပါအတိုင်း ဆိုခဲ့သည်။

"ယခု ကြီးပွားနေသော လူမျိုးများ၏စာပေကို ကြည့်ပြန်လျှင်လည်း စကားပြေက အထူးအရေးကြီးနေသည်ကို တွေ့ရသည်။ ဝိဇ္ဇာဆိုင်ရာ၊ သိပ္ပံဆိုင်ရာ ပညာရပ်များကို စကားပြေနှင့် ရေးထားသည်မှာ စာအုပ်ပေါင်း သိန်းသန်းရှိပါသည်။ ထိုစကားပြေများကို အားကိုး၍ ထိုလူမျိုးတို့ ကြီးပွားထွန်းကားနေသည်မှာ အထင်အရှားဖြစ်ပါသည်။

"ကျွန်တော်တို့ ဗမာနိုင်ငံတွင် စကားပြေကို အရေးမပေးသကဲ့သို့ရှိသည်။ စာသင်ကျောင်းများအတွက်လည်းကောင်း၊ တက္ကသိုလ်အတွက်လည်းကောင်း၊ စာအုပ်များကို ပြဋ္ဌာန်းကြသောအခါ စကားပြေကို အရေးပေးသင့်သလောက် မပေးကြချေ။ စကားပြေသည် လူမျိုး၏အသက်၊ လူမျိုး၏အားထားရာ၊ လူမျိုး၏ တန်ဆောင်ဆီမီးဖြစ်သည်ကို မပြတ်သတိရသင့်သည်။

စကားပြေ မည်မျှ အရေးပါသည် ဗမာစာပေတွင် စကားပြေ မည်မျှ ချောင်ထိုးခံရသည်ကို ဆရာမင်းသုဝဏ်ထက် ပေါ်လွင်အောင် တင်ပြရန် မဖြစ်နိုင်တော့ပါ။ ဤသို့ စကားပြေ၏ အရေးပါပုံကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ ကတည်းကပင် လက်ဝဲနော်ရထာ
mgyoe.com

mgyoe.com
က သဘောပေါက်ခဲ့သည်။ ထို့ကြောင့် လက်ဝဲနော်ရထာသည် ရသစာပေထက် သုတစာပေစကားပြေကို အလေးပေး၍ ကုန်းဘောင်ခေတ် စကားပြေခေတ်ဦးကို တည်ထောင်လမ်းခင်းပေးခဲ့သည်။ သူပြုစုခဲ့သော စကားပြေကျမ်းများအနက် ပေမူ၊ ပုံနှိပ်မူ၊ လက်နှိပ်စက်မူများ ရှာဖွေရသမျှတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ လျှောက်ထုံး သို့မဟုတ် အမေးအဖြေကျမ်းများ

(က) လက်ဝဲနော်ရထာမေး၊ တောင်တွင်းဆရာတော်ဖြေ။

(ခ) လက်ဝဲနော်ရထာမေး၊ ပလိုင်းဆရာတော်ဖြေ။

(ဂ) စည်သူကျော်ထင်မေး၊ ရှင်နန္ဒမာလာဖြေ။

(ဃ) နေမျိုးဇေယျကျော်ထင်မေး၊ ညောင်ကန်ဆရာတော်ဖြေ။

(င) အတွင်းဝန် မဟာသီဟသူရမေး၊ မောင်းထောင်ဆရာတော်ဖြေ။

၂။ တည်းဖြတ်ခြင်း

(က) နတ်သျှင်နောင်ရတုပေါင်းချုပ်။

(ခ) နဝဒေးရတုပေါင်းချုပ်။

(ဂ) စာဆိုတော်များရတုပေါင်းချုပ်။

၃။ ရာဇဝင်ကျမ်းများ

(က) အလောင်းမင်းတရားကြီး အရေးတော်ပုံရာဇဝင်။

(ခ) ရာဇဝင်သစ်။

(ဂ) ဆင်ဖြူရှင်အရေးတော်ပုံ။

၄။ စာပေသုတေသနကျမ်းများ

(က) မြန်မာသံယောဂဒီပနီ။

(ခ) မင်းခမ်းတော်။

(ဂ) ခေါင်းလောင်းစာ၊ ကျောက်စာနှင့် စာဟောင်းများ စုဆောင်းခြင်း။

၅။ အခြားကျမ်းဂန်များ

(က) စူဠနိဒါန်း၊

mgyoe.com

mgyee.com
(ခ) နိဂုံးအဖြေ၊
(ဂ) သံတော်ဦးတင်စာတမ်း၊
(ဃ) ဝါဆိုစဉ်ဝတ္ထု၊

အထက်ပါ စကားပြေကျမ်းများအရ လျှောက်ထုံးများကို ပထမဦးစွာ ဖော်ပြရန် ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် လက်ဝဲနော်ရထာ၏ လျှောက်ထုံးများမှာ လျှောက်ထုံး မဟုတ် အမေးအဖြေကျမ်းများပင် ဖြစ်သည်။ မြန်မာစာပေတွင် ဝန်ဇင်းမင်းရာဇာ လျှောက်ထုံး၊ ကိုင်းစား မနုရာဇာလျှောက်ထုံး၊ ဦးပေါ်ဦး လျှောက်ထုံး၊ မဟာပညာကျော် လျှောက်ထုံး ဟု ရှိရာတွင် မင်းထံသို့ အမတ်ပညာရှိများက ထုံးဟောင်းသာဓက စသည်များကို လျှောက် သော လျှောက်ထုံးသာဖြစ်သည်။ လက်ဝဲနော်ရထာ၏ လျှောက်ထုံးမှာမူ မင်းကိုယ်တိုင်က စေ၍သော်လည်းကောင်း၊ မိမိကိုယ်တိုင်က သိလို၍သော်လည်းကောင်း၊ ပညာရှိ ဆရာ တော်ကြီးများထံ မေးသော အမေးနှင့်အဖြေ ဖြစ်သည်။ ထို့ကြောင့် အမေးအဖြေကျမ်း သို့မဟုတ် အမေးတော် အဖြေကျမ်းဟုသာ အမည်တပ်သင့်သည်။

လက်ဝဲနော်ရထာနှင့် ခင်ကြီးပျော် စသော အတွဲကဲ့သို့ ပုဂ္ဂလယုဂ၊ ပုဂ္ဂိုလ်စုံတွဲ များ မြန်မာစာပေတွင် ပေါ်ဖူးပေါ်လေ့ရှိသည်။ ဥပမာ–

ဝိသာခသေဌေးနှင့် ရှင်ဓမ္မဒိန္နာ၊
ပါယာသိရာဇညနှင့် ရှင်ကုမာရကဿပ၊
မိလိန္ဒမင်းနှင့် ရှင်နာဂသိန်၊
စတုရင်္ဂဗလအမတ်နှင့် ပုဂံဆရာတော်၊
သာလွန်မင်းနှင့် တောင်ဖီလာဆရာတော်၊
အလောင်းမင်းတရားနှင့် အတုလသသယ ဆရာတော်တို့ ဖြစ်သည်။

အထက်ပါပုဂ္ဂိုလ်များသည် မိမိတို့စိတ်တွင် သံသယဖြစ်ဖွယ်ရာများ၊ မသိသော အရာများ၊ ထပ်မံဖြည့်စွက်ပြီး ပြည့်စုံအောင် သုတေသနပြုဖွယ်ရှိသည်များကို ဂန္ထန္တရ ဗဟုသုတ၊ ဘာသာသန္တရ ဗဟုသုတ ပြည့်စုံသောပုဂ္ဂိုလ်၊ ဆရာတော်တို့ထံ မေးမြန်း လျှောက်ထားခြင်း ဖြစ်သည်။ ယခုလည်း လက်ဝဲနော်ရထာသည် မိမိမရှင်းလင်းသော အချက်များကို ဆရာတော်ကြီးများထံ လျှောက်ထားမေးမြန်းသော အမေးတော်ဖြစ်သည်။ ဦးပေါ်ဦး၊ ဝန်ဇင်းမင်းရာဇာ စသော ပုဂ္ဂိုလ်များ၏လျှောက်ထုံးသည် မင်းက အမေးတော်ရှိ ၍ မင်းကို လျှောက်ထားရသော လျှောက်ထုံးဖြစ်သည်။ လက်ဝဲနော်ရထာ၏ လျှောက်ထုံး မှာ ယင်းလျှောက်ထုံးများနှင့် ပြောင်းပြန်ဖြစ်သည်။ မင်းကမေး၍ ဖြေရသော "အဖြေ လျှောက်ထုံး"မဟုတ်၊ မိမိ၏သံသယကို ပြေပျောက်စေခြင်းငှာ မိမိက ဆရာတော်များအား

mgyee.com

mgyoe.com
မေးမြန်းလျှောက်ထားသော "အမေးလျှောက်ထုံးသာ"ဖြစ်သည်။ ထို့ကြောင့် လက်ဝဲနော်ရထာ၏ လျှောက်ထုံးများကို လျှောက်ထုံးဟု ခေါ်ခြင်းထက် "အမေး–အဖြေ"ဟုသာ အမည်တပ်သင့်သည်။ ဥပမာ ကျည်းကန် ကိုရင်ကြီး မေး ကျီးသဲဆရာတော်အဖြေဖြစ်သော စွယ်စုံကျော်ထင် ကဲ့သို့လည်းကောင်း၊ မုံရွာ သျှင်သီရိမာလာမေး မုံရွေးဆရာတော်ဖြေသော သမန္တစက္ခုဒီပနီကျမ်းကဲ့သို့လည်းကောင်း၊ အလောင်းမင်းတရားကြီး မေး အတုလဆရာတော် ဖြေသော နန်းစဉ်ပုစ္ဆာအဖြေကဲ့သို့လည်းကောင်း "အမေး–အဖြေ"ကျမ်းဟုသာ သတ်မှတ်ခေါ်ဝေါ်သင့်သည်။

ဤ "လျှောက်ထုံး"သို့မဟုတ် အမေးအဖြေကျမ်းကို မလေ့လာမီ ဤကျမ်းဖြစ်ပေါ်လာသော ကာလ၊ ဒေသနှင့် ပယောဂကို ရှေးဦးစွာ စဉ်းစားရမည်ဖြစ်သည်။ ဤလျှောက်ထုံး ပေါ်ပေါက်ရာကာလမှာ အင်းဝပျက်ပြီး ကုန်းဘောင်မင်းဆက်တည်ဦးကာလ ဖြစ်သည်။ နောက်ဆုံး အင်းဝတွင် နန်းစံသွားသော ဟံသာဝတီပါမင်း နန်းကျသွားပြီးနောက် တိုင်းပြည်ပျက်သည်။ မူးမတ်ပညာရှိ အများအပြားသည် ဟံသာဝတီပါမင်းနှင့်အတူ ဟံသာဝတီသို့ ပါသွားကြသည်။ ကျန်ရှိသော မှူးမတ်ပညာရှိတို့လည်း အထက်ဗမာပြည်တစ်ဝိုက်တွင် အကွဲကွဲအပြားပြားဖြစ်ရာမှ အချို့ကို အလောင်းမင်းတရားကြီးက လက်ခံသိမ်းသွင်းတော်မူသည်။ အလောင်းမင်းတရားကြီးသည် တိုင်းပျက်ပြည်ပျက်ကြီးကို ပြန်လည်စည်းရုံးပြီး တပြည်လုံး တညီတညွတ်တည်း အာဏာစက်ပြန့်အောင် အားထုတ်နေချိန် ဖြစ်သည်။ သို့ရာတွင် အလောင်းမင်းတရားကြီးမှာ ထီးမွေနန်းမွေကိုခံ၍ တက်လာသောမင်းမဟုတ်၊ မင်းသွေးနီးသူမဟုတ် သာမန်အရပ်သားဘဝမှ လုပ်ရည်ကိုင်ရည် ကြံရည်ဖြင့် တက်လာသော "ငါ့တစ်ပါး"မင်း ဖြစ်သည်။ ရတနာသိင်္ခတွင် မင်းအဖြစ်ခံတော်မူပြီးသော်လည်း အောက်ဗမာပြည် ဟံသာဝတီတွင် မွန်မင်းပြိုင်တို့ ရှိနေသေးသည်။ အိမ်နီးချင်း တိုင်းပြည် ဖြစ်သော ယိုးဒယားမင်းတို့က လေးစားလာရန်လည်း လိုသေးသည်။ မြန်မာမင်းတို့၏ ဩဇာအောက်၌ တည်ရှိခဲ့သော ကသည်းပြည် ဇင်းမယ်စသော ပြည်ထောင်တို့ကလည်း အလောင်းမင်းတရားကို အချုပ်အချာ အာဏာပိုင် ဧကရာဇ်အဖြစ် သစ္စာတော်ခံရန် လိုသည်။ ထို့အပြင် ပြည်တွင်း၌လည်း နန်းရိုးမဟုတ်သော "ငါ့တစ်ပါး"မင်း အလောင်းမင်းတရားကြီးကို ရှေးထုံးတမ်းစဉ်လာအရ တိုင်းပြည် အုပ်ချုပ်သော ထီးဆောင်းမင်း ဧကရာဇ်အဖြစ် လက်ခံယုံကြည် အားကိုးလာအောင်လုပ်ရန် လိုသည်။

ဤသို့သော ပြည်တွင်းရေး၊ ပြည်ပရေး အာဏာစက် ဖြန့်ကြက်မှုကို ပြုလုပ်ရန် လိုအပ်သည်ကို အလောင်းမင်းတရား သဘောပေါက်ထားသည်။ သို့သော် "ငါ့တစ်ပါး"
mgyoe.com

mgyoe.com
မင်းဖြစ်သော သူ၏ အနီးအနားတွင် တိုင်းပြည်အုပ်ချုပ်ရေး ကျွမ်းကျင်သူ၊ မင်းခမ်းမင်းနား အဆောင်အယောင်တို့ကို တတ်ပြွန်သူ၊ တရားစီရင်ရေး၊ အခွန်ကောက်ရေး၊ ပြည်ထောင်ချင်း ဆက်ဆံရေး၊ ဝါဒဖြန့်ချိရေး စသော ပြည်ရေးပြည်ရာတို့ကို အတွေ့အကြုံရှိပြီး နားလည်တတ်ကျွမ်းသူများ မရှိသလောက် ဖြစ်နေသည်။ လက်ရုံးရည် တစ်ခုတည်းကိုသာ အားကိုးရသူများသာ များသည်။ ထို့ကြောင့် အင်းဝဆက်ကို မီခဲ့သူ၊ ယခင် မင်းဆက်များ ကာလက ပြည်ရေးပြည်ရာတွင် ကျွမ်းကျင်ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်သော အင်ရုံဝန်ကြီးလို လက်ဝဲသုန္ဒရလို၊ စိန္တကျော်သူဦးဩလို၊ လက်ဝဲနော်ရထာလို ပုဂ္ဂိုလ်များကို သိမ်းသွင်း လက်ခံပြီး မြှောက်စားခဲ့သည်။ အလောင်းမင်းတရားကြီး ကိုယ်တိုင်ကလည်း ပြည်ရေးပြည်ရာ ကိစ္စများကို အမြဲ စိတ်ဝင်စားပြီး မပြတ်လေ့လာခဲ့သည်။ သံသယဖြစ်နေသော ပြဿနာများကို မိမိနှင့် ပြည်ထောင်ဘက်ဖြစ်သူ အတုလယသ ဆရာတော်လို ပုဂ္ဂိုလ်ထံ ချဉ်းကပ်တိုင်ပင် မေးမြန်းခဲ့သည်။ မိမိ၏လက်ရုံးဖြစ်သော လက်ဝဲနော်ရထာလိုပုဂ္ဂိုလ်ကို လည်း မင်းတိုင်ပင်အမတ်ခန့်ပြီး တိုင်ပင်မေးမြန်းခဲ့သည်။ တစ်ဖန် လက်ဝဲနော်ရထာကို စေလွှတ်၍ တောင်တွင်းဆရာတော် ခင်ကြီးဖျော်ကိုလည်း လျှောက်ထားမေးမြန်းလေ့ရှိသည်။ သို့ရာတွင် မင်းဆရာဖြစ်သော အတုလသယဆရာတော်မှာ အတင်ဂိုဏ်းမှဖြစ်ပြီး လက်ဝဲနော်ရထာ၏ ဆရာဖြစ်သော တောင်တွင်းဆရာတော် ခင်ကြီးဖျော်မှာ အရုံဂိုဏ်းမှ ဖြစ်သည်။ အတုလဆရာတော်မှာ အလောင်းမင်းတရားကြီးလက်ထက် သာသနာပိုင် ဆရာတော်ဖြစ်၍ ကျမ်းဂန်မနဲ့စပ်၊ မင်းဩဇာကြောင့် သာသနာပိုင်ရခြင်း ဖြစ်သည်။ ဘိုးတော်မင်းတရားလက်ထက် အတင်အရုံဂိုဏ်းကိစ္စ အပြတ်ရှင်းရာတွင် လူထွက်ရသည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် လက်ဝဲနော်ရထာ မေး တောင်တွင်း ဆရာတော်ဖြေ လျှောက်ထုံး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ဝဲနော်ရထာ၏ လျှောက်ထားသောမေးခွန်းများမှာ အများအားဖြင့် အလောင်းမင်းတရားကြီး၏ အမေးတော်များ၊ တိုင်းရေးပြည်ရာနှင့် သွယ်ဝိုက်၍ စပ်ဆိုင်နေသော အမေးများသာ များသည်။

အဒိဋ္ဌဇောတနာ ပုစ္ဆာ၊ မသိသေးသည်ကို သိလို၍ မေးခြင်း။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ နှီးနှောလို၍ မေးခြင်း၊ ဝိမတိစ္ဆေဒနာပုစ္ဆာ၊ ယုံမှားကို ပြေပျောက်လို၍ မေးခြင်း။ အနုမတိပုစ္ဆာ၊ မိမိအယူသို့ လိုက်စေလို၍ မေးခြင်း။ ကထေတုကမျတာ ပုစ္ဆာ၊ မိမိကပင် ဖြစ်စေလို၍ မေးခြင်း စသော အမေး ၅ ရပ်အနက် ကထေတုကမျတာ ပုစ္ဆာမှတစ်ပါး အခြား ၄ ရပ် စလုံး လက်ဝဲနော်ရထာ၏ လျှောက်ထုံးတွင် ပါဝင်သည်။

ပုဂ္ဂိုလ် အရေအတွက်အားဖြင့် လက်ဝဲနော်ရထာ (စည်သူကျော်ထင်ဘွဲ့ပါ) ၂၈ ပုဒ်၊ အလောင်းမင်းတရားကြီး၏ အမေး ၁ ပုဒ်၊ နေမျိုးဇေယျ နော်ရထာ မေး ၃ ပုဒ်၊
mgyoe.com

mgyoe.com
ပေါင်း ၂၈ ပုဒ်၊ ပြဿနာစုစုပေါင်း ၇၉ ခုဖြစ်သည်။ ဘာသာရပ်အလိုက် ရာဇဝင်ဆိုင်ရာ ၅ ခု၊ သုတေသနဆိုင်ရာ ၅၃ ပုဒ်တွင် လက်ဝဲနော်ရထာသည် မိမိရေးသားသော မြန်မာသံယောဂ ဒီပနီကျမ်းကို ဆရာတော်အား တည်းဖြတ်ရန် လျှောက်ခြင်း၊ ကျောက်စာ၊ ခေါင်းလောင်းစာများကို တည်းဖြတ်ရန်နှင့် ကျမ်းဦးဂါထာတို့ကို ရေးသားပေးရန် တောင်းပန်သော လျှောက်ထုံးလည်း ပါဝင်သည်။

မေးမြန်းလျှောက်ထားရာတွင်လည်း "တိတိကျကျ သိချင်ပါသည်" "ဧကဝုဒ်ကျကျ သိချင်ပါသည်" "အတတ် သိမြင်ချင်ပါသည်"ဟု အလွန်တိကျစွာ သိချင်သကဲ့သို့ပင် မေးခွန်းမေးမြန်းရာတွင်လည်း မည်သည့်ကျမ်း၊ မည်သည့်ပညာရှိက မည်သို့ဆိုသည်၊ မည်သည့်ပျို့၊ ကဗျာ၊ မော်ကွန်းတွင် မည်သို့စပ်ဆိုသည်ကိုလည်း အာဂမယုတ္တိဆောင်၍ မေးမြန်းသည်။ အဖြေကိုလည်း ကျမ်းကိုးကျမ်းကား၊ သက်သေသာဓက၊ အာဂမယုတ္တိ သာဓကယုတ္တိဖြင့် ဖြေရန်တောင်းဆိုသည်။

အဖြေ၏မှီရာဖြစ်သော ကျမ်းဂန်များကိုလည်း ကိုယ်တိုင်ကြည့်လိုသည်။ ထို့ကြောင့် ဆရာတော်ထံရှိက ထုတ်ပေးရန် တစ်ကြိမ်မက တောင်းဆိုခဲ့သည်။ အထူးသဖြင့် ရာဇဝင်ဆိုင်ရာ မေးခွန်းအဖြေများနှင့် ပတ်သက်လျှင် အထောက်အထားကို အမိအရ မေးတတ်သည်။ တောင်းတတ်သည်။

ပုစ္ဆာ ၁၆ တွင် မဟာသမ္မတမင်းမှ စ၍ ဘုရားရှင်၏ ဘိုးတော် ဇေယျသေနမင်းတိုင်အောင် မင်းပေါင်း ၃၃၄၅၆၉ ရှိသည်ဟု ဆိုပါသည်။ ဤသမ္မတမှာ ကမ္ဘာဦး မဟာသမ္မတမင်းကို ဆိုဟန်မရှိ၊ မင်းပေါင်း ၃ သိန်းကျော်သာရှိ၍ နည်းသည်ဟု လက်ဝဲနော်ရထာက ထင်သည်။ ဟုတ်–မဟုတ်ဖြေရန် လျှောက်သည်။

ပုစ္ဆာ ၁၉ တွင် သက္ကရာဇ်ဖြိုခြင်းနှင့် ပတ်သက်၍ မိုးညှင်းမင်းလက်ထက် သက္ကရာဇ် ဖြိုသော်လည်း မပြို၊ ဘူရိဒတ်ဇာတ်ပေါင်းခန်းတွင်လည်း "အတို သက္ကရာဇ်ငါးဆယ့်နှစ်"ဟု ဆိုကြောင်း၊ အာဂမယုတ္တိပြ၍ မည်သူဖြို၍ပြိုသော သက္ကရာဇ်ဆိုသည်ကို သိပါရစေဟု လျှောက်သည်။

ပုစ္ဆာ ၂၆ တွင် သရေခေတ္တရာ ဒွတ္တဘောင်မင်း၏ ကောင်းမှုဘုရားများ၏ အမည်တော်သည် ဂြမာဘုရား၊ သရမာဘုရား၊ ကြည်ကြည်ဘုရား၊ ညည်ညည်ဘုရား၊ ပေါပေါဘုရား၊ လျောလျောဘုရားဟု ရာဇဝင်တွင် ဆိုသည်။ ဤဘွဲ့တော်များသည် မည်သည့်ဘာသာစကားဖြင့် မှည့်ထားသနည်း၊ ယခုအတိုင်း အနက်အဓိပ္ပာယ်မထွက်၊ ထို့ကြောင့် မည်သည့် သမိုင်းမော်ကွန်းစကားစဉ်များ တွေ့ရှိဖူးသည်ကို သိလိုသည်ဟု လျှောက်သည်။

ပုစ္ဆာ ၂၆ တွင်ပင် သူရဿတီ နတ်သမီးကို မည်သည့်အချိန်က ပိဋကတ်စာပေ

mgyoe.com

များတွင် သွတ်သွင်း ကိုးကွယ်သည်ကိုလည်း သိလိုသည်ဟု လျှောက်သည်။ (မှတ်ချက်တွင် တောင်ငူရာဇဝင်ကို သက္ကရာဇ် ၉၀၀ ကျော်က ရေးသော လက်ရေးမူ ယခု တွေ့ပါသည်။ ရာဇဝင်ကို ကြည့်တော်မူလိုလျှင် ကြည့်ပါ၊ တပည့်တော်တွင် ယခု ရှိနေပါသည်ဟု လျှောက်သည်) ရာဇဝင်အကိုးအကားဖြင့် ဖြေတော်မူစေလို၍ အသားလို၍ အရိုးတောင်းခြင်း ဖြစ်ရာသည်။

ပုစ္ဆာ ၂၈ တွင် တံတားဦးတည် (လက်ာ) တစ်စောင်နှင့် စကားပြေရေသော တံတားဦးတည် တစ်စောင် ပေါင်း ၂ စောင် ကြားဖူးသည်။ လက်ာသက်သက်ဖြင့် ရေးထားသော တံတားဦးတည်ကို မတွေ့ဖူးသေး။ တွေ့ရသော တံတားဦးတည်တွင် သရေခေတ္တရာအကြောင်းသာပါသည်။ ၎င်းတွင်ပါသော သက္ကရာဇ်များအရ ရန်နိုင်မှူး မင်းပြုနေသောကာလ သက္ကရာဇ် ၉၆၀ ကျော်နှင့် ဆီဆိုင်နေသည်။ အချို့က ဤစာသည် ဒွတ္တပေါင်မင်းသမိုင်းဟု ခေါ်ကြသည်။ "သည်စာကို စေ့စေ့ ဆင်ခြင်တော်မူစေချင်ပါသည်"ဟု မေးသည်။ မှတ်ချက်အနေဖြင့် ရာဇဝင်အချုပ်၊ မူဟောင်း၊ မူကောင်းရှိသည်ကိုလည်း ထုတ်တော်မူပါ့ ဆရာတော်ဘုရားဟု အထောက်အထားကို တောင်းဆိုသည်။

ဤရာဇဝင်နှင့် ဆိုင်သော မေးခွန်း ၅ ခုကို ထောက်၍ လက်ဝဲနော်ရထာ၏ မေးခွန်းများမှာ အသားလွတ် အတ္တနောမတိ မေးခွန်းများမဟုတ်၊ အာဂမယုတ္တိ သက်သေသက်ကံ ကျမ်းဂန်စာပေ အထောက်အထားဖြင့် မေးထားသော မေးခွန်း၊ တိတိကျကျ၊ မိမိရရ မေးထားသော မေးခွန်းများ ဖြစ်မည်ကို အလွယ်တကူတွေ့နိုင်သည်။ ထို့အပြင် ရာဇဝင်ကို စိတ်ဝင်စားသော သုတစာပေ သုခမိန်ပီပီ မိမိဥ္စရှိသော ရာဇဝင်ကျမ်းဂန်များကိုလည်း ထုတ်ပြရဲသည်။ မသိ၊ မကြည့်ရသေးသော ရာဇဝင်ကျမ်းဂန်များကိုလည်း ထပ်မံစိစစ် လေ့လာလိုသော အာသီသပြင်းပြစွာ ရှိနေသည်ကိုလည်း အထင်အရှား တွေ့ရသည်။ အမှန်အားဖြင့် လက်ဝဲနော်ရထာသည် ရာဇဝင် သုတေသီ၊ ရာဇဝင်ရေးဆရာ ဖြစ်သည်။ သို့သော် သက်ဆိုင်ရာ အခန်းကျမှသာ ရာဇဝင်သုတေသနအကြောင်း ဆက်တော့မည်။

ရာဇဝင်မေးခွန်းသာ ဤသို့ မေးသည်မဟုတ်၊ ကျန်သော သုတေသန မေးခွန်းပုစ္ဆာများ၊ ဘာသာရေးဆိုင်ရာ ပုစ္ဆာများတွင်လည်း ဤနည်းနှင်နှင် မေးမြန်း လျှောက်ထားသည်။

သုတေသနဆိုင်ရာ အမေးပုစ္ဆာများအနက် ယနေ့အထိ လူများစိတ်ဝင်စားပြီး "ပြဿနာ"ဖြစ်နေသေးသော ပုစ္ဆာများလည်း ပါဝင်သည်။ ဥပမာ ပုစ္ဆာ ၄ တွင် ဂြိုဟ်နက္ခတ်တို့ လက်ျာရစ် လည်ခြင်း ဟုတ်မဟုတ်၊ နေ–လဗိမာန်သည် အလုံး ဟုတ်မဟုတ်တို့မှာ လကမ္ဘာသို့ ရောက်နေသော ယခု "အပိုလို"ခေတ်အထိပင် ခေတ်မီနေသေးသည်။
mgyoe.com

mgyoe.com

ပုစ္ဆာ ၁၁ တွင် နတ်ဝင်သည် ရှိနိုင်မရှိနိုင်နှင့် ပုစ္ဆာ ၁၆ တွင် ဝိဇ္ဇာအကြောင်း အမေးပုစ္ဆာများမှာ ယနေ့ခေတ် ၁၃၃၅ အထိ မရိုးနိုင်သောပုစ္ဆာများ ဖြစ်သည်။

ပုစ္ဆာ ၁၈ တွင် သူရာမေရယကို ဆေးအဖြစ် သောက်ရာတွင် ပဥ္စသီလပျက်မပျက် မေးထားရာ "ဆရာကြီး ရွှေဥဒေါင်းခေတ်"ထိအောင်ပင် ပြဿနာဖြစ်နေသေးသည်မှာ လက်ဝဲနော်ရထာ၏ ဉာဏ်ပညာသည် မည်မျှ အနာဂတ်ကို မြင်နိုင်စွမ်းရှိသည်ကို ပြလျက် ရှိသည်။

ပုစ္ဆာ ၁၃ တွင်ပါသော ကလျာဏီရွှေကျောင်း မော်ကွန်းနှင့် ခေါင်းလောင်းစာတို့မှာ လက်ဝဲနော်ရထာ၏ အတ္ထုပ္ပတ္တိနှင့် ကုန်းဘောင်ခေတ်ဦး သုတေသီတို့ ယနေ့ထိ လေ့လာ နေရသေးသော သမိုင်းအထောက်အထားတစ်ခု ဖြစ်သည်။

ပုစ္ဆာ ၂၁ တွင် သုခမိန် လက်ဝဲနော်ရထာက သူကြံဆရေးဆွဲထားသော သင်္ဂြိုဟ် အင်းစောက် သင့်မသင့်ကို ဆရာတော်ထံ တည်းဖြတ်ပြီး အဆုံးအဖြတ်ပေးရန် လျှောက် သည်။ တက္ကသိုလ်တွင် ဗုဒ္ဓကျမ်းစာ၊ ဗုဒ္ဓအဘိဓမ္မာများ ရောက်လာပြီး ခေတ်မီနည်းနှင့် သင်ကြားရာတွင် သင်္ဂြိုဟ် အင်း စောက် ဇယားကိုပင် အသုံးပြုလျက်ရှိရာ သုခမိန်၏ ဉာဏ်သည် မည်မျှ ခေတ်ရှေ့ပြေးနေသည်ကို တွက်ဆနိုင်သည်။ ယခုအထိ သင်္ဂြိုဟ် နှင့်ပတ်သက်သော ဋီကာ၊ အနုဋီကာ၊ အဖွင့် စသော သင်္ဂြိုဟ် အဖွင့်ကျမ်း အမျိုးမျိုး၏ ရှေ့တော်ပြေးဖြစ်သော သုခမိန်၏ သင်္ဂြိုဟ်အင်းစောက် တီထွင်ခြင်း၏ ကျေးဇူးတရားကို သင်္ဂြိုဟ်လေ့လာသူတိုင်း သိကြမည်ဖြစ်သည်။ စိတ်ယှဉ်၊ စေတသိက်ယှဉ်များတွင် မျက်စေ့ လည်လောက်အောင် ရှုပ်ထွေးလေရာ၊ အင်းစောက်နှင့် မပြက အရှုပ်ပြေမည်မဟုတ်ဘဲ လုံးထွေးနေတတ်သည်။ သုခမိန်ကြီး၏ ကျေးဇူးကား ကြီးပေစွ။

ပုစ္ဆာ ၂၆ တွင် ဟိန္ဒူနတ်သမီးဆူရာဝရီသည် သူရဿတီအမည်ဖြင့် ပိဋကတ် တော်ထဲသို့ ရောက်ရှိလာသည်ကို ပုစ္ဆာပြုထားသည်။ ဗုဒ္ဓကျမ်းစာများထဲသို့ ရောက်ရှိနေသော ဟိန္ဒူအယူဝါဒကို ယနေ့အထိ မရှင်းနိုင်သေးဘဲ ဖြစ်နေသည်ကို ထောက် ၍ သုခမိန်၏ ဉာဏ်အတိမ်အနက်ကို ခန့်မှန်းနိုင်သည်။

ပုစ္ဆာ ၂၂ တွင် ယိုးဒယားတွင် ချီစဉ်က ဆင်များကြောက်ရသော ညံသတ္တဝါ အကြောင်း မေးထားသည်။ ကြွက်သေတစ်ခု အရင်းပြု၍ "ရေဆင်ပြဿနာကြီး"ပေါ်လာ ရသော ယခုခေတ်အထိ သစ်လွင်တောက်ပဆဲ မေးခွန်းပင်တည်း။

ဤပုစ္ဆာများကို ထောက်၍ သုခမိန်၏ မေးခွန်းပုစ္ဆာများသည် 'တခေတ်ခံ'မဟုတ်၊ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုကြီး တည်တံ့နေသမျှ ကာလပတ်လုံး အကျိုးပြုနေသော အမေးပုစ္ဆာများ ဖြစ်သည်ကို မုချသိသာနိုင်ပေသည်။

mgyoe.com

mgyoe.com

အချို့ပုစ္ဆာများတွင် ရှာရှာဖွေဖွေ၊ ကတ်သီးကတ်သတ်အမေးဟု ထင်ရလောက်အောင် မေးတတ်သည်။ သုတေသနပြုတတ်သည်။ ပုစ္ဆာ ၉ တွင် သုခမိန်သည် သူ ထုလုပ်ကိုးကွယ်သည့် နာဠာဂိရိဆင်အောင်ဟန်ရုပ်ထုနှင့် ပတ်သက်၍ ဘုရားရှင်ရှေ့တွင် နာဠာဂိရိဆင် ရပ်နေလျှင် ရှင်အာနန္ဒာ၏ ရုပ်ပုံတော်ကို မည်သည့်နေရာက ထားရမည်ကို ကျမ်းဂန်နှင့်အညီ ဖြေရန်လျှောက်သည်။ ပုစ္ဆာ ၂၁ တွင် သုခမိန်သည် ဘုရားတည်မည်ကြံ၏။ ဘုရားကို အလယ်မှာထား၍ အသီတိရှစ်ကျိပ်က ဝဲယာ ၄၀ စီ နေရာချမည်။ ထိုအခါ အသီတိတို့ကို ဝါစဉ်အလိုက် ရှေ့နောက်ရံထားရန်အတွက် ဝါစဉ်အမည်၊ နာမဖြင့်ခွဲခြားပြရန် မေးထားသည်။ ဤမေးခွန်းမျိုးမှာ စာပေကျမ်းဂန်တွင် ရှာဖွေမည်ဆိုက မခဲယဉ်းလှသော်လည်း သုခမိန်သည် သံသယကင်းစေရန် မေးသည်ဟု ယူဆရသည်။ ဆရာတော်၏ အဖြေတိုင်းလည်း တကယ်လက်တွေ့ သူလုပ်သည်၊ တည်သည်ကို တွေ့ရသည်။ မိမိပြုလုပ်သည့် ကောင်းမှုကို ပို၍ စိတ်ချခိုင်လုံစေလိုသော သုတေသန စေတနာမျိုးသာ ဖြစ်သည်။

ဘုရားဟော ကာလာမသုတ်လာအတိုင်း သုခမိန်သည် ရှေးပညာရှိတို့ဆိုတိုင်းလည်း လက်မခံ၊ ကျမ်းဂန်လာသည်ဟု ဆိုရုံဖြင့်လည်း မကျေနပ်သေး၊ အများက လက်ခံထားကြပါသည် ဆိုရုံနှင့်လည်း မရောင့်ရဲနိုင်သေးသော သုခမိန်သည် ရှေးသူဟောင်းတို့ စကားစဉ်၊ ကျမ်းဂန်လာ အချက်အလက်၊ ပညာရှိတို့ အဆိုအမိန့်များထဲမှ ဘဝင်မကျနိုင်သော အချက်များ၊ သံသယဝင်ဘွယ်အချက်များကို စောဒကတက်၍ ဆရာတော်အား ဖြေရှင်းပေးရန် လျှောက်သည်။ တစ်နည်းအားဖြင့် ကုန်းဘောင်ခေတ်ဦး စာပေဝေဖန်ရေးလည်း မည်သည်။

လျှောက်ထုံး ပုစ္ဆာ ၁၁ အပိုဒ် ၃ ၌ "ဝေဿန္တရာဇာတ်တွင် သုသညာကောင်းသော ကျင်ငယ်ကြောင်းလည်း ရှိထသောဟု တွေ့သည်။ ဤသည်မှာ ဘုရားအလိုကျ ဟုတ်ဟန်မရှိ။ အဋ္ဌကထာဆရာတို့ အယူလိုက်၍ မြန်မာပြန်သည်ထင်ပါသည်"ဟု အဋ္ဌကထာဆရာတို့အား ဝေဖန်သည်။ တောင်တွင်း ဆရာတော်က သုသညာကောင်းသော လက္ခဏာရှိကုန်သောဟု မြန်မာပြန်ပေးလိုက်သည်။

ယင်းပုစ္ဆာ အပိုဒ်ခွဲ ၄ တွင် "ဣက္ခဏိကာ ပိနတ်ဝင်မတို့သည်လည်းကောင်း" "ဝါရုဏိဝ၊ နတ်ဝင်မကဲ့သို့"ဟုလည်းကောင်း တွေ့ရသည်။ လူတို့တွင် လူကိုနတ်ဝင်သည်ဟူ၍မရှိ၊ သို့သော် ဇာတ်တော်တွင် နတ်ဝင်သည်ဟူ၍ အဋ္ဌကထာဆရာတို့ မြန်မာပြန်လေသည်။ ဆရာတို့ မြန်မာအပြန်လွန်သည်ဟု ယူဆမိလေသည်။ သုခမိန်သည် ပြတ်ပြတ်သားသားပင် "မြန်မာအပြန်လွန်သည်"ဟု ဝေဖန်သည်။ "အရမ်းဘာသာမပြန်နဲ့"ဟူသော

mgyoe.com

ခေတ်သစ်ဝေဖန်ရေး၏ ရှေ့ပြေးဝေဖန်ရေးပင်တည်း။

ပုဏ္ဏာ ၁၂ ပိုဒ်ခွဲ ၁ တွင် "သီတင်းကျွတ်လပြည့်နေ့ ဝါကျွတ်ကြောင်း၊ လပြည့်ကျော် တစ်ရက်နေ့ ဝါကျွတ်ကြောင်း ပညာရှိတို့ ထင်သည့်အလျှောက် ကျမ်းရိပ်၊ ဂန်ရိပ်၊ ပါဒ်ပဒ အသွယ်သွယ်ဆို၍ စကားမရှင်းမလင်းသောကြောင့် အတပ်မသိတာပါ" ဝေဖန်ရေးသမား ကြီး သုခမိန်သည် ကျမ်းတကိုင်ကိုင်၊ ပေတလှန်လှန်လုပ်ပြီး ကျန်းဂန်နှင့် ကိုင်ပေါက်နေ သော ပညာရှိတို့ကို "ကျမ်းရိပ်၊ ဂန်ရိပ်"ဟု အမြင်မတည့်သည့်အတိုင်း "ရိပ်"၍ ဝေဖန်ထား သည်မှာလည်း တော်ရုံတန်ရုံ၊ ယုံကြည်ချက်သတ္တိဖြင့် မဝေဖန်ရဲသော အချက်ဖြစ်သည်။ ပညာရှိတို့ကျမ်းဂန်တတ်တိုင်း ပြဿနာကလေးကို ပြဿနာကြီးလုပ်နေသည်ဟု ထင်လေ ရော့သလား မသိ။ "ပါဒ်ပဒ အသွယ်သွယ်ဆို၍ စကားမရှင်းမလင်း"ဟု လိုရင်း ရောက် အောင် မတင်ပြနိုင်သော ပညာရှိတို့ အဆိုကို တည့်တည့်ကြီးပင် ဝေဖန်သည်။

ပုဏ္ဏာ ၁၂၊ အပိုဒ်ခွဲ ၄ တွင် "မြတ်စွာဘုရားသည် တာဝတိံသာတွင် ဝါဆိုသည့် အခါ ဥတ္တရကုရုကျွန်းမှာ ဆွမ်းခံသည်။ အနဝရတ်အိုင်အနီးတွင် ဆွမ်းဘုန်းပေးသည်ဟု ဆိုသည်။ ဝေဠုဝန်၊ ဇေတဝန်ကျောင်းတွင် အာရုံခံသည်ဟု ဆိုသည်။ တာဝတိံသာမှ ဇေတဝန်သို့ အာရုံခံလာတော်မူလျှင် ဥတ္တရကုရုကျွန်းတွင် နံနက် ဆွမ်းခံမိဖွယ်မရှိပါ။ ဇမ္ဗူဒီပါကျွန်း၌ မွန်းမတည့်မီ တစ်နာရီတွင် ဥတ္တရကုရုကျွန်း၌ ညဉ့်လေးနာရီမတီးမီ တစ်နာရီ(အလို)ဟု တွက်ရေရခဲ့သည်။ ဥတ္တရကုရုကျွန်းမှာ နေထွက်မှ ဆွမ်းခံတော်မူလျှင် လည်း အနဝတတ်အိုင်သည် ဇမ္ဗူဒီပါနယ်ဝင်ဖြစ်၍ အနဝရတ်သို့ ရောက်ချိန်သည် ည သန်းခေါင် ဖြစ်နေပါမည်။" ဤမေးခွန်းကိုထောက်၍ ကျမ်းဂန်ပါဠိလာရှိသော်လည်း သဘာဝယုတ္တိမတန်လျှင် သုခမိန်သည် လက်မခံချင်။ ဘုရားတန်ခိုးတော်ကို သံသယဖြစ်၍ မဟုတ်ကြောင်းကို ပဏာမခံ၍ မေးမြန်းထားလေရာ၊ ဆရာတော်က တာဝတိံသာနတ်ပြည် ၌ပင် အာရုံခံတော်မူသည်။ အရုဏ်တက်ပြီးမှ အနဝတတ်အိုင်မှာ မျက်နှာတော်သစ်၍ မြောက်ကျွန်း(ဥတ္တရကုရု)သို့ ဆွမ်းခံတော်မူသည်ဟု သာမန်ဖြေသည်။ ကျမ်းအကိုးအကား အာဂမယုတ္တိမဆောင်နိုင်သဖြင့် သုခမိန်သည် သည်ဆရာတော်၏အဖြေကို ဘဝင်ကျမှ ကျပါလေစဟု တွေးရသည်။

ပုဏ္ဏာ ၁၉ တွင် "အာ၊ သော၊ မာ၊ ဝ" စသော အက္ခရာကို သိကြားမင်းရေးသည်ဟု အများက ယုံကြည်ပြောဆိုနေကြသည်ကိုလည်း မယုံကြည်နိုင်သဖြင့် ဆရာတော်အား သိကြားမင်းရေးခြင်း ဟုတ်မဟုတ် မေးမြန်းထားသည်။

ပုဏ္ဏာ ၂၀ တွင် ဘုရားဓာတ်တော်များ အရောင်အဆင်းနှင့်ပတ်သက်၍ သင်္ဂါယနာ ဝင် ကျမ်းကြီးကျမ်းခိုင်တို့၌ ပါရှိသည်ကို တောင်ဖီလာဆရာတော်သည် မတွေ့မမြင်

mgyoe.com

mgyoe.com
ဖြစ်ခဲ့သည်ဟု ဝေဖန်သည်။ တောင်တွင်းဆရာတော်ကပင်လျှင် ပိဋကတ်သုံးပုံကို ဆောင်နိုင်သော အရှင်မဟာသုမနတို့ပင် သတိမမူမိသောအခါ အမှားဆိုမိတတ်၍ ပညာရှိတို့၏ စိုးစဉ်းအမှားကို ကျမ်းဂန်မတတ်ဟု အပြစ်မတင်သင့်ကြောင်း၊ မှားတတ်သည့် သဘောကို ဝန်ခံရင်း ရှင်းလင်းပြခဲ့ရသည်။

သုခမိန်က ဆစ်ပိုင်းပြီး စောဒကတက် ဝေဖန်လာသောအခါ ဆရာတော်ကပင် ယေဘုယျအဖြေကိုပေး၍ နှစ်သိမ့်ရသည်။ ထို့ကြောင့် ဓမ္မသတ်နှင့် ပတ်သက်သော အဖြေတွင် တောင်တွင်းဆရာတော်က "ဓမ္မသတ်သာမဟုတ်၊ ဗေဒင်ကျမ်းအစောင်စောင်တို့မှာလည်း ညီညွတ်သည့်အရာလည်း ညီညွတ်၏။ မညီညွတ်သည့် အရာလည်း အများပင်ရှိသည်။ ဗေဒင်သာမဟုတ်သေး ပိဋကတ်ကျမ်းတို့မှာလည်း အဋ္ဌကထာ၊ ဋီကာ၊ အနု၊ ဂဏ္ဌိရကျမ်းမျိုး အစောင်စောင်တို့မှာလည်း ညီညွတ်သည်လည်း ရှိ၏။ မညီညွတ်သည့် အရာများမှာ အကြောင်းအကျိုးတန်သည်၊ မတန်သည်။ ဥပမာ၊ ဥပမေယျသင့်သည်၊ မသင့်သည်။ ယုတ္တိဒဋ္ဌိ ညီသည်၊ မညီသည်များကို ထောက်ထား ဆင်ခြင်၍ ယူရသည်"ဟု ကျမ်းဂန်များအဆို မညီညွတ်က မည်သို့ယူရမည်ကို ညွှန်ပြသည်။

ဤသို့ ကျမ်းဂန်များ တစ်ခုနှင့်တစ်ခု မညီညွတ်သည်ကို သတိမပြုမိသော ပညာရှိတို့အနေဖြင့် လက်ဝဲနော်ရထာ၏ အချို့သော ပုစ္ဆာများမှာ မမေးထိုက်၊ မမေးသင့်သော ကလေးကလားပုစ္ဆာများ၊ ကျမ်းဂန်၊ ဋီကာ၊ အဘိဓာန်တို့ကို လှန်ကြည့်လိုက်ရုံဖြင့် သိနိုင်သော ပုစ္ဆာများကို မေးဘိသည်ဟု အပြစ်ဆိုဖွယ် ရှိသည်။

သို့သော် အထက်ပါ ဆရာတော်၏ အဖြေနှင့် လက်ဝဲနော်ရထာ၏ ဘဝပတ်ဝန်းကျင်ကို ထည့်သွင်း စဉ်းစားမိလျှင် ဤလို လွယ်ကူသော ပုစ္ဆာမျိုးကို လက်ဝဲနော်ရထာ အဘယ်ကြောင့် ပုစ္ဆာကြီးလုပ်၍ မေးမြန်းရသည်ကို သဘောပေါက်လိမ့်မည်။

ပညာရှိ မင်းတိုင်ပင်အမတ်ကြီးတစ်ဦးအနေဖြင့် မမေးသင့်ဟု ယူဆနိုင်သော ပုစ္ဆာကလေးများမှာ–

| | | |
|---|---|---|
| ပုစ္ဆာ | (၁) | တွင် အလှူဒါနအကျိုးကို အမျှဝေလျှင် သေသူ–ရ/မရ။ |
| ပုစ္ဆာ | (၂) | တွင် နတ်နှင့်လူ–တွေ့နိုင်/မတွေ့နိုင်။ |
| ပုစ္ဆာ | (၂) | တွင် ကမ္ဘာတစ်သိန်းကျော်လျှင် ပြုခဲ့သောကံ ပျောက်/မပျောက်။ |
| ပုစ္ဆာ | (၆) | တွင် ကာမေသု မိစ္ဆာစာရကံ ထိုက်ပုံ။ |
| ပုစ္ဆာ | (၁၈) | တွင် သုရာမေရယကံထိုက်ပုံ။ |
| ပုစ္ဆာ | (၁၁) | တွင် ပါရမီဖြည့်ရာတွင် မျက်လုံးကိုထုတ်၍ လှူခဲ့သော |

mgyoe.com

အလှူသည် ကြယ်တို့ အရေအတွက်မျှ ဟုတ်/မဟုတ် တို့ ဖြစ်သည်။

ဤနေရာတွင် သုခမိန်၏ဘဝပတ်ဝန်းကျင်ကို ထည့်ကြည့်မှုဖြစ်မည်။ သုခမိန်၏ ဘဝပတ်ဝန်းကျင်တွင် ရှိသူတို့အနက် ထင်ရှားသူများမှာ သူ၏ဆရာ၊ တောင်တွင်းဆရာတော်၊ အလောင်းမင်းတရားကြီးနှင့် အလောင်းမင်းတရားကြီး၏ ဆရာ သာသနာပိုင် အတုလဆရာတော်တို့ ဖြစ်သည်။

အလောင်းမင်းတရားကြီးသည် တိုင်းပြည် တည်ထောင်ဦးအစတွင် လောကဓမ္မ ရာဇကြောင်းဆိုင်ရာ ပြဿနာအရပ်ရပ်ကို သူ့ဆရာ အတုလဆရာတော်အား မေးမြန်း လျှောက်ထားခဲ့သည်။ ဤသို့ အလောင်းမင်းတရားကြီးက မေး၍ အတုလဆရာတော် အဖြေများကို စုပေါင်းပြီး "နန်းစဉ်ပုစ္ဆာ အမေး–အဖြေကျမ်း"ဟု ရှိသည်။

ယင်းကျမ်းတွင် အလောင်းမင်းတရားကြီး မေးမြန်းလျှောက်ထားသော ပုစ္ဆာ အများအပြားအနက် အောက်ပါပုစ္ဆာတို့မှာ လက်ဝဲနော်ရထာ၏ လျှောက်ထုံးတွင် ပဲ့တင် လာသည်ကို တွေ့ရသည်။

| | | |
|---|---|---|
| ပုစ္ဆာ | (၃) | တွင် ဘုရားလောင်း၏ မျက်လုံး အလှူသည် ကြယ်အရေ အတွက်ထက် များသလော။ |
| ပုစ္ဆာ | (၈) | တွင် ကမ္ဘာတစ်သိန်းကျော်လွန်လျှင် ကံအကျိုးပေးနိုင်သေး သည်/မပေးနိုင်သည်။ |
| ပုစ္ဆာ | (၂၅) | တွင် အမျှဝေလျှင် သေသူကုသိုလ်ရ/မရ။ |
| ပုစ္ဆာ | (၄၆) | တွင် ကာမေသုမိစ္ဆာကံ ထိုက်ပုံ။ |

နန်းစဉ်ပုစ္ဆာ အမေးအဖြေလာ ပုစ္ဆာအမှတ် ၃ သည်၊ လက်ဝဲနော်ရထာ လျှောက်ထုံးပါ ပုစ္ဆာအမှတ် ၁၁ နှင့် မေးခွန်းချင်းတူနေသည်။ အလောင်းမင်းတရားကြီး၏ အမေးကို ဖြေရာတွင် အတုလဆရာတော်က အဋ္ဌသာလိနီ အဋ္ဌကထာနှင့် သီဝလိဇာတ် တော်ကို ကိုးကား၍ လှူလိုသော စေတနာကို လက်ဖျစ်တစ်တွက်အတွင်း ကုဋေတစ်သိန်း ဖြစ်နိုင်သောကြောင့် ကြယ်အရေအတွက်ထက် သာ၏ဟု ဖြေသည်။

ဤအဖြေကို ဘဝင်မကျနိုင်သော သုခမိန်သည် ဤပုစ္ဆာကိုပင် တောင်တွင်းဆရာ တော်အား မေး၍ ဆရာတော်က ဖြေဆိုရာတွင် အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ၅၅၀ ဇာတ်တော်တို့ကိုသာမက ပါရမီခန်းပျို့၊ အနုဋီကာနှင့် ဇကေနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ တို့ကို ကိုးကား၍ "ဘုရားရှင်ကို မဆိုလင့်ဦး ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန်တို့ပင် ဘဝမခြား ငါးရာတိုင်တိုင် ရသေ့ရဟန်းပြု၍ ပါရမီကို ဖြည့်ရသည်။ ... လူဖြစ်၍ ပါရမီ

mgyoe.com
ကို ဖြည့်ရသောဘဝကား မရေတွက်နိုင်ရှိသည်ဟု ကေနိပါတ် အဂ္ဂုတ္တရအဋ္ဌကထာတွင် ဆိုသည်"ဟု ပြတ်ပြတ်သားသား အာဂမယုတ္တိဖြင့် ဖြေဆိုတော်မူသည်။ ဤအဖြေ ၂ ရပ်ကို ဆင်ခြင်ဝေဖန်ကြည့်လျှင် လက်ဝဲနော်ရထာသည် အဘယ်ကြောင့် ဤမေးခွန်းကို မေးမြန်းခဲ့သည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားလှပါပေသည်။

နန်းစဉ်ပုစ္ဆာ အမေးအဖြေလာ ပုစ္ဆာ ၈ သည် လက်ဝဲနော်ရထာ လျှောက်ထုံးလာ ပုစ္ဆာ ၂၊ အပိုဒ်ခွဲ ၄ နှင့် တစ်ထပ်တည်းဖြစ်သည်။ နန်းစဉ်ပုစ္ဆာတွင် အလောင်းမင်းတရားက ကုသိုလ်ကံ အကုသိုလ်ကံသည် ကမ္ဘာတစ်သိန်းထက်လွန်၍ အကျိုးပေးနိုင်/မပေးနိုင် မေးမြန်းရာ အတုလဆရာတော်က "အပရာပရိယဝေဒနာယကံသည်ကား အကျိုးကို မပေးသေးလျှင် နေသေးသည်သာ နိဗ္ဗာန်သို့တိုင်မှ အဟောသိကံဖြစ်သည်။ ကုသိုလ်ကိုသာ အပရာပရိယဝေဒနာယကံဟု မှတ်တော်မူရသည်"ဟု ကုသိုလ်ကံကိုသာ ဖြေသည်။ ထို့ကြောင့်ပင်လျှင် အတုလဆရာတော် ခြွင်းချန်ခဲ့သော "အကုသိုလ်သည် ကမ္ဘာတစ်သိန်းထက်လွန်၍ အကျိုးပေးနိုင်/မပေးနိုင်"ဟု လက်ဝဲနော်ရထာက ပါရမီခန်းပျို့ကို အကိုးအကားပြု၍ မေးသည်။ တောင်တွင်းဆရာတော်က "ကုသိုလ်ကံ၊ အကုသိုလ်ကံ မည်သည် ပျောက်သည်ဟူ၍မရှိ၊ အခွင့်သာလျှင် ကမ္ဘာတစ်သိန်း၊ ကမ္ဘာအကုဋေပင် ကြာသော်လည်း အကျိုးပေး၏"ဟု ကုသိုလ်၊ အကုသိုလ် ၂ ပါးစလုံး ခြုံငုံမိအောင် ဖြေသည်။ ဖြေပုံဖြေနည်းမှာလည်း အတုလဆရာတော်ထက် ရှင်းလင်းပြတ်သားလှ၏။

နန်းစဉ်ပုစ္ဆာအမှတ် ၂၅ တွင် အလောင်းမင်းတရားကြီးက "သားသေ၏ အမိသည် သားကို စားဖွယ်အလို့ငှာ အလှူပေးစေချင်လျှင် ဘဝတစ်ပါးသို့ ပြောင်းသွားလေသော သားသေသည် ခံစားရသည်"ဆိုသည်မှာ ဟုတ်မဟုတ် အမေးပြုသည်။ အတုလဆရာတော်က "အမိပြုသော ကုသိုလ်ကံသည် အမိ၏နောက်သို့သာ လိုက်သည်။ အမိ၏ကောင်းမှုကို ဘဝတစ်ပါးသို့ ပြောင်းသွားသော သားသည် အနုမောဒနာ ဝမ်းမြောက်ခြင်းဟုဆိုအပ်သော ကမ္မပထ ကုသိုလ်ကံသာလျှင် သေသောသား၏နောက်သို့ လိုက်၍ အကျိုးပေးလေသည်။ ကံကိုလည်း သစ်သီးဟင်းရွက်ကဲ့သို့ ဖွဲ့၍ဝေရန် အကြောင်းမရှိ"ဟု ဖြေသည်။

ယင်းပုစ္ဆာကိုပင် လက်ဝဲနော်ရထာ လျှောက်ထုံးပုစ္ဆာ(၁)တွင် မေးထားသည်ကို တောင်တွင်းဆရာတော်က သာဝတ္ထိပြည် ဇာဏုဿောဏိပုဏ္ဏားက ဘုရားသခင်အား လျှောက်ထားသောထုံးကို သာဓကဆောင်ပြီး (၁) ရည်မှန်း၍ ပေးလှူသည်လည်းဖြစ်စေ၊ (၂) အမျှဝေသည်လည်း ဖြစ်စေ၊ (၃) အနုမောဒနာခေါ်သည်လည်းဖြစ်စေ၊ ဤအကြောင်း သုံးပါး ညီညွတ်မှသာလျှင် အလှူဒါနအကျိုးကို သေသူခံစားရသည်ဟု မေးခွန်းကို
mgyoe.com

mgyoe.com
ပြေလည်သည်အထိ ဖြေဆိုသည်။ ဤအဖြေ ၂ ရပ်တွင် အနုမောဒနာကို ဆရာတော် ၂ ပါးစလုံး၏ အဖြေတွင် ပါသည်ချည်း ဖြစ်၏။ တောင်တွင်းဆရာတော်က ရည်မှတ်ပေးသော အလှူ၊ အမျှဝေခြင်းဟူ၍ တိကျသောချက် ၂ ရပ် ပိုရုံမက ဘုရားဟော သုတ္တံကို သာဓကအဖြစ် ညွှန်ပြ၍ ဖြေဆိုနိုင်သဖြင့် အတုလဆရာတော်ထက် ဓမ္မကြောင်း၊ ပိဋကတ်ကို ကျွမ်းကျင်နိုင်နင်းကြောင်းကို တွေ့ရသည်။

နန်းစဉ်ပုစ္ဆာ အမေးအဖြေပုစ္ဆာ ၄၆ တွင် ကာမေသုမိစ္ဆာကံထိုက်ကြောင်း အမေးတော်ရှိရာ အတုလဆရာတော်က သူတစ်ဦးပိုင်သော မယားကိုပစ်မှားလျှင် ကာမေသုမိစ္ဆာကံ ထိုက်သည်။ ယောကျ်ား၏ကာမကို မယားက မပိုင်သောကြောင့် လင်ခိုးလျှင် ကာမေသုမိစ္ဆာကံမမြောက်ဟု ဖြေသည်။ လက်ဝဲနော်ရထာလည်း ဤပြဿနာကိုပင် ခင်ကြီးပျော်အား ပုစ္ဆာ(၇)တွင် မေးလျှောက်သည်။ တောင်တွင်းဆရာတော်ကလည်း အတုလဆရာတော် နည်းတူပင် ဖြေ၏။ သို့သော် တောင်တွင်းဆရာတော်က ကာမေသုမိစ္ဆစာရကံထိုက်အံ့သော မိန်းမ အပြား ၂၀ ကို တစ်ခုစီရေတွက်ပြ၏။ ယင်းကံမြောက်ရာဖြစ်သော အင်္ဂါ ၄ ပါးကိုလည်း တစ်ပါးစီရေတွက်ပြ၏။ ထပ်၍ စာဒကတက်ဖွယ်မကျန်အောင် ဖြေတော်မူသော အဖြေဖြစ်၏။ ထိုအဖြေအရဆိုလျှင် အတုလဆရာတော်၏ အဖြေသည် မပြည့်စုံသော စာဒကတက်နိုင်သေးသော အဖြေဖြစ်သည်ကို တွေ့ရ၏။

ထို့ကြောင့်ပင် အတုလဆရာတော် အမှုးပြုသော အတင်ဂိုဏ်း ဆရာတော်တို့သည် "ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်မကျနု၊ ဝိနည်းမတတ်ကျွမ်းကြ၊ မင်းနှင့်အကျွမ်းဝင် ရာဇဝလ္လဘဖြစ်၍သာ ဆရာတော်ဖြစ်ကြသည်"ဟု ရှေးပညာရှိတို့ မှတ်ချက်ချသည်။

အထက်ပါ အချက်များကိုထောက်၍ လက်ဝဲနော်ရထာ၏ ပုစ္ဆာများအနက် အချို့ပုစ္ဆာများသည် သူ၏ပတ်ဝန်းကျင် ဖန်တီးလှုံ့ဆော်မှုအရ ပေါ်ထွက်လာရသော ပုစ္ဆာများဖြစ်သည်ကို တွေ့ရသည်။ ကျမ်းပြီးနိဂုံးတွင် သုခမိန်သည် အဘယ်ကြောင့်မေးအပ်သည်ကို တိုက်ရိုက်ဖော်ပြထားသည်မှာ "နိဝါတေန၊ နှိမ့်ချထသော။ ဝါမာနုရုဒ္ဓနာမေန၊ လက်ဝဲနော်ရထာအမည်ရှိသော။ ဝါ၊ တစ်နည်းကား ဖေယျာသူရကိတ္တိချာတေန၊ စည်သူကျော်ထင်အမည်ရှိထသော။ နိမလဗုဒ္ဓိနံ၊ အညစ်အကြေးကင်းသော ပညာလည်းရှိထသော။ ယေန အမစ္စေန၊ အကြင်အမတ်သည်။ သဗ္ဗဂဏ္ဌိသို့ဓိ၊ ခပ်သိမ်းသော ခက်ရာခက်ဆစ်၌ လည်းကောင်း။ သံသယော၊ ယုံမှားရှိသည်ကို ပုစ္ဆာတော်မေးအပ်၏။"ဟူသတည်း။

## လက်ဝဲနော်ရထာမေး ပလိုင်းဆရာတော် အဖြေကျမ်း

ဤအမေးအဖြေ လျှောက်ထုံးမှာ ပေမူ၌သာ ရှိသေးသည်။ ဖြေဆိုသော
mgyoe.com

mgyoe.com
ဆရာတော်မှာ အရုဂိုဏ်းမှ ပလိုင်းရှင်သူဇာဖြစ်၍ အလောင်းမင်းတရားကြီးလက်ထက် မေးခဲ့ဟန်တူသည်။ အမျိုးသားစာကြည့်တိုက်တွင် တွေ့ရသော ပေမူအရ ဘုရင်၏အမိန့်ဖြင့် လက်ဝဲနော်ရထာ မေးမြန်းလျှောက်ထားသော ပုစ္ဆာ ၅ ပုဒ်ကို တစ်ကြိမ်တည်း လျှောက်ထားခြင်းဖြစ်သည်။ ထိုအထဲတွင် ခြင်္သေ့နှင့်ပတ်သက်သော ပုစ္ဆာပါသည်။ ထို့ကြောင့်ပင် လောမသီ၊ မြန်မာစာဂုဏ်ကျော်မြင့်က "ခြင်္သေ့အဖြေ"ကျမ်းဟု ခေါ်ထားသည်။ လျှောက်ထုံးမှာ လောကအကြောင်းသာ များကြောင်း တွေ့ရသည်။

## စည်သူကျော်ထင် လျှောက်ထုံး

တိမ်မြုပ်နေသော အခြားလျှောက်ထုံးတစ်ခုမှာ လက်ဝဲနော်ရထာ ရရှိခဲ့သော ဘွဲ့တစ်ခုဖြစ်သည့် ကျော်ထင်နော်ရထာ လျှောက်ထုံးဖြစ်သည်။ သက္ကရာဇ် ၁၁၂၅ ခုနှစ်အတွင်း လျှောက်သော ပုစ္ဆာများဖြစ်၍ ဖြေဆိုသူမှာ ဆရာတော် အရှင်နန္ဒမာလာဖြစ်သည်။ ပေမှာ ကမှစ၍ ဂိမှာဆုံးပြီး လောကကြောင်း၊ ဓမ္မကြောင်းနှင့် ပတ်သက်သော လျှောက်ထုံးများဖြစ်သည်။ (မှတ်ချက်။ ။ ယင်းပေမူမှာ စာရေးဆရာ စိန္တကျော် ခေါင်ခေါ် ပခုက္ကူ သျှင်ရေဝတထံရှိသည်ဟု ရှင်ရေဝတထံမှ သိရသည်။ အထက်ပါလျှောက်ထုံးနှင့် ပတ်သက်သော အချက်အလက်များမှာလည်း ရှင်ရေဝတထံမှ ကျေးဇူးပြုချက်အရ သိရခြင်းဖြစ်သည်။)

## နေမျိုးသီရိဇေယျကျော်ထင် လျှောက်ထုံး

အခြားတိမ်မြုပ်နေသော လျှောက်ထုံးတစ်ခုမှာ နေမျိုးသီရိဇေယျကျော်ထင် လျှောက်ထုံးဟုဆိုသော လျှောက်ထုံးဖြစ်သည်။ ရှေးဟောင်းသုတေသနစာကြည့်တိုက်တွင် ညောင်ကန်ဆရာတော်အဖြေဟူ၍ ပေတစ်ဆူအနေဖြင့် ရှိသည်။ ယင်းပေမူမှာ ၉ ကြောင်းပေ၊ ဖ အင်္ဂါ ၁၀ ချပ်ရှိ၍ ၁၁၂၇ မှ ၁၁၃၃ အတွင်း မေးမြန်းသော ပုစ္ဆာများဖြစ်သည်။ စာရေးသူ သုခမိန် လက်ဝဲနော်ရထာက "ညောင်ကန်ဆရာတော်နှင့် အတွင်းဝန်မင်း နေမျိုးသီရိ ဇေယျကျော်ထင်၊ (လက်ဝဲနော်ရထာရခဲ့သော ဘွဲ့အမည်တစ်ခု) လျှောက်သော အမေးအဖြေပြဿနာ"ဟု ရေးသားခဲ့သည်။

ယင်းအမေးအဖြေတွင် ပုစ္ဆာပေါင်း ၁၇ မျိုးဖြစ်ပြီး တစ်မျိုးလျှင် အပိုဒ်ခွဲမေးခွန်းပေါင်း ၃–၄ ခု ပါသည်။ ထို့အပြင် အမြင့်မင်းသား သတိုး ဥယောဇနာ၊ ဆင်ဖြူရှင်ယောက္ခမ၊ ဆင်ဖြူရှင်စေသော ၃ ကြိမ်၊ ဘုရင့်ထံဆက်သော မေတ္တာစာ ၂ ပုဒ်တို့ ပါဝင်သည်။ အမေးပုစ္ဆာတို့ကား လောက၊ ဓမ္မ၊ ရာဇအကြောင်း စုံလင်၏။ အဖြေဆရာတော်
mgyoe.com

mgyoe.com
မှာ ပခန်းဇာတိ၊ ဗုဒ္ဓရက္ခိတ မဟာသာမိဘွဲ့ရ ညောင်ကန်ဆရာတော် ဖြစ်သည်။

အမေးပုစ္ဆာများကား လက်ဝဲနော်ရထာ လျှောက်ထုံးမှာကဲ့သို့ပင် လောက၊ ဓမ္မ၊ ရာဇအကြောင်း အတော်အသင့် စုံလင်စွာပါသည်။ ဝတ်မိုး ဝတ်မြေ ပြဿနာ၊ ဓမ္မသတ်ဖြတ်ထုံး၊ တရုတ်စစ်သည်တို့အား အောင်မြင်ခြင်း၊ အသံ ၁၀ ပါးနှင့် နှီးနွှယ်သောအချက်များ၊ ရှင်လောင်း၊ ပဥ္စင်းလောင်း တို့အား စာမေးကြည့်ရာနှင့် ပတ်သက်၍လည်းကောင်း၊ ဆင်ဖြူတော်နှင့် စပ်လျဉ်း၍လည်းကောင်း သက်ဆိုင်သောပုစ္ဆာများ ဖြစ်သည်။

## လက်ဝဲနော်ရထာ သံတော်ဦးတင်ပုံစာတမ်း

ပထမ မုံရွေးဆရာတော်ပြုစုခဲ့သော "မင်းလက်ဝဲနော်ရထာ သံတော်ဦးတင်ပုံစာတမ်း"ကို တွေ့ရသည်။ ရှင်ဝိစိတ္တဘွဲ့ရှိသော ပထမ မုံရွေး မဟာဇေဝန်ဆရာတော်ဘုရားသည် နောင်အခါ ဇေတဝန်ကျောင်း ဒါယကာဖြစ်လာမည့် သူဌေးဦးပု၏ တောင်းပန်မှုအရ မုံရွေးသို့ ၁၁၂၅ ခုတွင် ကြွရောက်သီတင်းသုံးသည်။ ထိုစဉ်က ဇေတဝန်ကျောင်း မဆောက်ရသေးပေ။

မိဂပဒဝဠဥ္စနနည်းဖြင့် သမင်ခြေရာကောက်ကြည့်သောအခါ ဒုတိယမုံရွေး ဇေတဝန်ဆရာတော် အရိယာဝံသအာဒိစ္စရံသီ ပြုစုတော်မူခဲ့သော "မင်းလက်ဝဲ နော်ရထာ သံတော်ဦးတင်ပုံစာတမ်း"ကို တွေ့ရသည်။ ဆရာတော်သည် သက္ကရာဇ် ၁၁၃၇ တွင် မဟာဇေတဝန်ကျောင်းသမိုင်းကို ပြုစုပြီးနောက် ရတနာမဏိဘုရားသမိုင်း၊ မင်းလက်ဝဲနော်ရထာ သံတော်ဦးတင်ပုံ စာတမ်း စသည်တို့ကို ပြုစုခဲ့သည်ဟု သိရသည်။ လက်ဝဲနော်ရထာ၏ လျှောက်ထုံးအမျိုးမျိုးတို့သည် အလောင်းမင်းတရားလက်ထက်မှ ဘိုးတော်မင်းအထိ အစဉ်လိုက်ရှိသည့်အနက် သက္ကရာဇ် ၁၁၃၃ မှ ၁၁၄၅ အတွင်း ၁၂ နှစ်ပြတ်နေရာ မုံရွေးဇေတဝန် ဆရာတော်ပြုစုသော "မင်းလက်ဝဲနော်ရထာ သံတော်ဦးတင်စာတမ်း" မှာ ဤကွက်လပ်တွင် ပေါ်ပေါက်ခဲ့သော စာတမ်းဖြစ်၍ တစ်ဆက်တည်းသော လျှောက်ထုံးပင်ဖြစ်မည်ဟု တွက်ဆရသည်။ လျှောက်ခြင်းနှင့် သံတော်ဦးတင်ခြင်းတို့၏ အနက်အဓိပ္ပာယ်မှာလည်း အတူတူပင် ဖြစ်သည်။ ထိုကာလအတွင်း မင်းလက်ဝဲနော်ရထာသည် မုံရွေးဆရာတော်နှင့် အဆက်အသွယ်ပြုပြီး စာပေလေ့လာမှုများ ပြုလျက်ရှိသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ယင်း သံတော်ဦးတင် စာတမ်းမှာလည်း လက်ဝဲနော်ရထာ၏ လျှောက်ထုံးတစ်ခုပင် ဖြစ်တန်ရာသည်။ ထိုကွင်းဆက်ပြတ်နေသော ကာလအတွင်း ဆရာတော်နှင့် သုခမိန်တို့ စာပေမေးမြန်း ဆွေးနွေးလျှောက်ထားပုံ တစ်ခုကိုကား အောက်ပါအတိုင်း သဲလွန်စရ၏။

mgyoe.com